# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝင် (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက် | ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာ ၁၃ ရက်၊ သောကြာနေ့ | အတွဲ (၆၀)၊ အမှတ် (၀၄၄)






နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် video conferencing စနစ်ဖြင့် ကျင်းပသည့် (၃၇) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ ပါဝင်တက်ရောက်စဉ်။ သတင်းစဉ်

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## video conferencing စနစ်ဖြင့် ကျင်းပသည့် (၃၇) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ ပါဝင်တက်ရောက်

## အာဆီယံခေါင်းဆောင်များက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား အထွေထွေရွေးကောက်ပွဲတွင် အောင်မြင်မှုရရှိခဲ့သည့်အတွက် ဝမ်းမြောက်ဂုဏ်ပြုကြောင်း ပြောကြား

နေပြည်တော် နိုဝင်ဘာ ၁၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ နံနက် ၈ နာရီတွင် video conferencing စနစ်ဖြင့် ကျင်းပပြုလုပ်သည့် (၃၇) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၏ ဖွင့်ပွဲအခမ်းအနားနှင့် (၃၇) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၏ မျက်နှာစုံညီအစည်းအဝေးတို့သို့ နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပါဝင်တက်ရောက်သည်။

(၃၇) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၏ ဖွင့်ပွဲအခမ်းအနားတွင် ဗီယက်နမ် ယဉ်ကျေးမှုအဖွဲ့က အနုပညာအကများဖြင့် ဖျော်ဖြေတင်ဆက်ပြီးနောက် အာဆီယံသီချင်းကို သီဆိုသည်။ ထို့နောက် ဗီယက်နမ် ဆိုရှယ်လစ် သမ္မတနိုင်ငံ သမ္မတ Mr. Nguyen Phu Trong က ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် ဝန်ကြီးချုပ် Mr. Nguyen Xuan Phuc က အဖွင့်အမှာစကားများပြောကြား၍ (၃၇) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကို ဖွင့်လှစ်သည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❑

**"ပထဝီမဟာဗျူဟာ အခင်းအကျင်းပြောင်းလဲနေခြင်းနှင့် အင်အားကြီး နိုင်ငံများအကြား တင်းမာမှုမြင့်တက်လာခြင်းတို့ကို ထိရောက်စွာ ရင်ဆိုင်တုံ့ပြန်နိုင်ရန်အတွက် အာဆီယံအနေဖြင့် အဖွဲ့အစည်းအတွင်း စည်းလုံးညီညွတ်မှုနှင့် ပြင်ပ၏ တည်ငြိမ်အေးချမ်းမှုတို့ကို တိုးမြှင့် ဖော်ဆောင်သွားရန် လိုအပ်"**

၉-၁၁-၂၀၂၀ မှ ၁၂-၁၁-၂၀၂၀ ရက်နေ့ ည ၈ နာရီအထိ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်မှ အတည်ပြုထုတ်ပြန်သည့် အနိုင်ရပါတီစာရင်း

*ပြည်တွင်းသတင်း* စာ ၁၃

၂၀၂၀ ရွေးကောက်ပွဲဖြင့် နိုင်ငံ့ဂုဏ် မြင့်ခဲ့ပါပြီ

*ဆောင်းပါး* စာ ၂၂


KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

## မြန်မာ့အလင်း

# ပြည်သူ့မျှော်လင့်ချက်များ အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရေး

၂၀၂၀ ပြည့်နှစ်၏ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများ ပြီးစီးခဲ့ပြီ။ မဲစာရင်းများကို ဆက်လက်ရေတွက်နေဆဲဖြစ်သော်လည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် နေရာအများစုတွင် အနိုင်ရရှိသည်ဟု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ထုတ်ပြန်ကြေညာချက်များအရ သိနေရပြီ ဖြစ်ပါသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ကိုယ်စားပြုသည့် ပြည်သူ့ကိုယ်စားလှယ်များသည် လွှတ်တော်အသီးသီးတွင် နေရာယူကြတော့မည်။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တို့က သုံးဦးသော ဒုသမ္မတများကို ရွေးချယ်တင်မြှောက်ကြမည်။ ထိုမှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏သမ္မတကို ရွေးချယ်တင်မြှောက်မည်။ နိုင်ငံတော်သမ္မတကဦးဆောင်ကာ ပြည်ထောင်စုဝန်ကြီးအသီးသီး ပါဝင်သော ပြည်ထောင်စုအစိုးရအဖွဲ့ကို ဖွဲ့စည်းမည် ဖြစ်ပါသည်။

ယင်းတို့အနက်က ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာနတို့အတွက် ပြည်ထောင်စုဝန်ကြီးများကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ အမည်စာရင်း ရယူခန့်အပ်မည်။

အနိုင်ရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင်များသည် ဝန်ကြီးဌာန နေရာအသီးသီးအတွက် သင့်လျော်မည့် ပြည်ထောင်စုဝန်ကြီးများကို စိစစ်လျာထားနေရတော့မည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့အတွက် ဝန်ကြီးချုပ်များနှင့် အစိုးရအဖွဲ့ကို ထိုနည်းလည်းကောင်းပင် စတင်စိစစ်ပြင်ဆင်နေပေမည်။

ပြည်သူလူထုက မိမိတို့ ယုံကြည်အားကိုးသည့် ကိုယ်စားလှယ်များကို ရွေးချယ်ပြီးသည်၏နောက် မိမိတို့၏ ကိုယ်စားလှယ်များက နိုင်ငံ့အရေးကို တာဝန်ကျေကျေ ထမ်းရွက်ကြရန် မျှော်လင့်နေကြပြီ။

နိုင်ငံရေးပါတီနှင့် ပြည်သူ့ကိုယ်စားလှယ်တို့၏ တာဝန်များက ကြီးလေးမည်။ အဘက်ဘက်က အားနည်းခဲ့ရသော နိုင်ငံတော်ကို ပြန်လည်ထူမတ်နိုင်ရေးအတွက် ထက်မြက်ထိရောက်သော၊ ထိုးဖောက်နိုင်စွမ်းသော ပေါ်လစီအသစ်များ၊ လုပ်ငန်းစဉ်နှင့် နည်းလမ်းများကို ချမှတ်ရေးဆွဲကာ အကောင်အထည်ဖော်ကြရပေတော့မည်။ လုပ်ပိုင်ခွင့်များ၊ တာဝန်များကြီးမားလာသည်နှင့်အမျှ ပြည်သူလူထု၏ အကျိုးကို အကောင်းဆုံးမည်သို့ ဆောင်ရွက်ကြမည်နည်းဆိုသည်က ပဓာနအကျဆုံး ဖြစ်လာတော့မည်။ ပြည်သူ့ဘဏ္ဍာငွေများကို ပြည်သူ့အကျိုးအတွက် အထိရောက်ဆုံးဖြစ်စေရန် မည်သည့်နေရာများတွင် မည်သို့အသုံးချမည်နည်းဆိုသည့် အစီအမံများ ခန့်ခွဲမှုများကို စတင်ပြင်ဆင်ရေးဆွဲ ကြရတော့မည် စသည်ဖြင့် ပြည်သူလူထုက လွှတ်တော်ကိုယ်စားလှယ်များပေါ် ယုံကြည်မှုဖြင့် မျှော်လင့်နေကြပြီ။

မြန်မာပြည်သူလူထုသည်ကား များပြားလှသော အတွေ့အကြုံများအရ နိုင်ငံရေးရာအဆုံးအဖြတ်များ၏ အရေးပါမှုနှင့် နိုင်ငံရေး၏ အရေးပါမှုကို ကောင်းကောင်းနားလည်ကြသူများ ဖြစ်ပါသည်။ ထိုသို့ နားလည်ပါးနပ်သူများဖြစ်သည်နှင့်အညီ ဒီမိုကရေစီစနစ်၏ တန်ဖိုးနှင့် ရွေးကောက်ပွဲ၏ အရေးပါမှုကို သိရှိစွာ မဲပေးခဲ့ကြသည်။ နိုင်ငံတစ်ဝန်းရှိ မဲရုံများတွင် ကိုဗစ်ဖိုင်းရပ်စ်ရောဂါ၏ အန္တရာယ်ကြားကပင် မိမိမဲ မကျန်ရစ်စေရအောင် သူ့ထက်ငါ မဲပေးကြသူ အများအပြား ဖြစ်ခဲ့ပါသည်။ မဲပေးပြီးသည့်နောက် မိမိတို့ မဲပေးရွေးချယ်ခဲ့သော ရလဒ်များအရ ဖွဲ့စည်းလာမည့် လွှတ်တော်ကိုယ်စားလှယ်အသီးသီးနှင့် အစိုးရအဖွဲ့တို့ကို မျှော်ကြသည်။

ရွေးကောက်ပွဲမဲစာရင်းများ၏ နောက်ဆုံးအဆင့်ကို ယခုရက်ပိုင်းတွင် ကြေညာပြီးမည်ဟု သိရပါသည်။ အခြေခံဥပဒေအရ ဖေဖော်ဝါရီတွင် လွှတ်တော်များ ခေါ်ယူကာ မတ်လကုန်တွင် အစိုးရအဖွဲ့ ဖွဲ့မည် ဖြစ်ပါသည်။

မြန်မာပြည်သူတို့၏ အတွေးအယူ၊ အဆုံးအဖြတ်၊ မျှော်လင့်ချက်အားလုံးသည် ရိုးရိုးစင်းစင်းပင်။

မဲပေးမည်။ ရွေးချယ်လိုက်သော ကိုယ်စားလှယ်များကို ယုံကြည်ခဲ့သည့်အတိုင်း မျှော်လင့်မည်။ တိုင်းပြည် ငြိမ်းချမ်းသည်ကို မြင်လိုလှပြီ။ ပြည်ထောင်စုနိုင်ငံစစ်စစ်ဖြစ်စေချင်ပြီ။ တိုင်းရင်းသားများ ချစ်ကြည်စွာ၊ တန်းတူညီစွာ အေးအတူပူအမျှ နေလိုကြသည်။ မိမိတို့မိသားစုများ၏ နေ့စဉ်ဘဝများကို လုံလုံခြုံခြုံ ရှင်သန်ချင်သည်။ စားဝတ်နေရေး ပြေလည်ဖူလုံ၊ နိုင်ငံတကာ အလယ်တွင် ဂုဏ်သိက္ခာရှိရှိဖြင့် တင့်တင့်တယ်တယ် ဖြစ်လိုသည်။ အနာဂတ် မျိုးဆက်များ၏ ဘဝတွေကို စိတ်ချချင်သည်။

ထိုရည်မှန်းချက်များကို မိမိတို့ မဲပေးရွေးချယ်လိုက်သော ကိုယ်စားလှယ်များက ကြိုးစားတာဝန်ယူမည်ဟု ယုံကြည်ကြသည်။ ထိုပြည်သူ့မျှော်မှန်းချက်များ၊ လုပ်ငန်းစဉ်များကို အမြန်ဆုံး အကောင်အထည်ဖော်နိုင်ပါစေရန်လည်း ဆုမွန်တောင်းနေကြမည်ဟု ယုံကြည်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပညာရေးဝန်ကြီးဌာန၊ လေ့လာဆန်းစစ်အကဲဖြတ်ရေးအဖွဲ့(သုတေသန) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုင်းကျော်နိုင်ဦးကို နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

## မိုးကောင်း၌ အခြေခံလူတန်းစားများအား စတုတ္ထအကြိမ် ထောက်ပံ့

မိုးကောင်း နိုဝင်ဘာ ၁၂

ကချင်ပြည်နယ် မိုးကောင်းမြို့၌ ပုံမှန်ဝင်ငွေမရှိသည့် အခြေခံလူတန်းစားများအား စတုတ္ထအကြိမ် ထောက်ပံ့ငွေပေးအပ်ပွဲကို ယနေ့မွန်းလွဲ ၂ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရန်နိုင်ထွန်းက အမှာစကားပြောကြားကာ မိုးကောင်းမြို့နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသည့် အခြေခံလူတန်းစားအိမ်ထောင်စု ၁၄၁၀၄ စုအတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ်နှစ်သောင်းနှုန်းဖြင့် နိုင်ငံတော်မှ ထောက်ပံ့သည့် ထောက်ပံ့ငွေကျပ် ၂၈၂၀ ဒသမ ၈ သိန်းအား ပေးအပ်ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

## ပန်နန်းဒင်မြို့အဝင် နမ့်တမိုင်လူကူးကြိုးတံတားသစ်ဆောက်လုပ်မှု ၉၅ ရာခိုင်နှုန်းခန့်ပြီးစီး

ပန်နန်းဒင် နိုဝင်ဘာ ၁၂

ကချင်ပြည်နယ် ပူတာအိုခရိုင် ပန်နန်းဒင်မြို့ မြို့အဝင်ရှိ နမ့်တမိုင်ချောင်းကူးကြိုးတံတားမှာ မိုးအဆက်မပြတ်ရွာသွန်းပြီး တောင်ကျချောင်းရေများ မြင့်တက်လာမှုကြောင့် စက်တင်ဘာ ၂၃ ရက်က မျောပါပျက်စီးသွားခဲ့သည်။

ယင်း နမ့်တမိုင် လူကူးကြိုးတံတားကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဒေသခံများ၏ တင်ပြတောင်းဆိုမှုအရ ဆောက်လုပ်ပေးထားခြင်းဖြစ်ပြီး အရှည်ပေ ၃၆၀ ၊ အကျယ် ၆ ပေခန့်ရှိ ပျဉ်ခင်းလူကူးကြိုးတံတားအမျိုးအစားဖြစ်သည်။



အဆိုပါမျောပါပျက်စီးသွားသည့် ကြိုးတံတားကို စက်တင်ဘာလနောက်ဆုံးပတ်မှစ၍ ပျဉ်ခင်းကြိုးတံတားသစ် ပြန်လည်ဆောက်လုပ်လျက်ရှိရာ ယခုအခါ ၉၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း ပန်နန်းဒင်မြို့လမ်းဦးစီးဌာန အင်ဂျင်နီယာ ဦးဇော်ရာဆင်ထံမှ သိရသည်။

ထိုနမ့်တမိုင် ချောင်းကူး ကြိုးတံတားမှာ ယခုတွင် ဆိုင်ကယ်နှင့် လူများသာ တံတားပေါ်မှ ဖြတ်သန်းသွားလာနိုင်ပြီး ယာဉ်ငယ်များမှာ ပန်နန်းဒင် တစ်ဖက်ကမ်းအထိသာ သွားလာနိုင်သောကြောင့် ပန်နန်းဒင်မြို့ဘက်ကမ်းထိ ယာဉ်ငယ်များ ဖြတ်သန်းသွားလာနိုင်သော ကြိုးတံတားသစ်ဆောက်လုပ်ပေးပါက ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစသော အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာမည်ဟု မျှော်လင့်ကြောင်း ဒေသခံ ဦးဖေရမ်နှင့် ဦးရမ်ဆားရ်တို့က ပြောကြားသည်။

**နောယော်ဘော်(ပြန်/ဆက်)**

## ရွှေသွေးဂျာနယ်ထွက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၂

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

နိုဝင်ဘာလ ၁၄ ရက် (စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် ကျောင်းမှန်မှန်တက်ပြီး စာကြိုးစားတော့မည်ဆိုသော ငွေတိုးအကြောင်းကို ရေးဖွဲ့ထားသည့် "ငွေတိုးလေး လိမ္မာပါပြီ" မျက်နှာဖုံးကာတွန်း၊ ခန္ဓာကိုယ်ခုခံအားကောင်းပြီး ကျန်းမာကြံ့ခိုင်ရန်အတွက် နေ့စဉ် အစားအစာများတွင် ဟင်းသီးဟင်းရွက် သစ်သီးဝလံများကို မျှမျှတတ ပါဝင်အောင် စားသုံးရမည်ဖြစ်ကြောင်း တင်ဆက်ထားသည့် "ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံတွေ စားသုံးကြပါစို့" သုတဆောင်းပါး၊ ကလေးတို့ကိုယ်တိုင် ပါဝင်ဆောင်ရွက်နိုင်မည့် "ဆေးရောင်လှလှခြယ်ရအောင်" ကဏ္ဍ၊ ခေါင်းမူးနောက်နောက် ဖြစ်နေသော သူငယ်ချင်းအား ခေါင်းကြည်သွားရန် သူငယ်ချင်းတစ်ဦးမှ အကြံပေးပုံအကြောင်း ရေးဖွဲ့ထားသည့် "ပေါက်ကျော်- လန်းမှာလား၊ ပန်းမှာလား" နှစ်မျက်နှာကာတွန်း၊ အမှန်တကယ်မဟုတ်ဘဲ မိမိကိုယ်မိမိ သူဌေးသားပမာ ဟန်ဆောင်ပြောဆိုပြုမူနေမိသော ဇော်ဇော်အကြောင်းကို ပညာပေးရေးဖွဲ့ထားသည့် "လျှာဖျားထက်က ပြစ်မှုတစ်ခု" ကလေးဝတ္ထုတိုကဏ္ဍတို့အပါအဝင် မြန်မာစကားပုံကဏ္ဍ၊ ရွှေသွေးစကားဝိုင်း၊ ဉာဏ်စမ်း၊ ကဗျာကဏ္ဍာစုံလင်စွာဖြင့် ဖတ်စရာမှတ်စရာများ ပါရှိကြောင်း သိရှိရသည်။

**သတင်းစဉ်**





ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှင်းဆီမှူးကြာ ဂျာနယ် ထွက်ရှိ
၁၅-၁၁-၂၀၂၀ ရက်နေ့ထုတ် အတွဲ(၁၇)၊ အမှတ်(၂၂)တွင်
- စားသုံးဆီအတွက် ရေရာအောင် နေကြာကိုသေချာစိုက်ပါ
- နှမ်းအထွက်နှုန်းကောင်းစေမည့် နည်းလမ်းများ
- ကြက်သွန်နီ ဒေါင်းနီမှိုရောဂါ ကာကွယ်နှိမ်နင်းပါ
- ကျွဲ နွား သိုး ဆိတ် မွေးမြူရေးအတွက် အစာစီမံခန့်ခွဲမှု(၉)
- ဝက်မွေးမြူရေး စတင်လုပ်ကိုင်ရာတွင် စဉ်းစားသင့်သည့်အချက်များ
- လေဖြတ်နိုင်သည့် ရှေ့ပြေးလက္ခဏာနှင့် ဘဝနေထိုင်နည်း
- ကိုယ်ခံစွမ်းအားကို မြှင့်တင်ပေးနိုင်သော အစားအစာများ
- မြတ်နိုးဂုဏ်ယူဖွယ်ရာ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာအပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သုတရသစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ပါသည်။
တစ်စောင် (၂၀၀) ကျပ်
အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။
DKY Journal


## တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ

နေပြည်တော် နိုဝင်ဘာ ၁၂

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

❑ *ရှေ့ဖုံးမှ*

(၃၇) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၏ မျက်နှာစုံညီ အစည်းအဝေးတွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ ဖြစ်သည့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် Mr. Nguyen Xuan Phuc က သဘာပတိအဖြစ် ဆောင်ရွက်ပြီး၊ ထိပ်သီးအစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် ကမ္ဘောဒီယားနိုင်ငံ... ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်တို့ ပါဝင်တက်ရောက်ကြသည်။ ထိပ်သီးအစည်းအဝေးတွင် အာဆီယံခေါင်းဆောင်များက အာဆီယံအသိုက်အဝန်းတည်ထောင်ရေးဆိုင်ရာ ကြိုးပမ်းဆောင်ရွက်မှုများ၊ အာဆီယံ၏ ပြင်ပဆက်ဆံရေး၊ အာဆီယံ၏အချက်အချာကျမှု ဆက်လက်ထိန်းသိမ်းရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာ ကိစ္စရပ်များအပေါ်တွင် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**ဝမ်းမြောက်ဂုဏ်ပြုကြောင်း ထည့်သွင်းပြောကြား**

ထို့ပြင် အာဆီယံခေါင်းဆောင်များက ၂၀၂၀ ပြည့်နှစ်အတွင်း အာဆီယံကို အောင်မြင်စွာ ဦးဆောင်မှုပေးနိုင်ခဲ့သည့်အတွက် ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်အား ချီးကျူးဂုဏ်ပြုကြောင်းနှင့် မြန်မာနိုင်ငံတွင် မကြာသေးမီက ကျင်းပပြုလုပ်ခဲ့သည့် အထွေထွေရွေးကောက်ပွဲတွင် အောင်မြင်မှုရရှိခဲ့သည့်အတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား ဝမ်းမြောက်ဂုဏ်ပြုကြောင်း ထည့်သွင်းပြောကြားခဲ့ကြသည်။

**အာဆီယံ၏ အချက်အချာကျမှုကို ဆက်လက်ထိန်းသိမ်း**

အစည်းအဝေးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မိန့်ခွန်းတစ်ရပ်ပြောကြားရာ၌ ပထဝီမဟာဗျူဟာ အခင်းအကျင်းပြောင်းလဲနေခြင်းနှင့် အင်အားကြီးနိုင်ငံများအကြား တင်းမာမှုမြင့်တက်လာခြင်းတို့ကို ထိရောက်စွာ ရင်ဆိုင်တုံ့ပြန်နိုင်ရန်အတွက် အာဆီယံအနေဖြင့် အဖွဲ့အစည်းအတွင်း စည်းလုံးညီညွတ်မှုနှင့် ပြင်ပ၏ တည်ငြိမ်အေးချမ်းမှုတို့ကို တိုးမြှင့်ဖော်ဆောင်သွားရန် လိုအပ်ကြောင်း၊ သဘောထားကွဲပြားမှုမြင့်တက်ပြီး မဟာမိတ်အုပ်စုအသစ်များ တည်ထောင်ရန် ကြိုးပမ်းမှုများရှိလာချိန်တွင် အာဆီယံ၏စည်းလုံးညီညွတ်မှုနှင့် အချက်အချာကျမှုတို့ကို ပိုမိုတိုးတက်ခိုင်မာစေရန် အရေးကြီးကြောင်း၊ အာဆီယံ၏မျှော်မှန်းချက်ဖြစ်သော ပြင်ပကိုမျှော်ကြည့်သည့် အာဆီယံအသိုက်အဝန်းကို ထူထောင်ရာတွင် ပြင်ပဆက်ဆံရေးသည် အရေးပါသည့် မဏ္ဍိုင်တစ်ရပ်ဖြစ်ရာ အာဆီယံနှင့် မိတ်ဖက်ဆက်ဆံရေးထူထောင်လိုသည့် နိုင်ငံများ တိုးတက်များပြားလာခြင်းကို စီမံဆောင်ရွက်နိုင်ရန်နှင့် အာဆီယံဦးဆောင်သည့် ယန္တရားများတွင် အာဆီယံ၏ အချက်အချာကျမှုကို ဆက်လက်ထိန်းသိမ်းရန် အရေးကြီးကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

**အတူတကွပူးပေါင်းဆောင်ရွက်**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ရခိုင်အရေးကိစ္စနှင့် ပတ်သက်၍ မလေးရှားဝန်ကြီးချုပ်၏ ဆွေးနွေးချက်အပေါ် တုံ့ပြန်ပြောကြားရာတွင် နိုင်ငံတစ်ဝန်း၌ ဘေးကင်းလုံခြုံမှု၊ တရားမျှတမှုနှင့် အသိုက်အဝန်းများအကြား သဟဇာတရှိမှုတို့ကို ဖော်ဆောင်ရေးအတွက် မြန်မာအစိုးရအနေဖြင့် အကောင်းဆုံး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နေရပ်စွန့်ခွာသူများ၏ အရေးကိစ္စကို ဖြေရှင်းရာတွင် မိမိတို့အနေဖြင့် အတူတကွပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ နိုင်ငံဖြတ်ကျော်ရာဇဝတ်မှုကျူးလွန်သူများသည် နည်းပညာကိုအလွဲသုံးစားပြု၍ COVID-19 ကြောင့် ဖြစ်ပေါ်လာသည့် ပုံမှန်အနေအထားသစ်နှင့်အညီ အလျင်အမြန်ပြုပြင်၍ လှုပ်ရှားမှုများ ပြုလုပ်လာနိုင်သည့်အတွက် လူကုန်ကူးမှုပြဿနာသည် ဒေသအတွက် အန္တရာယ်ကြီးမားနေဆဲဖြစ်ကြောင်း၊ မည်သည့်ပုံသဏ္ဌာန်ဖြင့်ဖြစ်စေ လူကုန်ကူးမှုပြဿနာကို သည်းခံခွင့်လွှတ်ခြင်း ပြုရမည်မဟုတ်သကဲ့သို့ ရခိုင်အရေးကိစ္စနှင့် အတွင်းကျကျ ဆက်စပ်မှုရှိနေသည့် အကြမ်းဖက်ဝါဒ (Terrorism) ကိုလည်း မည်သည့်နည်းနှင့်မျှ လက်ခံခြင်းမပြုကြရန် လိုအပ်ကြောင်း၊ အကြမ်းဖက်ဝါဒသည် ရခိုင်ပြည်နယ်ရှိ အသိုက်အဝန်းများအကြား သဟဇာတရှိမှုကို ပျက်ပြားစေခဲ့သည့်အလျောက် အသိုက်အဝန်းများကို ပိုမိုကွဲပြားမှုဖြစ်ပေါ်စေသည့် အကြမ်းဖက်လုပ်ရပ်များနှင့် ယင်းတို့၏ ဝါဒဖြန့်မှုများကို ရပ်တန့်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းနှင့် နှစ်ဦးနှစ်ဖက် အကျိုးစီးပွားနှင့် စိုးရိမ်ပူပန်မှုတို့နှင့် သက်ဆိုင်သည့် အဆိုပါပြဿနာများကို ဖြေရှင်းရာတွင် အတူတကွ ပူးပေါင်းဆောင်ရွက်ကြရန် အရေးကြီးကြောင်း အလေးထားပြောကြားခဲ့သည်။ ထို့ပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မကြာသေးမီက မြန်မာနိုင်ငံ၌ အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့သည့် အထွေထွေရွေးကောက်ပွဲ၏ ရလဒ်နှင့်ပတ်သက်၍ မိမိအား ဝမ်းမြောက်ဂုဏ်ပြုကြောင်း ထုတ်ဖော်ပြောဆိုခဲ့ကြသည့်အတွက် အာဆီယံခေါင်းဆောင်များကို ကျေးဇူးတင်ရှိကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

**ကျင်းပပြုလုပ်ခဲ့**

(၃၇) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၏ မျက်နှာစုံညီအစည်းအဝေးအပြီးတွင် အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် အခြေပြမြေပုံ (၂၀၂၅) ၏ ကာလလယ် သုံးသပ်ချက်နှင့် အာဆီယံ၏ ဘက်စုံပြန်လည် ထူထောင်ရေးမူဘောင်တို့ကို တရားဝင်ထုတ်ပြန်ခြင်းနှင့် အာဆီယံဒေသတွင်း ဆေးပစ္စည်းအထောက်အပံ့များ သိုလှောင်ထားရှိမှုစတင်ခြင်းဆိုင်ရာ အခမ်းအနားကို ကျင်းပပြုလုပ်ခဲ့သည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ကိုယ်စား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပသည့် (၂၃) ကြိမ်မြောက် အာဆီယံ-တရုတ်ထိပ်သီးအစည်းအဝေး၊ (၂၃) ကြိမ်မြောက် အာဆီယံ-ဂျပန်ထိပ်သီးအစည်းအဝေး၊ (၂၁) ကြိမ်မြောက် အာဆီယံ-ကိုရီးယားထိပ်သီးအစည်းအဝေး၊ (၁၇) ကြိမ်မြောက် အာဆီယံ-အိန္ဒိယထိပ်သီးအစည်းအဝေးနှင့် အာဆီယံ အမျိုးသမီးခေါင်းဆောင်များ၏ ထိပ်သီးအစည်းအဝေးတို့သို့ ပါဝင်တက်ရောက်ဆွေးနွေးခဲ့သည်။ ဆွေးနွေးဖက်နိုင်ငံများနှင့် ကျင်းပပြုလုပ်သည့် ထိပ်သီးအစည်းအဝေးများတွင် ခေါင်းဆောင်များက အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်မည့် အခြေအနေများနှင့် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ (၂၃) ကြိမ်မြောက် အာဆီယံ- ဂျပန် ထိပ်သီးအစည်းအဝေးတွင် အရေးပေါ်ပြည်သူ့ကျန်းမာရေးနှင့် ရောဂါအသစ်များဆိုင်ရာ အာဆီယံဗဟိုဌာနကို ထူထောင်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

**ပါဝင်တက်ရောက်**

ကျင်းပပြုလုပ်သည့် အာဆီယံအမျိုးသမီးခေါင်းဆောင်များ၏ ပထမဆုံးအကြိမ် ထိပ်သီးအစည်းအဝေးကို ညနေပိုင်းတွင် ဆက်လက်ကျင်းပရာ အစည်းအဝေးသို့ အာဆီယံခေါင်းဆောင်များ၊ နယ်သာလန်နိုင်ငံဘုရင်မ၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ဘဏ္ဍာရေးဆိုင်ရာ အထူးအကြံပေးအရာရှိ၊ ကမ္ဘာ့ဘဏ်၏ဒုတိယဥက္ကဋ္ဌ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများရှိ ကဏ္ဍအသီးသီးမှ အမျိုးသမီးခေါင်းဆောင်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ ပါဝင်တက်ရောက်ကြသည်။

*စာမျက်နှာ ၄ သို့*




နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် video conferencing စနစ်ဖြင့် ကျင်းပသည့် (၃၇) ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးသို့ ပါဝင်တက်ရောက်စဉ်။ သတင်းစဉ်

❑ **နိုင်ငံတစ်ဝန်း၌ ဘေးကင်းလုံခြုံမှု၊ တရားမျှတမှုနှင့် အသိုက်အဝန်းများအကြား သဟဇာတရှိမှုတို့ကို ဖော်ဆောင်ရေးအတွက် မြန်မာအစိုးရအနေဖြင့် အကောင်းဆုံးကြိုးပမ်းဆောင်ရွက်လျက်ရှိ**

❑ **နေရပ်စွန့်ခွာသူများ၏ အရေးကိစ္စကို ဖြေရှင်းရာတွင် မိမိတို့အနေဖြင့် အတူတကွ ပူးပေါင်းဆောင်ရွက်သွားကြရန်လို**

❑ **နိုင်ငံဖြတ်ကျော်ရာဇဝတ်မှုကျူးလွန်သူများသည် နည်းပညာကိုအလွဲသုံးစားပြု၍ COVID-19 ကြောင့် ဖြစ်ပေါ်လာသည့် ပုံမှန်အနေအထားသစ်နှင့်အညီ အလျင်အမြန်ပြုပြင်၍ လှုပ်ရှားမှုများပြုလုပ်လာနိုင်သည့်အတွက် လူကုန်ကူးမှုပြဿနာသည် ဒေသအတွက် အန္တရာယ်ကြီးမားနေဆဲဖြစ်**

❑ **မည်သည့်ပုံသဏ္ဌာန်ဖြင့်ဖြစ်စေ လူကုန်ကူးမှုပြဿနာကို သည်းခံခွင့်လွှတ်ခြင်းပြုရမည် မဟုတ်သကဲ့သို့ ရခိုင်အရေးကိစ္စနှင့် အတွင်းကျကျ ဆက်စပ်မှုရှိနေသည့် အကြမ်းဖက်ဝါဒ (Terrorism) ကိုလည်း မည်သည့်နည်းနှင့်မျှ လက်ခံခြင်းမပြုကြရန်လို**

❑ **အကြမ်းဖက်ဝါဒသည် ရခိုင်ပြည်နယ်ရှိ အသိုက်အဝန်းများအကြား သဟဇာတရှိမှုကို ပျက်ပြားစေခဲ့သည့်အလျောက် အသိုက်အဝန်းများကို ပိုမိုကွဲပြားမှုဖြစ်ပေါ်စေသည့် အကြမ်းဖက်လုပ်ရပ်များနှင့် ယင်းတို့၏ ဝါဒဖြန့်မှုများကို ရပ်တန့်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းနှင့် နှစ်ဦးနှစ်ဖက် အကျိုးစီးပွားနှင့် စိုးရိမ်ပူပန်မှုတို့နှင့် သက်ဆိုင်သည့် အဆိုပါပြဿနာများကို ဖြေရှင်းရာတွင် အတူတကွ ပူးပေါင်းဆောင်ရွက်ကြရန် အရေးကြီးကြောင်း အလေးထားပြောကြားခဲ့**

စာမျက်နှာ ၃ မှ

### ပါဝင်ဆွေးနွေး

အဆိုပါထိပ်သီးအစည်းအဝေးသို့ ပြည်သူ့လွှတ်တော်ရေးရာ စွမ်းရည်မြှင့်တင်ရေးအကြံပေးအဖွဲ့ခေါင်းဆောင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စုစုလွင်သည် မြန်မာနိုင်ငံကိုယ်စားပြု အမျိုးသမီးခေါင်းဆောင်ကိုယ်စားလှယ်အဖြစ် ပါဝင်တက်ရောက်ခဲ့ပြီး၊ “COVID-19 အလွန်ကာလ၌ စည်းလုံးညီညွတ်၍ ရေရှည်တည်တံ့ခိုင်မြဲပြီး အားလုံးပါဝင်သည့် အာဆီယံအသိုက်အဝန်းတစ်ရပ်ကို ထူထောင်ရာတွင် အမျိုးသမီးများ၏အခန်းကဏ္ဍမြှင့်တင်ရေး” ခေါင်းစဉ်နှင့် ပတ်သက်၍ ပါဝင်ဆွေးနွေးခဲ့သည်။

### တက်ရောက်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ (၃၇) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၏ မျက်နှာစုံညီအစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်တို့လည်း ပါဝင်တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



ပြည်သူ့လွှတ်တော်ရေးရာ စွမ်းရည်မြှင့်တင်ရေးအကြံပေးအဖွဲ့ခေါင်းဆောင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စုစုလွင် အာဆီယံအမျိုးသမီးခေါင်းဆောင်များ၏ ပထမဆုံးအကြိမ် ထိပ်သီးအစည်းအဝေးတွင် ပါဝင်ဆွေးနွေးစဉ်။ သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း FACTI Panel High-level Regional Consultation သို့ တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၁၂**

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းသည် ယနေ့ ညနေ ၃ နာရီခွဲတွင် ကုလသမဂ္ဂ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် (UNESCAP) က ကြီးမှူး၍ Virtual Meeting ဖြင့် ကျင်းပသည့် High-Level Regional Consultation on International Financial Accountability, Transparency and Integrity for Achieving the 2030 Agenda (FACTI Panel) သို့ နေပြည်တော်ရှိ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ ပါဝင်တက်ရောက်သည်။

### မိန့်ခွန်းများ ပြောကြား

ဆွေးနွေးပွဲတွင် FACTI Panel ၏ တွဲဖက်သဘာပတိ နိုင်ဂျာနိုင်ငံ ဝန်ကြီးချုပ်ဟောင်း Ibrahim Assane Mayaki နှင့် ကုလသမဂ္ဂ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကောင်စီ (UNESCAP) ၏ Executive Secretary Ms. Armida Salgiah Alisjahbana တို့က အဖွင့်မိန့်ခွန်းများ ပြောကြားကြပြီး ပါကစ္စတန်နိုင်ငံ ဝန်ကြီးချုပ်၏ ဘဏ္ဍာရေးနှင့် အခွန်ဆိုင်ရာ Advisor Mr. Abdul Hafeez Sheike နှင့် နယူးဇီလန်နိုင်ငံ ကုန်သွယ်ရေးကောင်စီအသင်း ဥက္ကဋ္ဌ Richard Wagstaff တို့က Keynote Speech များ ပြောကြားသည်။

### ကုလသမဂ္ဂသို့ တင်သွင်း

ဆွေးနွေးပွဲတွင် ကုလသမဂ္ဂ၏ ၂၀၃၀ ပြည့်နှစ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ရည်မှန်းချက်များ ပြည့်မီရေးအတွက် ကြိုးပမ်းမှုတစ်ရပ်အနေဖြင့် FACTI Panel ၏ ကြားဖြတ်အစီရင်ခံစာ၌ သုံးသပ်တင်ပြထားသည့် financial accountability, transparency နှင့် integrity တို့နှင့် ဆက်နွှယ်နေသည့် ကိစ္စရပ်များ၊ နိုင်ငံအသီးသီးတွင် ကာလကြာရှည်စွာ တည်ရှိနေသည့် systematic shortcoming များ၊ ယင်းအားနည်းချက်များကို ဖြေရှင်းနိုင်ရေးအတွက် ဖြစ်နိုင်ခြေရှိသော နည်းလမ်းများ၊ နိုင်ငံတကာအသိုက်အဝန်းမှ လက်ခံနိုင်သည့် common understanding ရရှိနိုင်ရေးအတွက် ဆောင်ရွက်မည့်ကိစ္စရပ်များ စသည်တို့ကို တက်ရောက်လာကြသည့် နိုင်ငံတကာမှ Policy Makers များ၊ တတ်သိပညာရှင်များ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍတို့မှ အဆင့်မြင့်အရာရှိကြီးများက ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး ယင်းဆွေးနွေးချက်များကို အခြေခံ၍ Panel က ၎င်း၏ အပြီးသတ်အစီရင်ခံစာကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် ကုလသမဂ္ဂသို့ တင်သွင်းသွားမည်ဖြစ်သည်။

### စတင်ကျင်းပခဲ့ခြင်းဖြစ်

FACTI Panel ကို (၇၄) ကြိမ်မြောက်ကုလသမဂ္ဂအထွေထွေညီလာခံ သဘာပတိနှင့် (၇၅) ကြိမ်မြောက် ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေးကောင်စီ (ECOSOC) တို့မှ စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး စက်တင်ဘာ ၂၄ ရက်က ယင်း၏ကြားဖြတ် အစီရင်ခံစာကို ထုတ်ဝေခဲ့ခြင်းဖြစ်သည်။ Panel ၏ လက်ရှိပူးတွဲသဘာပတိများအဖြစ် နိုင်ဂျာနိုင်ငံ ဝန်ကြီးချုပ်ဟောင်း Mr. Ibrahim Assane Mayaki နှင့် လစ်သူရေးနီးယားနိုင်ငံ သမ္မတဟောင်း Ms. Dalia Grybauskaite တို့ဖြစ်ပြီး၊ နိုင်ငံတကာရှိ လုပ်ငန်းနယ်ပယ်အသီးသီးမှ အဆင့်မြင့်အရာရှိကြီး ၁၇ ဦးတို့က Panel Members များအဖြစ်ပါဝင်၍ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

### တက်ရောက်

ဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးမောင်မောင်ဝင်း၊ ဦးဆက်အောင်နှင့် ဒေါက်တာ မင်းရဲပိုင်ဟိန်း၊ အမြဲတမ်းအတွင်းဝန် ဦးထွန်းထွန်းနိုင်နှင့် ဌာနဆိုင်ရာအရာရှိကြီးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း FACTI Panel High-level Regional Consultation သို့ ပါဝင်တက်ရောက်စဉ်။ သတင်းစဉ်

◆ *ကျောဖုံးမှ*

အိမ်ထောင်စုများ စားဝတ်နေရေး အဆင်ပြေစေရန်အတွက် နိုင်ငံတော်အစိုးရက ထောက်ပံ့သော ထောက်ပံ့ငွေများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက် ဦးဆောင်၍ ရပ်ကွက်နှင့် ကျေးရွာအုပ်စု စာရေးဂန်ထမ်းများ၊ တာဝန်ရှိသူများက မြို့ပေါ်ရပ်ကွက် လေးရပ်ကွက်နှင့် ကျေးရွာအုပ်စုရှစ်အုပ်စုအတွင်းရှိ အခြေခံလူတန်းစား အိမ်ထောင်စု ၁၆၈ စုအတွက် တစ်အိမ်ထောင်လျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၃၃၆၀၀၀၀ အား ပြည်သူများ၏ လက်ဝယ် အရောက် ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။ **ဆန်းမြင့် (ပြန်/ဆက်)**

# ညအပူချိန်များအနည်းငယ် လျော့နည်းနိုင်

**နေပြည်တော် နိုဝင်ဘာ ၁၂**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များအနည်းငယ် လျော့နည်းနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# အင်းတော်မြို့နယ်တွင် ကျေးလက်စိမ့်စမ်းရေရရှိရေး ဆောင်ရွက်

**အင်းတော် နိုဝင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မဲဇာ၊ နန့်သဲ၊ ဟင်းနု (မြောက်)၊ ဟင်းနု (တောင်)၊ လယ်ဇင် ကျေးရွာများသို့ သွယ်တန်းထားရှိသော ကျေးလက်စိမ့်စမ်းရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျေးလက်စိမ့်စမ်းရေ ရရှိရေးလုပ်ငန်းအား ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်ထောင်စုရန်ပုံငွေမှ ငွေကျပ်၁၁၈ ဒသမ ၉ သန်း အကုန်အကျခံ ဆောင်ရွက်ထားရှိပြီး ရေဂါလန် ၅၀၀၀ ဆံ့ ရေစုကန် ၁၁ ကန်၊ ရေပိုက်လိုင်းကို လေးလက်မပိုက်ဖြင့် ပေ ၂၆၀၀၀၊ သုံးလက်မပိုက်ဖြင့် ပေ ၃၀၄၀၊ နှစ်လက်မပိုက်ဖြင့် ပေ၁၈၄၀၊ တစ်လက်မခွဲပိုက်ဖြင့် ပေ ၂၇၅၀ သွယ်တန်းထားရှိကြောင်း သိရသည်။

ရေပိုက်လိုင်း သွယ်တန်းပြီးစီးပြီဖြစ်သဖြင့် မဲဇာ၊ နန့်သဲ၊ လယ်ဇင်၊ ဟင်းနု (မြောက်)၊ ဟင်းနု (တောင်) ကျေးရွာနေပြည်သူများ စိမ့်စမ်းရေ ရရှိသုံးစွဲနိုင်ပြီဖြစ်ကြောင်း ကသာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးအောင်မြင့်သန်းက ပြောကြားသည်။

ခရိုင်ဦးစီးမှူးနှင့်အဖွဲ့သည် ကျေးရွာများသို့ သွယ်တန်းထားရှိသော စိမ့်စမ်းရေး ရရှိရေးလုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများ၊ စိမ့်စမ်းရေသွယ်တန်းထားရှိမှုမှ ရေထွက်နှုန်း တိုင်းတာခြင်း၊ လက်ရှိအခြေအနေအထိ ရေရရှိသုံးစွဲမှု အခြေအနေများအား ယနေ့ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **လူအောင် (ကသာ)**



# အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၂၃၆ / ၂၀၂၀ )
၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်
( ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၂ ရက် )

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄၉ (ခ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များ၏ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ ဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ |
|---|---|---|---|---|
| **ကချင်ပြည်နယ်** | | | | |
| (၁) | ဦးစိုးနိုင်ကျော် | ၁ / ရကန(နိုင်)၀၀၉၉၂၄ | အမှတ် ( ၃ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂) | ဒေါက်တာခင်မကြီး | ၁ / မကတ(နိုင်)၀၀၈၃၉၅ | အမှတ် ( ၆ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ကယားပြည်နယ်** | | | | |
| (၃) | ဦးဖြေရယ် | ၂ / လကန(နိုင်)၀၅၁၆၅၅ | အမှတ် ( ၁၁ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄) | ဦးခွန်ရွှေထီး(ခ)ဦးဆွေထီး | ၂ / လကန(နိုင်)၀၅၁၃၃၀ | အမှတ် ( ၁၂ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **တနင်္သာရီတိုင်းဒေသကြီး** | | | | |
| (၅) | ဦးကျော်ဇေယျာစိုး | ၆ / ရဖန(နိုင်)၀၅၇၂၄၂ | အမှတ် ( ၄ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၆) | ဦးဇော်ဟိန်း | ၆ / ကစန(နိုင်)၀၇၀၇၁၈ | အမှတ် ( ၇ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၇) | ဒေါ်သီတာ | ၆ / ကစန(နိုင်)၀၄၆၂၉၆ | အမှတ် ( ၈ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၈) | ဦးမြတ်ဖြိုးဝင်း | ၆ / ပလန(နိုင်)၀၀၃၃၀၅ | အမှတ် ( ၁၀ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၉) | ဦးတင်ဝေ | ၆ / မအရ(နိုင်)၀၂၈၄၆၃ | အမှတ် ( ၁၁ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၀) | ဦးမင်းဇော်တင့် | ၆ / မမန(နိုင်)၁၁၄၈၄၅ | အမှတ် ( ၁၂ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ပဲခူးတိုင်းဒေသကြီး** | | | | |
| (၁၁) | ဒေါက်တာဝင်းမြင့်ချစ် | ၇ / ပမန(နိုင်)၀၆၆၉၃၄ | အမှတ် ( ၈ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၂) | ဦးရဲမင်း | ၇ / ပတတ(နိုင်)၁၀၆၇၇၃ | အမှတ် ( ၁၀ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **မန္တလေးတိုင်းဒေသကြီး** | | | | |
| (၁၃) | ဒေါ်လှငွေး(ခ) ဒေါ်အုန်းကြည် | ၉ / မသန(နိုင်)၀၀၉၀၅၂ | အမှတ် ( ၁ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၄) | ဦးဆန်းဝင်း | ၉ / မမန(နိုင်)၀၄၄၂၀၃ | အမှတ် ( ၃ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၅) | ဦးဝင်းကိုဦး | ၅ / စကန(နိုင်)၀၈၈၀၃၂ | အမှတ် ( ၄ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၆) | ဦးအောင်မျိုးလတ် | ၉ / မခန(နိုင်)၁၅၈၉၁၂ | အမှတ် ( ၉ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ဧရာဝတီတိုင်းဒေသကြီး** | | | | |
| (၁၇) | ဦးစည်သူအောင် | ၁၄ / မအပ(နိုင်)၀၀၂၅၇၅ | အမှတ် ( ၆ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၈) | ဦးသန်းထွန်း | ၄ / တတန(နိုင်)၀၀၈၆၀၀ | အမှတ် ( ၇ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၉) | ဦးချမ်းငြိမ်းကျော် | ၁၄ / လပတ(နိုင်)၁၅၆၄၈၁ | အမှတ် ( ၁၀ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၀) | ဦးဇေယျာအေး | ၁၄ / အဂပ(နိုင်)၁၃၄၅၈၆ | အမှတ် ( ၁၁ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၁) | ဦးဝိုင်းမောင်စိုး | ၁၄ / ဇလန(နိုင်)၁၁၅၉၇၃ | အမှတ် ( ၁၂ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |

(ပုံ) လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၂၃၇ / ၂၀၂၀ )
၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်
(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၂ ရက်)

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၉(ခ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များ၏ တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ ဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **ကချင်ပြည်နယ်** | | | | |
| (၁) | ဦးဝေလင်း | ၁/မကန(နိုင်)၀၂၉၀၂၈ | မိုးကောင်း(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂) | ဒေါ်သီရိသွင် | ၁/မကတ(နိုင်)၀၆၂၇၃၀ | မိုးကောင်း(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ကယားပြည်နယ်** | | | | |
| (၃) | ဦးသက်နိုင်ထွန်း(ခ) ဦးသက်နောင်ထွန်း | ၂/လကန(နိုင်)၀၄၅၄၃၂ | လွိုင်ကော်(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄) | ဦးခင်မောင်ဖြူ(ခ) ဗျားဒူ | ၂/လကန(နိုင်)၀၀၈၇၅၂ | လွိုင်ကော်(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၅) | ဦးသိန်းအောင်(ခ) စဲရယ် | ၂/ဒမဆ(နိုင်)၀၂၀၄၅၇ | ဒီးမော့ဆို(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၆) | ဦးကော်ဖရီခင်ဦး | ၂/လကန(နိုင်)၀၂၈၃၄၉ | ဒီးမော့ဆို(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၇) | ဦးငွေအောင် | ၂/လကန(နိုင်)၀၀၆၅၅၁ | ဗမာ တိုင်းရင်းသား | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ကရင်ပြည်နယ်** | | | | |
| (၈) | ဒေါ်ဖြူစင်အိ(ခ) ဒေါ်အိအိမွန် | ၃/လဘန(နိုင်)၀၈၂၈၆၃ | လှိုင်းဘွဲ့(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၉) | ဦးစောချစ်ခင် | ၃/လဘန(နိုင်)၀၇၃၃၇၈ | လှိုင်းဘွဲ့(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၀) | ဦးစောမြင့်ဦး | ၃/ကကရ(နိုင်)၁၆၄၆၁၂ | ဖာပွန်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၁) | ဦးစောမျိုးမြင့် | ၃/ဖပန(နိုင်)၀၀၅၁၇၁ | ဖာပွန်(၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၂) | စောခရစ္စတိုဖာ | ၃/သတန(နိုင်)၀၁၁၉၄၆ | သံတောင်ကြီး(၁) | ကရင်ပြည်သူ့ပါတီ |

စာမျက်နှာ ၆ သို့

*စာမျက်နှာ ၅ မှ*

| စဉ် အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|
| (၁၃) ဦးမောင်ထူး | ၃/သတန(နိုင်)၀၁၄၃၀၂ | သံတောင်ကြီး(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **စစ်ကိုင်းတိုင်းဒေသကြီး** | | | |
| (၁၄) ဒေါ်ခင်မွေးလွင် | ၅/မကန(နိုင်)၀၀၃၂၆၅ | မင်းကင်း(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၅) ဦးအောင်ထွန်းလွင် | ၅/မကန(နိုင်)၀၃၃၃၇၁ | မင်းကင်း(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၆) ဦးရွှေဌေး(ခ) ဦးရွှင်ဌေး | ၅/ကနန(နိုင်)၀၀၅၇၈၂ | ကနီ(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၇) ဦးထွန်းထွန်းဝင်း | ၅/မရန(နိုင်)၁၃၆၄၉၁ | ကနီ(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၈) ဦးကျော်လင်း | ၅/ကလန(နိုင်)၀၂၄၁၁၁ | ကျွန်းလှ(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၉) ဦးစိုးဝင်း | ၅/ကလန(နိုင်)၀၃၂၂၉၅ | ကျွန်းလှ(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၀) ဒေါ်ဖြူဖြူဝင်း | ၅/ကလတ(နိုင်)၀၀၄၇၂၃ | ကောလင်း(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၁) ဦးတင်စိုး | ၅/ဝသန(နိုင်)၀၁၅၇၉၂ | ကောလင်း(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၂) ဦးဇော်လင်းဦး | ၅/ဝသန(နိုင်)၀၄၇၀၇၉ | ဝန်းသို(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၃) ဒေါ်ခိုင်ခိုင်ဝင်း | ၅/ဝသန(နိုင်)၀၃၅၂၂၈ | ဝန်းသို (၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **တနင်္သာရီတိုင်းဒေသကြီး** | | | |
| (၂၄) ဦးအောင်မြတ်ထွန်း | ၆/ကစန(နိုင်)၀၄၅၂၄၁ | ကျွန်းစု(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၅) ဒေါက်တာထူးနေအောင် | ၆/မမန(နိုင်)၁၁၆၆၈၃ | ကျွန်းစု(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၆) ဦးလှထွေး | ၆/ရဖန(နိုင်)၀၂၅၃၀၄ | ရေဖြူ(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၇) ဦးကြည်စိုး | ၆/ရဖန(နိုင်)၀၀၀၄၆၂ | ရေဖြူ(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၈) ဦးအောင်သူရ (ခ)နောင်နိုငယ် | ၆/တသရ(နိုင်)၀၁၉၀၈၁ | တနင်္သာရီ(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၉) ဦးအောင်ကျော်ဟိန်း (ခ)ဘိုနီ | ၆/တသရ(နိုင်)၀၂၃၀၀၅ | တနင်္သာရီ(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃၀) ဦးကျော်မင်း (ခ)ဦးဖိုးမင်း | ၆/ပလန(နိုင်)၀၄၆၅၀၅ | ပုလော(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃၁) ဦးကင်းရှိန် | ၆/ပလန(နိုင်)၀၃၅၅၀၇ | ပုလော(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ပဲခူးတိုင်းဒေသကြီး** | | | |
| (၃၂) ဦးသက်ဝင်းလှိုင် | ၇/ပမန(နိုင်)၁၀၄၈၄၆ | ပြည်(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃၃) ဦးကျော်ဇေယျ | ၇/ပမန(နိုင်)၁၁၇၀၄၅ | ပြည်(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃၄) ဒေါ်သိမ့်နန္ဒာအေး | ၇/သဝတ(နိုင်)၀၈၈၆၀၈ | သာယာဝတီ(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃၅) ဦးကျော်ကိုကိုစိန် | ၇/သဝတ(နိုင်)၀၆၇၅၃၃ | သာယာဝတီ(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃၆) ဦးခင်မောင်ရင် | ၇/လပတ(နိုင်)၀၀၃၆၂၁ | လက်ပံတန်း(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃၇) ဦးမျိုးအောင် | ၇/လပတ(နိုင်)၀၀၅၁၇၆ | လက်ပံတန်း(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃၈) ဦးသက်စိန် | ၁၂/မဂတ(နိုင်)၀၃၄၀၄၄ | ဖြူး(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃၉) ဦးအောင်မျိုးတင့်(ခ) ဦးမျိုးတင့် | ၇/ဖမန(နိုင်)၀၈၅၀၇၄ | ဖြူး(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄၀) ဦးမောင်မြင့် | ၇/အဖန(နိုင်)၀၄၄၉၃၉ | အုတ်ဖို(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄၁) စောသူရအောင် | ၇/အဖန(နိုင်)၀၀၀၈၆၉ | အုတ်ဖို(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **မန္တလေးတိုင်းဒေသကြီး** | | | |
| (၄၂) ဦးအောင်ကျော်ဦး | ၉/မနတ(နိုင်)၁၀၅၂၆၂ | ပုသိမ်ကြီး(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄၃) ဦးမောင်ဦး | ၉/ပသက(နိုင်)၀၉၉၀၂၂ | ပုသိမ်ကြီး(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄၄) ဦးကျော်သူထွန်း | ၉/အမဇ(နိုင်)၀၀၁၅၅၀ | အောင်မြေသာစံ(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄၅) ဦးတင်ထွဋ်ဦး | ၉/မရမ(နိုင်)၀၆၇၄၉၃ | အောင်မြေသာစံ(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄၆) ဦးအောင်မင်း | ၉/မမန(နိုင်)၀၁၄၄၂၁ | ပြင်ဦးလွင်(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄၇) ဦးအမိုး(ခ) ဒေါက်တာခင်မောင်ဌေး | ၉/မမန(နိုင်)၀၃၉၅၅၁ | ပြင်ဦးလွင်(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ရခိုင်ပြည်နယ်** | | | |
| (၄၈) ဦးပုန်ဘွေ | ၄/ပလဝ(နိုင်)၀၀၃၁၃၅ | ချင်း တိုင်းရင်းသား | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄၉) ဦးဝေဇံဖြိုးကျော် | ၁၁/မအန(နိုင်)၀၃၆၇၀၇ | သံတွဲ(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ရန်ကုန်တိုင်းဒေသကြီး** | | | |
| (၅၀) ဦးဇာဏီမျိုးညွန့် | ၁၂/မဂတ(နိုင်)၀၉၄၇၀၃ | ဒဂုံမြို့သစ် (ဆိပ်ကမ်း)(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၅၁) ဦးဇင်မင်းထွေး | ၁၂/ဥကမ(နိုင်)၁၈၉၃၅၀ | ဒဂုံမြို့သစ် (ဆိပ်ကမ်း)(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၅၂) ဒေါ်တင်တင်ဦး | ၁၂/ဒလန(နိုင်)၀၄၇၁၈၇ | ဒလ(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၅၃) ဦးဘိုဘိုဦး | ၁၂/ဗဟန(နိုင်)၁၀၈၈၄၇ | ဒလ(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၅၄) ဒေါ်သက်ထားစုကြည် | ၁၂/ကခက(နိုင်)၀၇၄၄၀၉ | မင်္ဂလာတောင်ညွန့်(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၅၅) ဦးရန်အောင် | ၁၂/မဂတ(နိုင်)၀၆၄၇၅၆ | မင်္ဂလာတောင်ညွန့်(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ရှမ်းပြည်နယ်** | | | |
| (၅၆) ဦးခင်မောင်ဝင်း | ၁၃/တကန(နိုင်)၀၄၁၅၀၇ | ညောင်ရွှေ(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၅၇) ဦးသိန်းဇော်မိုး | ၁၃/ညရန(နိုင်)၀၅၄၆၀၇ | ညောင်ရွှေ(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၅၈) ဦးကျော်သီဟ | ၁၃/ကတန(နိုင်)၀၈၇၁၁၉ | ကျိုင်းတုံ(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၅၉) ဒေါက်တာဝဏ္ဏစိုး | ၇/ဒဥန(နိုင်)၀၄၁၇၃၄ | ကျိုင်းတုံ(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၆၀) ဒေါ်မေနှင်းသက် | ၁၃/မပတ(နိုင်)၀၀၀၁၄၆ | မိုင်းပျဉ်း(၁) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၆၁) ဦးစိုင်းထွန်းစိန် | ၁၃/မပတ(နိုင်)၀၀၁၀၆၇ | မိုင်းပျဉ်း(၂) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၆၂) ဒေါ်နန်းကောင်ခမ်း | ၁၃/တယန(နိုင်)၀၀၁၁၃၉ | မိုင်းရှူး(၁) | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၆၃) စိုင်းအုန်း | ၁၃/မရန(နိုင်)၀၁၉၀၁၃ | မိုင်းရှူး(၂) | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၆၄) ဦးဝင်းလှိုင်(ခ) ဦးမဲတူ | ၁၃/နမတ(နိုင်)၀၃၀၃၄၇ | နမ္မတူ(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၆၅) စိုင်းကျော်ညွန့် | ၁၃/နမတ(နိုင်)၀၄၂၄၉၀ | နမ္မတူ(၂) | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၆၆) စိုင်းဥက္ကာ | ၁၃/လခန(နိုင်)၀၀၀၁၈၁ | လဲချား(၁) | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၆၇) စိုင်းသူရိန်ဦး | ၁၃/နစန(နိုင်)၀၃၇၂၅၂ | လဲချား(၂) | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၆၈) ခွန်စိုးမိုးကျော် | ၁၃/ပလန(နိုင်)၀၄၅၅၈၀ | ပင်လောင်း(၁) | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ |
| (၆၉) ခွန်ဖိုးစိန် | ၁၃/ပလန(နိုင်)၀၆၈၅၁၄ | ပင်လောင်း(၂) | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ |
| **ဧရာဝတီတိုင်းဒေသကြီး** | | | |
| (၇၀) ဦးဝေယံထွန်း | ၁၄/မမက(နိုင်)၁၇၅၀၈၁ | မော်လမြိုင်ကျွန်း(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၇၁) ဦးရဲကျော်သွင် | ၁၄/မမက(နိုင်)၁၇၉၈၃၇ | မော်လမြိုင်ကျွန်း(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၇၂) ဦးအောင်ကျော်ခိုင် | ၁၄/အဂပ(နိုင်)၀၁၀၂၀၀ | အင်္ဂပူ(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၇၃) ဦးဗိုလ်ဗိုလ်ဇင် | ၁၄/အဂပ(နိုင်)၁၂၉၈၆၈ | အင်္ဂပူ(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၇၄) ဦးစန်းထွေး | ၁၄/ဓနဖ(နိုင်)၀၀၄၈၆၉ | ဓနုဖြူ(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၇၅) ဒေါ်စောစော | ၁၄/ဓနဖ(နိုင်)၀၉၃၀၇၂ | ဓနုဖြူ(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၇၆) ဦးကျော်စိုးနိုင် | ၁၄/မမန(နိုင်)၀၂၉၈၃၉ | မြောင်းမြ(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၇၇) ဒေါ်ခိုင်ဇင်ဦး | ၁၄/မမန(နိုင်)၀၀၀၃၉၇ | မြောင်းမြ(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |

(ပုံ) လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၂၃၈ / ၂၀၂၀ )
၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်
(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၂ ရက်)

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၄၉ (ခ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များ၏ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ ဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ |
|---|---|---|---|---|
| **ကချင်ပြည်နယ်** | | | | |
| (၁) | ဒေါ်ကေရှယ်အောင် | ၁/မကန(နိုင်)၀၂၂၆၈၉ | မြစ်ကြီးနား | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ပဲခူးတိုင်းဒေသကြီး** | | | | |
| (၂) | ဦးခင်မောင်ဦး | ၇/ကတခ(နိုင်)၀၀၄၈၄၁ | ကျောက်တံခါး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃) | ဦးလှသန်း | ၇/ကဝန(နိုင်)၀၈၅၀၉၂ | ကဝ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄) | ဦးဝင်းနိုင် | ၇/မညန(နိုင်)၀၉၀၇၂၂ | မိုးညို | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **မန္တလေးတိုင်းဒေသကြီး** | | | | |
| (၅) | ဦးထွန်းထွန်းဝင်း | ၅/အတန(နိုင်)၀၅၃၈၉၈ | ရမည်းသင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၆) | ဦးကျော်သီဟ | ၉/မမန(နိုင်)၀၇၇၉၉၃ | သာစည် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၇) | ဒေါက်တာဝင်းမောင် | ၉/ပဘန(နိုင်)၀၁၇၉၁၇ | ပျော်ဘွယ် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၈) | ဦးခင်မောင်စိုး | ၉/ဝတန(နိုင်)၀၂၈၉၉၉ | ဝမ်းတွင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၉) | ဦးစော | ၉/မရတ(နိုင်)၀၀၆၇၀၀ | ညောင်ဦး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ရန်ကုန်တိုင်းဒေသကြီး** | | | | |
| (၁၀) | ဦးထက်နိုင်ဦး | ၁၂/ကတန(နိုင်)၁၀၆၃၃၂ | ကျောက်တန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ရှမ်းပြည်နယ်** | | | | |
| (၁၁) | စိုင်းအောင်မြင့်(ခ)စိုင်းကူး | ၁၃/ကမန(နိုင်)၀၀၁၆၀၂ | ကျောက်မဲ | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၂) | နန်းခမ်းအေး | ၁၃/နမတ(နိုင်)၀၁၇၀၅၄ | နမ္မတူ | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၃) | နန်းစမ်းစမ်းအေး | ၁၃/သပန(နိုင်)၀၆၀၅၅၆ | သီပေါ | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၄) | စိုင်းဥက္ကာ | ၁၃/လခန(နိုင်)၀၃၃၅၉၀ | လဲချား | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၅) | ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုး | ၁၃/ညရန(နိုင်)၀၅၇၈၂၉ | ညောင်ရွှေ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၆) | နန်းခင်စော | ၁၃/ကဟန(နိုင်)၀၀၀၂၇၄ | ကွန်ဟိန်း | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၇) | ဦးစိုင်းလောင်း | ၁၃/မပတ(နိုင်)၀၀၁၅၁၀ | မိုင်းပျဉ်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၈) | စိုင်းလင်းမြတ် | ၁၃/တကန(နိုင်)၀၀၀၉၂၇ | မိုင်းရှူး | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၉) | ဦးတင်အေး | ၉/မထလ(နိုင်)၁၃၀၆၆၃ | မက်မန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၂၀) | ဦးညီပလုပ် | ၁၃/ဟပတ(နိုင်)၀၀၁၂၁၇ | ဟိုပန် | ‘ ဝ ’ အမျိုးသားပါတီ |

(ပုံ) လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၂၄၀ / ၂၀၂၀ )
၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်
(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၂ ရက်)

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၉(ခ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များ၏ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **ကချင်ပြည်နယ်** | | | | |
| (၁) | ဒေါက်တာခက်အောင် | ၁/မကန(နိုင်)၀၃၂၀၉၁ | မြစ်ကြီးနား(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂) | ဦးနေဝင်း | ၁/မကန(နိုင်)၀၁၈၄၉၈ | မြစ်ကြီးနား(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **တနင်္သာရီတိုင်းဒေသကြီး** | | | | |
| (၃) | ဦးဇာနည်မျိုး | ၆/မမန(နိုင်)၁၃၇၀၉၆ | မြိတ်(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄) | ဒေါ်ရီရီချို | ၆/မတရ(နိုင်)၀၀၇၉၀၃ | မြိတ်(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ပဲခူးတိုင်းဒေသကြီး** | | | | |
| (၅) | ဦးမောင်မောင်ဦး | ၇/နတလ(နိုင်)၀၃၈၇၄၃ | နတ်တလင်း(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၆) | ဦးကျော်ကျော်နိုင် | ၇/နတလ(နိုင်)၀၅၄၁၃၀ | နတ်တလင်း(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၇) | ဦးအေးဝင်း | ၇/မညန(နိုင်)၀၅၀၃၇၆ | မိုးညို(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၈) | ဦးဝင်းကို | ၇/မညန(နိုင်)၀၅၀၄၆၅ | မိုးညို(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၉) | ဦးလင်းလင်းကျော် | ၇/ကတခ(နိုင်)၁၁၁၂၀၃ | ကျောက်တံခါး(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၀) | ဦးကြည်ဇင် | ၇/ကတခ(နိုင်)၀၈၄၁၁၁ | ကျောက်တံခါး(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၁) | ဦးညွှန့်ရွှေ | ၇/ကဝန(နိုင်)၀၁၄၄၅၉ | ကဝ(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၂) | ဦးမျိုးခိုင် | ၇/ကဝန(နိုင်)၀၀၀၄၉၅ | ကဝ(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ရန်ကုန်တိုင်းဒေသကြီး** | | | | |
| (၁၃) | ဒေါ်နန်းတင်စိုး | ၁၂/ကတန(နိုင်)၀၀၇၈၃၆ | ကျောက်တန်း(၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၄) | ဒေါ်သက်သက်မူ | ၁၂/ကတန(နိုင်)၀၄၅၉၉၇ | ကျောက်တန်း(၂) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ရှမ်းပြည်နယ်** | | | | |
| (၁၅) | နန်းအိမွန်အောင် | ၁၃/ကမန(နိုင်)၀၉၀၁၄၂ | ကျောက်မဲ(၁) | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၆) | စိုင်းထွန်းညဏ် | ၁၃/ကမန(နိုင်)၀၆၅၉၅၉ | ကျောက်မဲ(၂) | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၇) | စိုင်းစံမိုင်း | ၁၃/ကသန(နိုင်)၀၁၇၃၇၆ | ကျေးသီး(၁) | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၈) | ဦးခင်မောင်ညွန့် | ၁၂/ရကန(နိုင်)၀၂၅၁၀၇ | ကျေးသီး(၂) | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |

*စာမျက်နှာ ၉ သို့*

# အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၂၃၉ / ၂၀၂၀ )
၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်
( ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၂ ရက် )

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄၉ (ခ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များ၏ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ ဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ |
|---|---|---|---|---|
| **ကချင်ပြည်နယ်** | | | | |
| (၁) | ဦးအင်ထုံးခါးနော်ဆမ် | ၁ / မကန(နိုင်)၀၇၃၃၇၄ | အမှတ် ( ၁၁ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ပဲခူးတိုင်းဒေသကြီး** | | | | |
| (၂) | ဒေါက်တာဝင်းမြင့် | ၇ / မညန(နိုင်)၀၃၁၃၁၃ | အမှတ် ( ၁၁ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃) | ဦးဝင်းကြိုင် | ၇ / လပတ(နိုင်)၀၁၄၀၂၀ | အမှတ် ( ၁၂ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **မန္တလေးတိုင်းဒေသကြီး** | | | | |
| (၄) | ဦးဘုန်းကျော် | ၉ / မထလ(နိုင်)၂၃၂၇၀၅ | အမှတ် ( ၇ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၅) | ဦးအောင်သူ | ၉ / ဝတန(နိုင်)၀၆၇၃၅၀ | အမှတ် ( ၈ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၆) | ဦးညီညီလွင် | ၉ / ပဘန(နိုင်)၀၀၃၅၂၄ | အမှတ် ( ၁၀ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ဧရာဝတီတိုင်းဒေသကြီး** | | | | |
| (၇) | ဒေါက်တာပြည့်ဖြိုး | ၁၄ / အမန(နိုင်)၀၉၂၃၀၀ | အမှတ် ( ၉ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |

(ပုံ)လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၂၄၁ / ၂၀၂၀ )
၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်
(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၂ ရက်)

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၉ (ခ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များ၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ ဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ |
|---|---|---|---|---|
| **ကရင်ပြည်နယ်** | | | | |
| (၁) | စောတင်ဝင်း | ၁၂/ပဘတ(နိုင်)၀၁၆၄၂၇ | ကြာအင်းဆိပ်ကြီး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **စစ်ကိုင်းတိုင်းဒေသကြီး** | | | | |
| (၂) | ဦးသန့်စင်မောင် | ၅/စကန(နိုင်)၀၂၅၂၄၅ | မုံရွာ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃) | ဦးဝဏ္ဏ | ၅/ဝလန(နိုင်)၀၀၀၄၇၀ | အရာတော် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
ဆီးချိုသွေးချိုရောဂါကို ကာကွယ်နိုင်သည့် အချက်များဖြစ်သည့် ကိုယ်အလေးချိန်ထိန်းညှိခြင်း၊ ကိုယ်လက်လှုပ်ရှား အားကစားပုံမှန်ပြုလုပ်ခြင်း၊ အချိုလွန်ကဲသော အစားအသောက်များ ရှောင်ကြဉ်ခြင်းအပါအဝင် ကျန်းမာရေးနှင့် ကိုက်ညီစွာ စားသောက်ခြင်းတို့ကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေး ကျန်းမာရေး အသိပညာပေးခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနမှ ဖြန့်ဝေထားသော Mobile Tablet များတွင် ထည့်သွင်းထားသော ကျန်းမာရေးအသိပညာပေး အချက်အလက်များကို ပြန်လည်ဆန်းစစ်ကာ နောက်ဆုံးတွေ့ရှိချက် အသစ်များနှင့်အညီ ရောဂါဖြစ်ပွားစေသည့် အချက်များ၊ ရောဂါကာကွယ်ရေးနည်းလမ်းများ၊ ဆီးချိုသွေးချိုရောဂါ၏ ကနဦးလက္ခဏာများ၊ ရောဂါဖြစ်ပွားမှုရှိပါက စနစ်တကျကုသမှုခံယူရန် အချက်များကို လွယ်ကူရိုးရှင်းစွာ နားလည်နိုင်ရေး မွမ်းမံရေးသား ထည့်သွင်းထားရမည်ဖြစ်ပါကြောင်း၊ အဆိုပါ Mobile Tablet များကို အသုံးပြုကာ မြို့နယ်များ၊ ရပ်ကွက်များတွင် ကျန်းမာရေးစကားဝိုင်းငယ်များ ပြုလုပ်ကာ ဆီးချိုသွေးချို ကျန်းမာရေးအသိပညာပေးမှုများကိုလည်း ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဆီးချိုသွေးချိုရောဂါ ဖြစ်ပွားမှုကို စောစီးစွာ စစ်ဆေးသိရှိကာ စနစ်တကျကုသမှုခံယူပါက နောက်ဆက်တွဲရောဂါများ ဖြစ်ပွားခြင်းကို ကာကွယ်နိုင်သည်ကို ပြည်သူလူထုအား ကျယ်ပြန့်စွာ အသိပညာပေးရမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ပဏာမကျန်းမာရေးစောင့်ရှောက်မှု နည်းလမ်းဖြင့် အရည်အသွေးပြည့်ဝသော ရောဂါစစ်ဆေးကုသမှု လွှမ်းခြုံခြင်းကို တိုးချဲ့ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများကို ကြိုးပမ်းအားထုတ်ဆောင်ရွက်လျက်ရှိသော အခြေခံ ကျန်းမာရေးပညာရှင်ဝန်ထမ်းများကို ကျေးဇူးတင်ရှိပါကြောင်း။

### အခမဲ့ကုသမှုပေးလျက်ရှိ

တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဝန်ကြီးဌာန၏ ဒေသန္တရကျန်းမာရေးဌာနများ၊ မိခင်နှင့်ကလေး ကျန်းမာရေးဌာနများ၊ ကျေးလက်ကျန်းမာရေးဌာနများနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲများ စုစုပေါင်း ၁၀,၀၀၀ ကျော်တွင် ဗုဒ္ဓဟူးနေ့တိုင်းတွင် ဆီးချိုသွေးချိုနှင့် သွေးတိုးရောဂါ စစ်ဆေးကုသမှုဆေးပေးခန်းများ ဖွင့်လှစ်ကာ ရောဂါစစ်ဆေးပြီး ဆေးဝါးများဖြင့် အခမဲ့ကုသမှုပေးလျက်ရှိရာ (၂၀၁၇) ခုနှစ် မေလမှ ယခုနှစ် ဇွန်လအထိ ဆေးခန်းများသို့ လာရောက်ပြသသူ ၃ ဒသမ ၂ သန်းကျော်ကို စစ်ဆေးပေးနိုင်ခဲ့ပါကြောင်း၊ ထိုသို့လာရောက်ပြသသူများတွင် (၄) သိန်းကျော်တွင် ဆီးချိုသွေးချိုရောဂါဖြစ်ပွားမှုနှင့် (၈)သိန်း (၈) သောင်းတွင် သွေးတိုးရောဂါဖြစ်ပွားမှု တွေ့ရှိပါကြောင်း၊ အဆိုပါဆေးပေးခန်းများအတွက် ဘဏ္ဍာငွေများ၊ ဆေးနှင့်ဆေးပစ္စည်းများ ပိုမိုပံ့ပိုးပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူများ၏ ၉၄ ရာခိုင်နှုန်းသည် ရောဂါအခံများ ရှိပါကြောင်း၊ ရောဂါဖြစ်ပွားသေဆုံးသူများ၏ ၃၆ ရာခိုင်နှုန်း၌ ဆီးချိုသွေးချိုရောဂါရှိနေပြီး ၃၀ ရာခိုင်နှုန်းတွင် သွေးတိုးရောဂါရှိကာ ဆီးချိုသွေးချိုရောဂါနှင့် သွေးတိုးရောဂါ နှစ်မျိုးလုံး ဖြစ်ပွားနေသူမှာ ၁၉ ရာခိုင်နှုန်းရှိပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါသည် ထိုကဲ့သို့ ရောဂါအခံရှိသူများတွင် ပိုမိုပြင်းထန်ကာ အသက်အန္တရာယ်လည်း ထိခိုက်နိုင်ပါကြောင်း၊ ဝန်ကြီးဌာန၏ ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းချုပ်ရေးအပါအဝင် မကူးစက်နိုင်သော ရောဂါများ ကာကွယ်နှိမ်နင်းရာတွင် တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၏ ဦးဆောင်မှု၊ အခြေခံကျန်းမာရေးပညာရှင် ဝန်ထမ်းများ၏ လက်တွေ့လုပ်ငန်းဆောင်ရွက်မှု အခန်းကဏ္ဍများသည် အရေးကြီးပါကြောင်း။

### လက်တွေ့ကျလုပ်ဆောင်နိုင်မည့်လုပ်ငန်းများ ချမှတ်

တိုင်းဒေသကြီး/ ပြည်နယ်များတွင် ပြည်သူ့ကျန်းမာရေးနှင့် အားကစားကဏ္ဍမှ တာဝန်ရှိသူများ ပူးပေါင်းချိတ်ဆက်ကာ ပြည်သူများ ကိုယ်လက်လှုပ်ရှား အားကစားလေ့ကျင့်မှုများ ဆောင်ရွက်စေရေး လုပ်ဆောင်ကြစေလိုပါကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ အောင်မြင်မှုအတိုင်းအတာများကို စောင့်ကြည့်အကဲဖြတ်ရန်အတွက် ဆန်းစစ်အကဲဖြတ်ပုံစံ (checklist) များ ပြုစုဆောင်ရွက်စေလိုပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် HelpAge International အဖွဲ့၏ ပူးပေါင်းပံ့ပိုးမှုဖြင့် အခြေခံကျန်းမာရေးပညာရှင် ဝန်ထမ်းများအတွက် မကူးစက်နိုင်သော ရောဂါရှာဖွေကုသရေး စွမ်းဆောင်ရည်မြှင့်တင်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊Novo Nordisk ကုမ္ပဏီ၏ ပူးပေါင်းပံ့ပိုးမှုဖြင့် Mobile Tablet များတွင် ထည့်သွင်းနိုင်သည့် မကူးစက်နိုင်သောရောဂါများ ကာကွယ်ထိန်းချုပ်ရေး သိကောင်းစရာ Myanmar PEN Application ကို ရေးဆွဲနိုင်ခဲ့ပါကြောင်း၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်နှင့် အခြေခံကျန်းမာရေးတက္ကသိုလ်တို့တွင်လည်းကောင်း၊ ဆေးတက္ကသိုလ်များ၌ ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာတွင် ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ အကြောင်းအရာများ ပိုမိုထည့်သွင်းသင်ကြားခြင်းကို ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ မဟာဘွဲ့နှင့် ပါရဂူဘွဲ့စာတမ်းများတွင် ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ အကြောင်းအရာများကို ပိုမိုပြုလုပ်စေလိုပါကြောင်း၊ ဆီးချိုသွေးချိုရောဂါ ဒီပလိုမာသင်တန်းကိုလည်း ဖွင့်လှစ်သင်ကြားစေလိုပါကြောင်း၊ ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို တစ်နှစ်ပတ်လုံး ဆက်လက်ဆောင်ရွက်နေရမည်ဖြစ်ပြီး လုပ်ငန်းများ ဆောင်ရွက်ရာတွင် သမားရိုးကျမှ ဖောက်ထွက်သည့် ဆန်းသစ်သော အတွေးအမြင်များဖြင့် လက်တွေ့ကျလုပ်ဆောင်နိုင်မည့်လုပ်ငန်းများ ချမှတ်ဆောင်ရွက်စေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးစီမံချက် မန်နေဂျာ ပါမောက္ခ ဒေါက်တာကိုကိုက လက်ရှိဆောင်ရွက်လျက်ရှိသည့် ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ လုပ်ငန်းများနှင့် ရှေ့လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ် (မကူးစက်နိုင်သောရောဂါများ ကာကွယ်နှိမ်နင်းရေး) ဒေါက်တာ ကျော်ကံကောင်းက Mobile Tablet များတွင် ထည့်သွင်းနိုင်သည့် မကူးစက်နိုင်သောရောဂါများ ကာကွယ်ထိန်းချုပ်ရေး သိကောင်းစရာ Myanmar PEN Application ကို မိတ်ဆက်တင်ပြသည်။

### ပြခန်းငယ်အား လှည့်လည်ကြည့်ရှု

ယင်းနောက် တက်ရောက်လာကြသော တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများနှင့် တာဝန်ရှိသူများက တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ဆောင်ရွက်နေသည့် မကူးစက်နိုင်သော ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်း ဆောင်ရွက်နေမှုများ၊ လိုအပ်ချက်များနှင့် အကြံပြုချက်များကို ဆွေးနွေးတင်ပြခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားကာ ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ ပြခန်းငယ်ကို လှည့်လည်ကြည့်ရှုသည်။

အခမ်းအနားတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ရုံးအမှတ် (၄) နှင့် ဦးစီးဌာနများမှ ဆီးချိုသွေးချိုရှိသော ဝန်ထမ်းများအား စစ်ဆေးကုသမှုပေးခြင်းကိုလည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်တက္ကသိုလ်နှစ်(၁၀၀)ပြည့် ရာပြည့်အထိမ်းအမှတ် ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ရိုက်ကူးခြင်း

၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ်နှစ် တစ်ရာပြည့်မြောက်မည်ဖြစ်သည့်အတွက် ရန်ကုန်တက္ကသိုလ်၏ နှစ် (၁၀၀)ပြည့် အကြိုအထိမ်းအမှတ် အစီအစဉ်များကို ကျင်းပလျက်ရှိပါသည်။ ရန်ကုန်တက္ကသိုလ်၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းပြီးမြှင့်တင်ရန် အဓိက ဦးတည်ချက်များဖြင့် တက္ကသိုလ်ဂုဏ်ဆောင်ပုဂ္ဂိုလ်များ၏ စွမ်းဆောင်မှုများ ဖော်ထုတ်ခြင်း၊ တက္ကသိုလ်၏ ထင်ရှားကျော်ကြားခဲ့သော ပုံရိပ်များ ကို အောက်မေ့သတိရရန်နှင့် ရန်ကုန်တက္ကသိုလ်၏ အောင်မြင်မှုများကို အတုယူရင်း ပညာရေးအဆင့်အတန်းမြှင့်တင်ရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ပြုလုပ်သည့် ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ရိုက်ကူးမှုများကို နိုဝင်ဘာလ ၁၂ ရက်နေ့မှ စတင်ကာ ရန်ကုန်မြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ Studio တွင် ရိုက်ကူးလျက်ရှိပါသည်။

ရန်ကုန်တက္ကသိုလ်၊ ဒဂုံတက္ကသိုလ်နှင့် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်များမှ တစ်ဖွဲ့လျှင် ကျောင်းသားကျောင်းသူသုံးဦးတို့ဖြင့် စုစုပေါင်းအဖွဲ့ ၁၄ ဖွဲ့တို့မှ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ပွဲစဉ်များအဖြစ် Level (1)၊ Level (2) နှင့် နောက်ဆုံး Final ပွဲစဉ်များကို စီစဉ်ထားခြင်းဖြစ်ပြီး Final ပွဲစဉ်များကို ပြုလုပ်သွားမည်ဖြစ်ကာ Final ပွဲစဉ်သို့ တက်ရောက်လာသည့် အဖွဲ့လေးဖွဲ့ကို ထပ်မံယှဉ်ပြိုင်ပြီး-

**ပထမဆုအဖြစ်**
ငွေကျပ် ၆ သိန်း၊ ဆုတံဆိပ်နှင့် ဂုဏ်ပြုလက်မှတ်
**ဒုတိယဆုအဖြစ်**
ငွေကျပ် ၄ သိန်း ၅ သောင်း၊ ဆုတံဆိပ်နှင့် ဂုဏ်ပြုလက်မှတ်
**တတိယဆုအဖြစ်**
ငွေကျပ် ၃ သိန်း၊ ဆုတံဆိပ်နှင့် ဂုဏ်ပြုလက်မှတ်
**နှစ်သိမ့်ဆုအဖြစ်**
ငွေကျပ် ၁ သိန်း ၅ သောင်းတို့ကို ချီးမြှင့်ပေးသွားမည်ဖြစ်သည်။

ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်အထိမ်းအမှတ် ရုပ်မြင်သံကြားဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ရိုက်ကူးမှုပွဲစဉ်များကို မကြာမီမြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**ရန်ကုန်သတင်းဌာနခွဲ**
၀၉၄၂၀၀၇၉၁၄၆

# ကိုဗစ် - ၁၉ အကြောင်း သိကောင်းစရာ အမေး / အဖြေ အစီအစဉ်

ထက်လျှံ၊ ဓာတ်ပုံ – ဇော်မင်းလတ်

**မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ နိုဝင်ဘာ ၁၂ ရက် ညနေ ၆ နာရီခွဲတွင် ထုတ်လွှင့်ပြသခဲ့သည့် ကိုဗစ် – ၁၉ အကြောင်း သိကောင်းစရာ အမေး / အဖြေ အစီအစဉ်ကို ပြည်သူများ သိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။**

**အစီအစဉ်မှူး ။** ။ မြန်မာနိုင်ငံမှာ ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားမှုနဲ့ ပတ်သက်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အဓိကတာဝန်ယူပြီး ရောဂါဖြစ်ပွားမှု သတင်းအချက်အလက် ထုတ်ပြန်တာနဲ့ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းတွေကို အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်လျက်ရှိနေရာမှာ ဒီနေ့အထိ ကိုဗစ် – ၁၉ အတည်ပြုလူနာပေါင်း ၆၀၀၀၀ ကျော်၊ ဆေးရုံဆင်းခွင့်ရရှိသူ ၅၀၀၀၀ နီးပါးနဲ့ သေဆုံးသူက စုစုပေါင်း ၁၅၀၀ ဝန်းကျင်ရှိလာပြီ ဖြစ်ပါတယ်။

အာဆီယံဒေသအတွင်း ကိုဗစ်ရောဂါဖြစ်ပွားမှုနှုန်း အဆင့်သတ်မှတ်ချက်မှာ မြန်မာနိုင်ငံက တတိယနေရာမှာ ရှိလာတာကိုလည်း တွေ့ရပါတယ်။ ဒီနေရာမှာ ရောဂါကာကွယ် ထိန်းချုပ်မှုတွေကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ဖို့ ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှုမှာ အရေးအကြီးဆုံးဖြစ်တာကြောင့် မိမိနဲ့ မိမိရဲ့ မိသားစု၊ ပတ်ဝန်းကျင်ကို ရောဂါကူးစက်ခြင်းကနေ ကာကွယ်နိုင်ဖို့အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ချမှတ်ထားတဲ့ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာ လမ်းညွှန်ချက်တွေကို **အရင်ကထက်ပိုပြီး** တိတိကျကျ လိုက်နာဆောင်ရွက်ပေးကြဖို့ ထပ်တလဲလဲ တိုက်တွန်းနေရပါတယ်။

ပြည်သူတွေကြားမှာ ကိုဗစ် – ၁၉ နဲ့ ပတ်သက်လို့ မှန်ကန်တဲ့ သတင်းအချက်အလက်တွေ၊ လိုက်နာရမယ့် လမ်းညွှန်ချက်တွေကို သိရှိနိုင်စေဖို့အတွက် ကိုဗစ် – ၁၉ ရောဂါနဲ့ ပတ်သက်လို့ နည်းပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုး အကြံပြု အားဖြည့်ဆောင်ရွက်ရေးအဖွဲ့က ပါမောက္ခကြီးတွေ၊ သမားတော်ကြီးတွေက ပြည်သူတွေသိရှိလိုတဲ့ မေးခွန်းတွေကို ဖြေကြား ဆွေးနွေးလျက်ရှိရာမှာ ဒီနေ့ရဲ့ မေးခွန်း မေးမြန်း / ဖြေကြားဆွေးနွေးမှုမှာ **ဂုဏ်ထူးဆောင် ပါမောက္ခ ဒေါက်တာညွန့်သိန်း [ဆေးပညာဌာန (အငြိမ်းစား)၊ နည်းပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုးအကြံပြု အားဖြည့်ဆောင်ရွက်ရေး အဖွဲ့ဝင်]၊ ဒေါက်တာ ထွန်းမြင့် [ဒုတိယညွှန်ကြားရေးမှူးချုပ် (ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး)၊ ရန်ကုန်တိုင်းဒေသကြီး ကိုဗစ်– ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (ဒုတိယဥက္ကဋ္ဌ)]** တို့နဲ့အတူ ဦးဆောင်ဆွေးနွေးသူအဖြစ် **ဒေါက်တာ ထွန်းတင် [ဒုတိယ ညွှန်ကြားရေးမှူးချုပ်(ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေးဌာနခွဲ)၊ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန]** က ဆောင်ရွက်ပေးသွားကြမှာ ဖြစ်ပါတယ်။ ဒီနေ့ရဲ့ ဆွေးနွေးမှုတွေကို စတင်နိုင်ဖို့အတွက် ဒေါက်တာ ထွန်းတင်ကနေ ဦးဆောင်ဆွေးနွေးပေးဖို့အတွက် ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာထွန်းတင် ။** ။ ဒီကနေ့ မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်ကနေ ကိုဗစ် – ၁၉ ရောဂါအကြောင်း သိကောင်းစရာ အမေး / အဖြေအစီအစဉ်ကို ကြည့်ရှုပြီး မိမိတို့ မေးထားတဲ့ မေးခွန်းတွေနဲ့ ပတ်သက်ပြီး စောင့်မျှော်ကြည့်ရှုနေကြတဲ့ မိဘပြည်သူများအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ဒီနေ့အစီအစဉ်အတွက် မေးထားတဲ့ မေးခွန်းတွေနဲ့ ပတ်သက်ပြီး ဆရာကြီးပါမောက္ခ ဒေါက်တာညွန့်သိန်းကို ဖြေကြားဆွေးနွေးပေးဖို့အတွက် ဖိတ်ခေါ်ပါတယ်။

**ပါမောက္ခဒေါက်တာညွန့်သိန်း ။** ။ မင်္ဂလာပါခင်ဗျာ။ မေးထားတဲ့မေးခွန်းတွေထဲမှာ နံပါတ် (၁) က ကိုဗစ် – ၁၉ ဖြစ်ပြီး အမျိုးသမီးတွေက အနည်းဆုံး ဘယ်လောက် လောက်နေမှ ကိုယ်ဝန်ဆောင်သင့်သလဲ၊ ကလေးယူသင့် သလဲ၊ ကိုယ်ဝန်ရှိလာရင် ဘယ်လိုဆောင်ရန် / ရှောင်ရန်တွေ လိုပါသလဲ ဆိုပြီး မေးထားပါတယ်။

ဆရာတို့ ခဏခဏ ပြောသလိုပါပဲ။ ကိုဗစ် – ၁၉ ရောဂါပိုးက ဖြစ်လာတာ ၁၀ / ၁၁ လရှိပြီ ဆိုပေမယ့် သူ့ရဲ့ အကြောင်းကို ရာနှုန်းပြည့် ကမ္ဘာပေါ်မှာ ဘယ်သူမှ မသိသေးပါဘူး။ ဒါပေမယ့် တွေ့ရှိချက်တွေ၊ သုတေသနတွေကနေ သိထားတာတွေ ရှိပါတယ်။

**ယေဘုယျအားဖြင့်** ကိုယ်ဝန်ဆောင်တွေမှာ ကူးစက်ရောဂါတွေ ဝင်ပြီဆိုရင် ပြဿနာတွေ ရှိတတ်ပါတယ်။ ဥပမာ – ရာသီတုပ်ကွေးလိုမျိုး၊ ရေကျောက်လိုမျိုး အဲဒါတွေက High Risk လို့ သတ်မှတ်ပြီး ပိုပြီးဂရုစိုက်ရတယ်၊ ပိုပြီးသတိထားရတယ်။ ဒီတော့ ကိုဗစ် – ၁၉ မှာ ဖြစ်ခါစက ဒီလိုပဲ ယူဆထားကြပါတယ်။ တကယ်တမ်း လက်တွေ့မှာက အဲဒီလို မဟုတ်ပါဘူး။ ကိုယ်ဝန်ဆောင်တွေကို ကိုဗစ် – ၁၉ နဲ့ပတ်သက်လို့ တခြားကိုယ်ဝန်မရှိတဲ့ အမျိုးသမီးတွေနဲ့ ယှဉ်ကြည့်တဲ့အခါမှာ ပိုဖြစ်တယ်ဆိုတာကို မတွေ့ရပါဘူး။ အကယ်၍ ရောဂါကူးလာရင်လည်း သူက ပြင်းပြင်းထန်ထန် ပိုဖြစ်တာလည်း မတွေ့ရဘူး။ အသက်ဆုံးရှုံးတာလည်း မတွေ့ရပါဘူး။



ကိုဗစ်–၁၉ ရောဂါအကြောင်း သိကောင်းစရာ အမေး၊ အဖြေ အစီအစဉ်တွင် ဂုဏ်ထူးဆောင် ပါမောက္ခ ဒေါက်တာ ညွန့်သိန်း၊ ဒေါက်တာ ထွန်းမြင့်နှင့် ဒေါက်တာထွန်းတင်တို့ ပါဝင်ဖြေကြားဆွေးနွေးစဉ်။

နောက်တစ်ခုက ကိုယ်ဝန်ဆောင်နေချိန်မှာ ကူးစက်ရောဂါဖြစ်ရင် ကြောက်တတ်တဲ့၊ ကြောက်လေ့ကြောက်ထရှိတတ်ပါတယ်။ အခုကိုဗစ်ရောဂါ ဝင်သွားလို့ ကိုယ်ဝန်ဆောင်သည်က ကလေးပျက်တာ၊ ကိုယ်ဝန်ပျက်တာတွေ မတွေ့ရဘူး။ နောက်ပြီး မွေးလာတဲ့ကလေးမှာလည်း ကိုယ်လက်အင်္ဂါမပြည့်မစုံတာ၊ ချို့ယွင်းတာတွေလည်း မတွေ့ခဲ့ပါဘူး။ ဒါက ကြောက်စရာမလိုတဲ့ သဘောပါ။

နောက်မိခင်ကနေ ကလေးကို ရောဂါပိုးကူးစက်တတ်သလားဆိုတာကို ဘယ်သူကမှ ရာနှုန်းပြည့် မပြောနိုင်သေးပါဘူး။ တစ်ခုရှိပါတယ်။ တချို့နေရာတွေမှာ ကိုယ်ဝန်ရှိတုန်း ကိုဗစ် – ၁၉ ရောဂါ ဝင်လိုက်ရင် နည်းနည်းလေး လမစေ့ဘဲ ကြိုမွေးတာတွေ ဖြစ်တတ်ပါတယ်။

ကိုယ်ဝန်ရှိလာပြီး မွေးပြီဆိုပါတော့။ မွေးတဲ့အခါမှာလည်း ဘာမှပြောင်းလဲတာမျိုး မရှိပါဘူး။ ပိုးမရှိတဲ့သူကို မီးဖွားပေးသလိုပါပဲ၊ ပုံမှန်မွေးမယ့်သူကို ပုံမှန်အတိုင်း မွေးပေးလို့ရတယ်။ ခွဲစိတ်ဖို့ လိုအပ်သူကလည်း ခွဲစိတ်လို့ရပါတယ်။ ဘာမှထူးထူးထွေထွေ လုပ်စရာမလိုပါဘူး။ လူနာကို မွေးတဲ့အချိန်မှာ Mask တပ်ပေးထားဖို့ပဲ လိုပါတယ်။ အဓိက မီးဖွားပေးမယ့် သူနာပြု၊ သားဖွား၊ ဆရာဝန်တို့ကသာ အကာအကွယ်ပစ္စည်းတွေ သေချာသုံးဖို့ လိုပါတယ်။

မွေးပြီးသွားတဲ့ မွေးကင်းစကလေးကို ပြုစုတဲ့အခါမှာလည်း အခုအားလုံး လက်ခံထားတာကတော့ ပိုးမရှိတဲ့ မိခင်လိုပဲ ကလေးကို ပြုစုလို့ရပါတယ်။ မိခင်နို့လည်း တိုက်လို့ရပါတယ်။ Mask ကို တပ်ပြီး ကလေးကို ပြုစုလို့ရပါတယ်။ မိခင်နို့လည်း တိုက်ခွင့်ပြုပါတယ်။ တချို့နေရာတွေမှာ သူတို့ စမ်းသပ်လိုက်တဲ့အခါ နှစ်ပတ်နေမှ ပေးတွေ့တာနဲ့ စောစောစီးစီး ပေးတွေ့တာမှာ စောစောစီးစီး ပေးတွေ့တာက ကလေးအတွက်ကော မိခင်အတွက်ပါ ကောင်းတယ်လို့ တွေ့ရှိရတဲ့အတွက် အခု နိုင်ငံအနှံ့အပြားမှာ မွေးပြီးတာနဲ့ ပေးတွေ့နေပြီဖြစ်ပါတယ်။

ခုနက ကိုယ်ဝန်နဲ့ပတ်သက်လို့ ကိုဗစ် – ၁၉ ဖြစ်ပြီး ဘယ်လောက်လောက်နေရင် ကိုယ်ဝန် ယူလို့ရတယ်ဆိုတဲ့ သုတေသနပြုမှုတွေတော့ မရှိပါဘူး။ ဒါပေမယ့် ကိုဗစ်– ၁၉ ရောဂါပိုးရဲ့ သဘောသဘာဝက ကိုယ်ခန္ဓာထဲရောက်ပြီး နှစ်ပတ်နေရင် သူများကို မကူးနိုင်ပါဘူး။ တချို့တွေက လမ်းညွှန်ချက်တွေ ရှိပါတယ်။ ရောဂါဖြစ်ပြီး နှစ်ပတ်ပြည့်မှ ကိုယ်ဝန်ယူဖို့ စီစဉ်ရင် အန္တရာယ်မရှိပါဘူးလို့ ပြောပါတယ်။

ဒါပေမယ့် မိန်းကလေးတစ်ယောက်ဟာ ကိုယ်ဝန်ရှိပြီဆိုရင် အချိန်တန်ပြီဆို ကိုယ်ဝန်ကို ပြသရမှာဖြစ်ပါတယ်။ တကယ်လို့ ရောဂါဖြစ်ပွားမှုကလည်း ကပ်အသွင်အလွန် ပျံ့နေတယ်။ Stay at Home အပါအဝင် ကန့်သတ်တားဆီးမှုတွေရှိပြီဆိုရင် စိတ်ပင်ပန်းမှုတွေရှိနိုင်တယ်။ ဒါကြောင့် အဲဒီလိုမျိုးအခြေအနေတွေ ဖြစ်နေပြီဆိုရင် ကိုယ်ဝန်ယူမယ် / မယူဘူးဆိုတာက ကာယကံရှင် မိခင်လောင်း၊ ဖခင်လောင်းတို့ရဲ့ ကိုယ်ပိုင်ဆုံးဖြတ်ချက်ပဲ ဖြစ်ပါတယ်လို့ ပြောထားကြပါတယ်။ အခု ဆရာဖြေသွားတဲ့ အဖြေတွေအားလုံးက ကမ္ဘာပေါ်မှာရှိတဲ့ သားဖွားနဲ့ ဝမ်းဆွဲ အဖွဲ့အစည်းတွေ၊ မြန်မာနိုင်ငံ သားဖွားမီးယပ် ပါရဂူကြီးတွေရဲ့ အကြံဉာဏ်တွေအားလုံးကို စုစည်းပြီးပြောတာပါ။

မိခင်အပြီး ကလေးနဲ့ပတ်သက်လို့ မေးထားတဲ့ မေးခွန်းတစ်ခုက ကလေးတွေ ကိုဗစ်ဖြစ်ရင် ဘယ်လိုကုသမှု ပေးပါသလဲ၊ သူတို့တွေက အများအားဖြင့် တခြားကလေးတွေနဲ့ မတူတဲ့အတွက်ကြောင့် သူတို့ကို သီးသန့်ထားပေးသလား၊ မိခင်တွေကိုကော နေခွင့်ပေးပါသလားလို့ မေးထားပါတယ်။ ကလေးတွေနဲ့ ပတ်သက်ပြီး ပြောရရင် ကိုဗစ်ရောဂါက ကလေးတွေမှာ အလွန်အဖြစ်နည်းပါတယ်။ ပထမလှိုင်းတုန်းက တချို့နိုင်ငံတွေမှာ ကလေးတွေ မဖြစ်ဘူးလို့ ယူဆတဲ့သူတွေ ရှိပါတယ်။

ဒုတိယလှိုင်းမှာ ကလေးတွေ စဖြစ်လာတယ်။ ဒီလိုဖြစ်လာပေမယ့်လည်း လူကြီးနဲ့ ယှဉ်လိုက်ရင် အလွန်နည်းပါတယ်။ ဖြစ်လာတာက မြန်မာနိုင်ငံအပါအဝင် နိုင်ငံတော်တော်များများမှာ ဖြစ်လာပါတယ်။ သို့ရာတွင် ရောဂါဖြစ်ပွားမှုနှုန်းက အတော်နည်းပြီး လူကြီးတွေဖြစ်လို့ လူကြီးတွေရဲ့ ထိတွေ့မှုကသာ ရောဂါဖြစ်ပွားမှန်းသိတာပါ။ ကိုဗစ်ရောဂါနဲ့ ဆေးရုံကိုလာတဲ့ ကလေးအလွန် နည်းပါတယ်။

**တချို့တွေကလည်း ဆရာတို့ဆီမှာ** ARI လိုခေါ်တဲ့ သိပ်မပြင်းထန်တဲ့ အသက်ရှူလမ်းကြောင်းဆိုင်ရာနဲ့ လာတာတွေ ရှိပါတယ်။ သူတို့ကို ARI ကုသမှုလောက်နဲ့ ကောင်းသွားတာတွေ ရှိပါတယ်။ ဆရာတို့အနေနဲ့ နိုဝင်ဘာ ၆ ရက်နေ့အထိ စမ်းသပ်ထားတာရှိပါတယ်။ တစ်နှစ်အောက်ကလေး ၂၆၀၀ ကျော် စစ်ထားပါတယ်။ အဲဒီမှာ ၁၆၉ ယောက် Positive ဖြစ်ပါတယ်။ တစ်နှစ်ကနေ ၁၂ နှစ်မှာ ၁၈၀၀၀ ကျော် စစ်ထားတာ ၁၉၆၉ ယောက် Positive ဖြစ်ပါတယ်။ ဒါတွေ တော်တော်များက Contact တွေပါ။

ဒီပိုးတွေ့တဲ့ လူနာတွေထဲမှာလည်း စာရင်းဇယားတွေအရ စုစုပေါင်း နှစ်ယောက်ပဲ အသက်ဆုံးခဲ့ရပါတယ်။ ဒီ နှစ်ယောက်မှာ ပထမ တစ်ယောက်က ကားတိုက်လို့ ဆုံးပြီးမှ ရန်ကုန်ဆေးရုံကြီးကို ရောက်လာလို့ Swab ယူလိုက်မှ Positive တွေ့တာပါ။ ကားတိုက်လို့ ဆုံးတာပါ၊ ကိုဗစ်ကြောင့် ဆုံးတာမဟုတ်ပါဘူး။ နောက်ကလေးတစ်ယောက်က သူ့မှာ မွေးရာပါရောဂါကြီး နှစ်ခုပါတယ်။ အဲဒါကလည်း ခုနက ကိုဗစ်တွေ့လိုက်တဲ့အချိန်မှာ မွေးရာပါ ရောဂါတွေကြောင့် ဆုံးတာပါလို့ ယူဆတဲ့အတွက်ကြောင့် ဒီနှစ်ယောက်စလုံးက ကိုဗစ်ကြောင့် ဆုံးတယ်လို့ ပြောလို့မရပါဘူး။

ခုနက ကလေးအမေ မေးထားတဲ့ Autism ကလေးတွေနဲ့ပတ်သက်လို့ ပြောရရင် ကလေးတွေသည် Autism ပဲဖြစ်ဖြစ်၊ ရိုးရိုးကလေးပဲဖြစ်ဖြစ်၊ ဘယ်လိုကလေးပဲဖြစ်ဖြစ် ကိုဗစ်ရောဂါပိုးတွေ့လို့ ဆေးရုံတွေ၊ စင်တာတွေမှာ ထားရပြီဆိုရင် အမေမှာ ရောဂါပိုး မတွေ့ခဲ့ရင်တောင် အမေကို ကလေးနဲ့ အတူတူထားပေးပါတယ်။ အမေက အကာအကွယ်ပစ္စည်းတွေတပ်ပြီး ကလေးနဲ့အတူတူ နေခွင့်ပြုပါတယ်။ အမေကိုလည်း စစ်ဆေးပါတယ်။ အဲဒီလိုပဲ ဆေးရုံကရော၊ စင်တာတွေကရော ကလေးတွေကို အားလုံး အန္တရာယ်မရှိ ဆင်းသွားတာ အများကြီးပါ။

အမေတွေမှာလည်း ပိုးတွေ့တာတွေလည်း မရှိပါဘူး။ ဒါကြောင့် သိပ်ပြီးကြောက်လန့်စရာ မလိုပါဘူး။ ဒီအဖြေကို ဝေဘာဂီမှာရှိတဲ့ ကလေးတွေကို ကုသပေးနေတဲ့ ဆရာဝန်မကြီး အပါအဝင် တစ်နိုင်ငံလုံးက ကလေးဆိုင်ရာ တတ်သိနားလည်တဲ့ ပညာရှင်တွေရဲ့ တွေ့ရှိချက်တွေကို မှီငြမ်းပြီး ဆရာဖြေကြားခြင်း ဖြစ်ပါတယ်။

နောက်ထပ် မေးခွန်းတစ်ခုက အထူးကုဆရာဝန်တွေ ဆေးခန်းတွေ ပြန်မထိုင်ကြတော့ဘူးလား၊ တစ်လ တစ်ကြိမ်ပြနေရတဲ့ လူနာတွေ ပြန်မပြရလို့ စိတ်ဖိစီးပြီး ရောဂါပိုဆိုးမှာ ကြောက်လို့ပါ ဆိုပြီး မေးထားပါတယ်။ ဟုတ်ပါတယ်၊ ကိုဗစ်အချိန်မှာ ကိုဗစ်ကူးစက်ခြင်းကြောင့် မဟုတ်တဲ့ ရောဂါသည်တွေ၊ နာတာရှည်ရောဂါသည်တွေကို ကုသစောင့်ရှောက်ဖို့ လိုပါတယ်။ ရပ်လိုက်လို့ မရပါဘူး။ ရပ်လိုက်လို့ မဖြစ်ပါဘူး။ ခုနက အထူးကုဆရာတွေနဲ့ ပတ်သက်လို့ အုပ်စုကြီး နှစ်ခုကို ဆရာ ပြောကြားလိုပါတယ်။

တစ်အုပ်စုက သက်ပြည့်အငြိမ်းစားယူပြီး အပြင်မှာ ဆေးခန်းထိုင်နေကြတဲ့ အထူးကုဆရာဝန်ကြီးတွေ၊ ဆရာမကြီးတွေ ရှိပါတယ်။ ဒီကိုဗစ်ရောဂါဖြစ်ခါစမှာ သူတို့ရဲ့ အသက်အရွယ်နဲ့ Stay at Home Policy ကြောင့် ဆေးခန်းတွေ မသွားနိုင်ကြပါဘူး။ နောက်အုပ်စုတစ်ခု ဝန်ထမ်းဆရာဝန်တွေပါ။ တာဝန်ချိန်ပြီးတဲ့ ညနေပိုင်းမှာ ဆေးခန်းသွားထိုင်တဲ့ ဆရာဝန်ကြီးတွေကျတော့လည်း ဒီရာသီမှာ သက်ဆိုင်ရာဆေးရုံတွေမှာ ၂၄ နာရီအချိန်ပြည့် တာဝန်ယူနေရပါတယ်။ အများအားဖြင့် အိမ်ကို မပြန်နိုင်ကြပါဘူး။ မိသားစုနဲ့ ခွဲပြီးနေကြရပါတယ်။ ဒါတွေကြောင့်မို့ အထူးကုဆရာဝန်တွေက ပုဂ္ဂလိက ဆေးရုံ / ဆေးခန်းတွေ အပိုင်းမှာ လူအင်အား နည်းသွားတာပါ။

ဒါပေမယ့် ဒါတွေကို ဖြေရှင်းဖို့ဆိုပြီး သက်ဆိုင်ရာ ပုဂ္ဂလိကဆေးရုံတွေ၊ ဆေးခန်းတွေအားလုံးမှာ Tele Consultation ဆိုပြီး တယ်လီဖုန်းတွေ၊ မက်ဆင်ဂျာတွေနဲ့ လူနာတွေ၊ လူနာရှင်တွေက မေးမြန်းတာကို သူတို့ညှိနှိုင်းပြီး ပြန်ပြီးမေးတာတွေ ဖြေတယ်။ အကြံဉာဏ်တွေပေးတယ် ဒီလိုတွေကို လုပ်လည်း လုပ်ခဲ့ပါတယ်။ လုပ်လည်း လုပ်နေပါသေးတယ်။ ဆက်ပြီးလည်း လုပ်နေပါတယ်။

နောက်ဆုံးတစ်ခုက ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနက ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းတွေ ပုံမှန်လည်ပတ်နိုင်အောင်ဆိုပြီး အခုကိုဗစ်ရောဂါပိုး ရှိ / မရှိ စစ်ဆေးတာအပြင် ကျန်တဲ့ လုပ်ငန်းဆောင်တာတွေ ဆောင်ရွက်ဖို့ ညှိနှိုင်းနေပြီး မကြာခင်မှာ ပုဂ္ဂလိက ကျန်းမာရေးဝန်ဆောင်မှု ပိုရအောင် လုပ်လာမှာဖြစ်တဲ့ အတွက် အဲဒါနဲ့ပတ်သက်လို့ စိတ်ပူစရာ မလိုတော့ပါဘူးလို့ ပြောချင်ပါတယ်။

နောက်ဆုံးအနေနဲ့ စကားလက်ဆောင်ပါးချင်တာက အခု ဆရာအပါအဝင် နိုင်ငံတစ်ဝန်းလုံးမှာ ရွေးကောက်ပွဲ အောင်ပွဲရတာကို ခံစားကြည်နူးပီတိဖြစ်နေကြပါတယ်။ မင်္ဂလာအချိန်ပါ။ ဒါပေမယ့် အဲဒီမှာ အကြီးအကျယ် သတိထားရမှာက ကိုဗစ် – ၁၉ ရောဂါက ကမ္ဘာပေါ်မှာရော မြန်မာပြည်မှာပါ ရှိနေတုန်းပါ။ ရှိတာမှ ကမ္ဘာ့ရဲ့ အရှေ့နဲ့ အနောက်မှာရှိတဲ့ နိုင်ငံတော်တော်များများမှာ ပြန်ပြီးတော့ ပိုဖြစ်လာပါတယ်။

ဒါကြောင့် တချို့နိုင်ငံတွေနဲ့ အင်္ဂလန်လို နိုင်ငံမျိုးမှာ Total Lockdown နဲ့ Semi Lockdown လုပ်လိုက်ရပါတယ်။ ဒါကြောင့် ဆရာတို့လုပ်ခဲ့ကြတဲ့ ကာကွယ်ရေး လုပ်ငန်းစဉ်တွေဖြစ်တဲ့ မလိုအပ်ရင် အိမ်အပြင်မထွက်ပါနဲ့ Stay at Home နေပါ။ အပြင်ထွက်ရင် Social Distancing နဲ့အညီ ခပ်ခွာခွာနေပါ။ Mask ကို စနစ်တကျ သေချာတပ်ပြီး စွန့်ပစ်ဖို့၊ နောက်ပြီး လက်ကို ဟိုထိ၊ ဒီထိ မလုပ်ပါနဲ့။ လက်ကို ဆပ်ပြာနဲ့ ဆပ်ပြာမရရင် ၇၀ ရာခိုင်နှုန်း အရက်ပြန်ပါတဲ့ လက်သန့်ဆေးရည်နဲ့ အနည်းဆုံးစက္ကန့် ၂၀ ကြာအောင် ဆေးပေးပါဆိုတဲ့ ကာကွယ်ရေးလုပ်ငန်းကို လုံး၀၊ လုံး၀ မလျှော့ဘဲ ပိုပြီးတော့တောင် လုပ်ဖို့လိုမယ်လို့ ပြောချင်ပါတယ်။

ဆရာတို့ မဲပေးခဲ့တဲ့ နိုဝင်ဘာ ၈ ရက်နေ့က သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်တွေရော၊ ကာယကံရှင်တွေရော ဘယ်လောက်ပဲ ဂရုစိုက်စိုက် မဖြစ်မနေ လူတောထဲမှာ

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

နေခဲ့ရတဲ့အတွက် ဒီလိုအချိန်မှာများ အကယ်၍ ဖျားလာရင်၊ ချောင်းဆိုးလာရင်၊ မောလာရင်၊ ကျပ်လာရင်၊ ရုတ်တရက် အနံ့ပျောက်သွားရင်တော့ သက်ဆိုင်ရာ၊ နီးစပ်ရာ ကျန်းမာရေးဌာနတွေကို အမြန်ဆက်သွယ်ပြီး မြန်မြန်သွားကြဖို့တော့ ဆရာတိုက်တွန်းချင်ပါတယ်။

အဲဒီတော့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ခဏခဏ ပြောသလိုပါပဲ။ အောင်ပွဲတစ်ခုက ရှိနေပါပြီ။ နောက်ထပ် ကိုဗစ်အောင်ပွဲရရှိဖို့ ပြည်သူလူထုရဲ့ ပါဝင်မှုက အများကြီး လိုပါတယ်။ ဒါကြောင့် အားလုံးကျန်းမာ၊ ချမ်းသာစွာနဲ့ အောင်ပွဲကို အန္တရာယ်ကင်းကင်း ဆင်နွှဲနိုင်ကြပါစေလို့ ဆရာက ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်လိုက်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒေါက်တာထွန်းတင်** ။ ။ ဆရာကြီးအနေနဲ့ အခုလို ပြည့်ပြည့်စုံစုံ ဖြေကြားပေးခဲ့တဲ့အတွက် လူနာတွေ၊ ပြည်သူတွေအနေနဲ့ သိချင်နေကြတဲ့ အပိုင်းတွေ၊ မရှင်းသေးတဲ့ အပိုင်းတွေ ရှင်းသွားပြီလို့ ယူဆပါတယ်။ ဆက်လက်ပြီး မေးခွန်းတွေထဲက လက်ရှိကာလမှာ ပိုးတွေ့လူနာတွေ များလာတာကို သိပ်မရှိတော့တဲ့အတွက် ပြည်သူတွေအနေနဲ့ New Normal ကနေ အရင်လို ပြန်ပြီးနေ ထိုင်လာကြတာတွေ ရှိတဲ့အတွက် စိုးရိမ်နေကြပြီး ဆောင်ရွက်ထားတဲ့အစီအစဉ်နဲ့ ပတ်သက်ပြီး မေးထားတာလေးရှိပါတယ်။ ဒါကို ဆရာကြီး ဦးထွန်းမြင့် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးအနေနဲ့ ဖြေကြားပေးစေလိုပါတယ်။

**ဒေါက်တာဦးထွန်းမြင့်** ။ ။ ဆရာကြီး ဦးထွန်းတင် ကျေးဇူး တင်ပါတယ်။ သီတင်းကျွတ်ကာလမှာ လူငယ်တွေ၊ သားသမီးတွေက မိဘတွေ၊ ဘိုးဘွားတွေကို လိုက်လံကန်တော့နေတာတွေလည်း ကျွန်တော်တို့က တွေ့နေရပါတယ်။ ကျွန်တော်တို့ရဲ့ လူငယ်တွေကတော့ ရောဂါလက္ခဏာ မပြဘူး။ ကျန်းကျန်းမာမာပဲ။ ကျန်းကျန်းမာမာတွေက မိဘ၊ ဘိုးဘွားတွေကို ကန်တော့တဲ့အခါ မိဘ၊ ဘိုးဘွားတွေဆီကို သယ်သွားမှာလည်း စိုးရိမ်ရတဲ့ အခြေအနေရှိပါတယ်။

မိဘ၊ ဘိုးဘွားတွေ အသက်အရွယ်ကြီးရင့်တဲ့သူတွေ ကိုဗစ် – ၁၉ ဖြစ်ရင်တော့ သေဆုံးမှု များတာကို တွေ့ရပါတယ်။ တစ်ပြိုင်နက်တည်း တွေ့ရတာက လူနာတွေ ဖြစ်ရင် ရောဂါအခံရှိမှာပဲ သေဆုံးမှုများတာကို တွေ့ရတဲ့အတွက် ဒါဟာလည်း သတိထားရမယ့်အချက် တစ်ချက်အနေနဲ့ ရှိနေပါတယ်။ဒါလည်း အရေးကြီးတယ်။

နောက်တစ်ခုကတော့ ကိုဗစ် –၁၉ ကြောင့် ကွယ်လွန်သွားကြသူတွေ အသုဘကိစ္စ ဆောင်ရွက်ကြရပါတယ်။ သိတဲ့အတိုင်းပါပဲ အသုဘအခမ်းအနားကို အကျဉ်းချုံးပြီး ဆောင်ရွက်ကြရပါတယ်။ ကျန်တဲ့မိသားစုတွေကလည်း လိုက်မပို့ရပါဘူး။ ဒါဟာတကယ်ကို ကြေကွဲစရာမြင်ကွင်းတွေပါပဲ။ ခုန ဆရာကြီးဦးညွန့်သိန်း တင်ပြသွားတဲ့အခါမှာ တွေ့လိုက်တာကတော့ ကျွန်တော်တို့ရဲ့ အောင်ပွဲခံမှုတွေ၊ လူစုလူဝေး ဖြစ်ပေါ်မှုတွေကလည်း ရှိနေပါတယ်။

ဒီအချိန်မှာ ဆရာဦးထွန်းတင် မေးတဲ့ မေးခွန်းထဲမှာပါတဲ့ ဒီအချိန်မှာပိုးတွေ့ရှိမှုက ကျသွားတယ်ဆိုတာ ဟိုဘက်ကာလက Stay at Home ကာလဆိုတော့ Stay at Home ကာလက အကျိုးကျေးဇူးကိုခံစားပြီးတော့ လူနာတွေ နည်းသွားတာဖြစ်ပါတယ်။

ရောဂါကူးစက်မှုက ရှိနေပါတယ်။ အနောက်နိုင်ငံတွေမှာ ရောဂါကူးစက်မှုတွေ ပိုများလာတာကို တွေ့ရပါတယ်။ ကျွန်တော်တို့နိုင်ငံထဲမှာလည်း ကူးစက်မှုရှိနေတယ်ဆိုတာကို ကျွန်တော်တို့က လက်ခံရမယ်။ ပြည်သူလူထုကြားထဲမှာ ကူးစက်မှုဖြစ်နေတာကို ကျွန်တော်တို့ ဖြတ်တောက်ဖို့ လိုပါတယ်။

ဖြတ်တောက်နိုင်ဖို့အတွက် ဆောင်ရွက်နေတာတွေရှိပါတယ်။ ဒါကိုအရှိန်မြှင့်ဆောင်ရွက်ဖို့ C သုံးလုံး Project တစ်ခုရေးဆွဲထားတာရှိပါတယ်။ ဒါသည် ပြည်သူလူထုကြားထဲမှာ ကူးစက်မှုကို ဖြတ်တောက်ဖို့အတွက် အကောင်းဆုံးနည်းလမ်းနဲ့ ဆောင်ရွက်ဖို့ရှိပါတယ်။ ဒါက ပြည်သူလူထုကို အခြေပြုပါတယ်။ Community Based Covid–19 Control Project လို့ခေါ်တဲ့ ပြည်သူလူထုအခြေပြု ကိုဗစ် – ၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး စီမံချက်ဆိုပြီး ကျွန်တော်တို့ ရေးဆွဲပြီး ဆောင်ရွက်ဖို့ရှိပါတယ်။ ဒီမှာ ကျွန်တော်တို့ ဘာတွေလုပ်ကြမလဲဆိုတော့ T သုံးလုံး လုပ်ကြမယ်။ ပထမ T တစ်ခုကတော့ Tracing သူက စောစောရှာ၊ နောက် T တစ်လုံးကတော့ Testing စောစောစီးစီး စစ်ဆေးမယ်၊ နောက် T တစ်လုံးကတော့ Treatment စောစောစီးစီးကုသမယ်။ အရည်အသွေးပြည့်ဝတဲ့ကုသမှုရရှိအောင် C သုံးလုံး Project ကို ရေးဆွဲထားပြီး ပြည်သူလူထုကြားထဲမှာ အရှိန်မြှင့်ပြီး ဆောင်ရွက်ဖို့ ရှိနေပါတယ်။

**ဒေါက်တာထွန်းတင်** ။ ။ ဒါဆိုရင်တော့ ဆရာတို့ ဆောင်ရွက်နေတဲ့စီစဉ်နေတဲ့ အပိုင်းနဲ့ပတ်သက်လို့ ပြည်သူလူထုကလည်း သိလောက်ပါပြီ။ ဒါပေမယ့် နောက်မေးခွန်း တစ်ခုလည်း ရှိနေပါတယ်။ အဲဒါက ရောဂါဖြစ်ပွားမှုနဲ့ပတ်သက်ပြီး အချို့ကိစ္စတွေမှာ စိုးရိမ်စရာအဖြစ်အပျက်တွေ ကြုံခဲ့ရတာနဲ့ ပတ်သက်ပြီး ခုနကဆရာပြောသွားတဲ့ စောစောသိ၊ စောစောရှာ၊ စောစောကုသဖို့ ကိစ္စတွေနဲ့ပတ်သက်ပြီး မေးထားတဲ့ မေးခွန်းတစ်ခုရှိပါတယ်။ ဆရာကြီးပဲ ဆက်ပြီး ဖြေပေးစေလိုပါတယ်။

**ဒေါက်တာဦးထွန်းမြင့်** ။ ။ စောစောစီးစီးကုသမှုမခံယူရတာ ပါပါတယ်။ အဲဒီလို စောစောစီးစီးကုသမှုမခံယူရတဲ့သူတွေကတော့ အိမ်ထဲမှာပဲနေပြီး ဘယ်ကိုသွားရမှန်းမသိ၊ ဘယ်ကို သတင်းပို့ရမှန်းမသိ ဒီအခြေအနေနဲ့ အိမ်ထဲမှာရှိနေတဲ့သူတွေရဲ့ သတင်းကို ရဖို့လိုပါတယ်။ အဲဒီသတင်းရဖို့ကလည်း အိမ်ထဲမှာရှိတဲ့လူတွေကိုယ်တိုင်က သတင်းပို့ဖို့၊ လူကိုယ်တိုင်မသွားဘဲ တယ်လီဖုန်း တစ်ချက် ဆက်ရုံနဲ့ ကိုယ်တိုင် သတင်းပို့တဲ့စနစ်ထူထောင်မယ်၊ ဘယ်ကိုသတင်းပို့ရမလဲဆိုတော့ ရပ်ကွက်အလိုက် Hotline တွေရှိပါတယ်။

ဒီ Hotline တွေက သတင်းရတာနဲ့အမျှ ကျွန်တော်တို့က စောင့်ကြည့်ရေးအဖွဲ့ ဖွဲ့စည်းထားပြီး ဒီအဖွဲ့ဆီကို ရောက်သွားမယ်။ ဒီအဖွဲ့မှာ ဘယ်သူတွေပါမလဲဆိုတော့ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ဆယ်အိမ်မှူး၊ ရာအိမ်မှူး၊ ကြက်ခြေနီ၊ Volunteer ၊ ကျန်းမာရေးဝန်ထမ်းရှိရင်လည်း ကျန်းမာရေးဝန်ထမ်းတွေ ပါမယ်။ စောစောစီးစီးသတင်းပို့ပြီး စောစောစီးစီး စစ်ဆေးဖို့လိုပါတယ်။

စစ်ဆေးမယ့်နေရာကို ခေါ်သွားကြမယ်။ အဲဒီမှာဆိုရင် လတ်တလောအသုံးပြုနေတာ RDT Test Kit တွေရှိတယ်။ RDT Test Kit တွေနဲ့ ဖြစ်ပွားမှုအပေါ် မူတည်ပြီး စစ်ဆေးမယ်။ ပိုးတွေ့ရှိတယ်လို့ အတည်ပြုလိုက်ရင်လည်း ကုသရေးစင်တာတွေကို ပို့မယ်။ ရောဂါ လက္ခဏာတော့ရှိတယ်။ ပိုးတော့ မတွေ့ဘူး၊ သံသယရှိတယ်ဆိုရင်လည်း သံသယရှိတဲ့နေရာမှာ Contain လုပ်ထားဖို့ ရှိပါတယ်။

နောက်တစ်ခုက အိမ်မှာကျန်ခဲ့တဲ့လူတွေ Contact ဖြစ်သွားပြီဆိုရင် ဒီ Contact ဖြစ်တဲ့သူတွေကို သူတို့အိမ်မှာဆက်ပြီးတော့ Social Distancing နဲ့ နေမယ်။ ဥပမာ – Mask တပ်ထားမယ်၊ တစ်ကိုယ်ရေသုံးပစ္စည်းတွေလည်း ခွဲခြားပြီးသုံးမယ်။ ထမင်းစားရင်တောင် အတူတူမစားဘူး စသည်အားဖြင့် ဒီလိုအခြေအနေမျိုး ဖြစ်လာရင်လည်း ဖြစ်လာတဲ့ အခြေအနေအတိုင်း ဆောင်ရွက်မယ်။

ဒါမှမဟုတ် ဒီ Contact တွေကို Quarantine စင်တာတွေပို့ပြီးတော့ ဆောင်ရွက်မယ်ဆိုပြီး စီစဉ်ထားတာပါ။ ခုနက Positive ဖြစ်တဲ့လူနာကို အိမ်ကနေ ကုသရေးစင်တာတွေ ရောက်သွားဖို့ ရပ်ကွက်အလိုက် Ambulance System တွေ၊ မြို့နယ်အလိုက် Ambulance System တွေ၊ ဒီကနေကုသရေးစင်တာရောက်တဲ့အထိ စနစ်တကျဖြစ်သွားပြီ။

ဒါဆိုရင် အိမ်ထဲမှာ အနေကြာတဲ့သူတွေ၊ စောစောစီးစီးရှာဖွေ မတွေ့ရှိနိုင်တဲ့သူတွေက ကိုယ်တိုင်သတင်းပို့ပြီး ကျွန်တော်တို့က စောစောစီးစီးတွေ့ရှိရပြီ၊ စောစောစီးစီး Testing လုပ်နိုင်ပြီ၊ စောစောစီးစီး ကုသနိုင်ပြီ။ ဒီတော့ကုသမယ့်နေရာတွေမှာလည်း ကျွန်တော်တို့က အရည်အသွေးမြင့်အောင် Quality Treatment ရဖို့ နှစ်ခုရှိပါတယ်။

တစ်ခုက ဆေးရုံတွေ၊ ကုသရေးစင်တာတွေရဲ့ အရည်အသွေးတွေကိုမြှင့်ထားမယ်။ လူနာက ရောဂါလက္ခဏာပြရုံပဲ။ သာမန်ပဲဆိုရင်လည်း သာမန် Facility ရှိတဲ့ Treatment Center တွေကို ပို့ပြီး ကုသမယ်။ ဒီလိုနည်းနဲ့ ကျွန်တော်တို့က Community ထဲမှာရှိနေတဲ့ ရှက်ပုန်းသီးလူနာတွေကို စောစောစီးစီး ရှာဖွေဖော်ထုတ်ပြီး ကုသရေးစင်တာတွေကို စောစောစီးစီး ကုသစေမယ်ဆိုရင် Community ထဲမှာ Transmission ပြတ်တောက်သွားမယ်။ ဒီအထိ ကျွန်တော်တို့က မှန်းထားပါတယ်။

နောက်တစ်ခုက စောစောစီးစီးကုသနိုင်တဲ့အတွက်၊ အရည်အသွေးပြည့်ဝတဲ့ကုသမှုကို ခံယူရတဲ့အတွက် ကိုဗစ် – ၁၉ ကြောင့် သေဆုံးမှုတွေသည် ကျဆင်းသွားမယ်လို့ ကျွန်တော်တို့က မျှော်မှန်းထားပါတယ်။ ဒါကြောင့် ဒီကာလကစပြီး အရှိန်မြှင့် ဆောင်ရွက်သွားကြမှာပါ။ ဒီလိုဆောင်ရွက်ဖို့ အတွက် ကျန်းမာရေးအသိပညာပေးတဲ့ အလုပ်တွေကို ရပ်ကွက်ထဲမှာ လော်စပီကာနဲ့ အော်တာကအစ အဖွဲ့တွေဖွဲ့ပြီး နေ့စဉ်နဲ့အမျှ ပြည်သူလူထုကို အသိပေးနေမှာပါ။

အဲဒီက တွေ့ကြုံလာရတဲ့ အတွေ့အကြုံတွေအပေါ် မူတည်ပြီး ရှေ့မှာ ဒီအတွေ့အကြုံတွေကို ယူမယ်။ ပြုပြင်ပြီး အရှိန်အဟုန်မြှင့် ဆောင်ရွက်မယ်။ ရန်ကုန်တစ်တိုင်းလုံးကို ဆောင်ရွက်ဖို့ ကျွန်တော်တို့ ရည်မှန်းထားပါတယ်။ ရန်ကုန်တစ်တိုင်းလုံးကလည်း ကိုကိုးကျွန်းကလွဲရင် ၄၄ မြို့နယ်က ကူးစက်မှုတွေ ရှိနေတာပါ။

မြန်မာနိုင်ငံရဲ့ ကိုဗစ်လို့ ပြောမယ်ဆိုရင် ရန်ကုန်တိုင်းဒေသကြီးရဲ့ ကိုဗစ်က အရေးကြီးပါတယ်။ ကိုဗစ် – ၁၉ ကို ထိန်းချုပ်ဖို့ဆိုရင် ရန်ကုန်တိုင်းဒေသကြီးက ထိန်းချုပ်ဖို့ ပထမဦးစားပေးနေရာမှာ ရှိနေတာပါ။ ရန်ကုန်ကို ထိန်းချုပ်နိုင်ပြီဆိုရင် မြန်မာနိုင်ငံရဲ့ ကိုဗစ် –၁၉ ကာကွယ်ရေး၊ ထိန်းချုပ်ရေး၊ ကုသရေးလုပ်ငန်းတွေဟာ အခြေအနေကောင်းသွားမှာပါ။

ဒါကြောင့် ကျွန်တော်တို့အနေနဲ့ C သုံးလုံး Project ကို T သုံးလုံးနည်းနဲ့ဆောင်ရွက်ပြီး Community ထဲက Transmission ကို ဖြတ်တောက်မယ်။ ကိုဗစ် – ၁၉ ကြောင့် သေဆုံးမှုတွေကို လျှော့ချမယ်လို့ ရည်မှန်းပြီး ဆောင်ရွက်နေကြောင်း တင်ပြလိုပါတယ်။

**ဒေါက်တာထွန်းတင်** ။ ။ နောက်ထပ် မေးထားတဲ့ မေးခွန်းတွေကို ကျွန်တော်ကပဲ ဆက်လက်ပြီး ဖြေကြားပေးပါမယ်။ ပြောရရင်တော့ ဟုတ်ပါတယ်။ စိုးရိမ်ရမှာပါ။ ဒါပေမယ့် စိုးရိမ်ကြရမှာဆိုတာထက် သတိပြုပြီးတော့ နေထိုင်ကြရမှာ ဖြစ်ပါတယ်။ ခုနက ဆရာကြီးဦးညွန့်သိန်း ဆွေးနွေးခဲ့သလိုပဲ အခုလက်ရှိကာလက ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားမှုက တစ်နှစ်ပြည့်ခါနီးအချိန်လည်း ဖြစ်တယ်။

လွန်ခဲ့တဲ့ ၂၀၁၉ အောက်တိုဘာလ၊ နိုဝင်ဘာလလောက်က ဒီရောဂါက အစပျိုးခဲ့တာဆိုတာ တွေ့လာရမှာ ဖြစ်ပါတယ်။ ရာသီဥတုအနေအထားကလည်း ဆောင်းတွင်းရာသီ၊ အေးတဲ့အချိန်ဖြစ်တဲ့အတွက် ဗိုင်းရပ်စ်ရဲ့အထူးသဖြင့် အသက်ရှူလမ်းကြောင်းက တစ်ဆင့် ကူးစက်တတ်တဲ့ ဗိုင်းရပ်စ်ရောဂါပိုးတွေရဲ့ သဘာဝအရပတ်ဝန်းကျင်မှာ အသက်ရှင်ပြန့်ပွားနေထိုင်ဖို့၊ ကူးစက်ဖို့ အခွင့်အလမ်း အလွန်ကောင်းတဲ့အချိန်လည်း ဖြစ်နေတယ်။

ကျွန်တော်တို့က ရောဂါထိန်းချုပ်နိုင်မှုကို တိုးမြှင့်ပြီး ဆောင်ရွက်တယ်။ ဖြစ်ပွားမှုတွေကို လျှော့ချဖို့အတွက်လည်း ကြိုးစားပြီးလုပ်ဆောင်တယ်။ ဒီလိုလုပ်လာနေတဲ့အချိန်မှာ တစ်ဖက်မှာ လူမှုစီးပွားဘဝ ပြန်လည်ဖွံ့ဖြိုးတိုးတက်ရှင်သန်ဖို့အတွက်ကို ဖြေလျှော့မှုတွေကိုလည်း နိုင်ငံတော်အနေနဲ့ ဆောင်ရွက်ပေးလာမှာပါ။ ပေးလာရမှာလည်း ဖြစ်ပါတယ်။

တစ်ဖက်မှာလည်း ဒီအချိန်ဟာ ပွင့်လင်းရာသီလည်း ရောက်ပြီဖြစ်တဲ့အတွက် ခရီးသွားလာမှုတွေ နည်းနည်းလေးပြန်ပြီး များလာနိုင်တဲ့ အနေအထားရှိပါတယ်။ လူစုလူဝေးနဲ့ ဆောင်ရွက်တဲ့ လူမှုရေးကိစ္စတွေလည်း ပေါ်ပေါက်လာနိုင်ပါတယ်။ ဒါကြောင့် ဒီအရာတွေက ရောဂါဖြစ်ပွား ကူးစက်မှုကို တွန်းအားပေးနေပါတယ်။ အဲဒီတော့ အခုဆောင်ရွက်နေတဲ့ လုပ်ငန်းတွေကို ဂရုမပြုဘဲ၊ အလေးမထားဘဲ ဆောင်ရွက်နေထိုင်ကြမယ်ဆိုရင် နောက်ဆက်တွဲအနေနဲ့ ကိုဗစ် – ၁၉ ရောဂါဟာ ပြည်သူလူထုထဲမှာ ကူးစက်မှုတစ်ဖန်ဖြစ်ပွားပြီး တတိယအကြိမ်၊ စတုတ္ထအကြိမ် ပြန်လည်ပြီးခေါင်းမော့လာနိုင်တဲ့ အနေအထားတွေလည်း ဖြစ်နိုင်တယ်လို့ သုံးသပ်ရပါတယ်။

အဲဒီတော့ ဖြစ်နိုင်ခြေတွေသိတဲ့အခါ ကျွန်တော်တို့က ကြိုတင်ကာကွယ်ရေးနဲ့ ပြင်ဆင်ရေးလုပ်ငန်းတွေကို ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ပြည်သူလူထုအနေနဲ့လည်း မိမိတို့ကို ရောဂါကူးစက် ဖြစ်ပွားမှုမရှိဖို့ကို အထူးဂရုပြုနေထိုင်ဖို့ လိုပါတယ်။ ဒီလိုနေထိုင်ဖို့အတွက်လည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ညွှန်ကြားချက်တွေ၊ လမ်းညွှန်ချက်တွေကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေတာပါ။

နောက်အရေးကြီးတာတစ်ခု ပြောချင်တာက ခုန ဆရာကြီး ဦးထွန်းမြင့် ပြောတဲ့အထဲမှာလည်း ပါပါတယ်။ ရောဂါလက္ခဏာမပြဘဲ ခန္ဓာကိုယ်ထဲမှာ ရောဂါပိုးကို သယ်ဆောင်ပြီး အခြားသူတွေကို ကူးစက်စေနိုင်တဲ့ Asymptomatic Carrier ပေါ့။ ဒီကနေတစ်ဆင့် အခြားသူတွေကို ကူးစက်ဖြစ်ပွားစေနိုင်ပါတယ်။ လက်ရှိတွေ့ရှိချက်အရ Asymptomatic Carrier က ၆၅ ရာခိုင်နှုန်းခန့်၊ ဆိုလိုတာက လူ ၁၀ ယောက်မှာ ၆ ယောက်/ ၇ ယောက်က ရောဂါလက္ခဏာမပြဘဲ ရှိနေနိုင်တော့ သူတို့ကတစ်ဆင့် အခြားသူတွေကို ကူးစက်မှုရှိပါတယ်။

ဒါကြောင့် ပြည်သူတွေအနေနဲ့ မည်သည့်နေရာတွင် နေထိုင်သည်ဖြစ်စေ ကိုဗစ် – ၁၉ ရောဂါကို ကာကွယ်ဖို့အတွက် အချိန်နဲ့အပြည့် လိုအပ်နေဆဲ ဖြစ်ပါတယ်။ ဒီလုပ်ငန်းတွေကလည်း ဆက်ပြီး ဆောင်ရွက်သွားရမှာက New Normal လို့အားလုံးသိတဲ့ ကိုဗစ် – ၁၉ ရောဂါနဲ့အတူ ယှဉ်တွဲပြီး သတိပြုနေထိုင်ရမယ့် အစီအစဉ်ဖြစ်ပါတယ်။ မိမိကိုယ်မိမိ လုံခြုံစွာနေထိုင်ဖို့က အထူးအရေးကြီးပါတယ်။

ဒီလိုလုံခြုံစွာနေထိုင်နိုင်ဖို့အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက လိုအပ်တဲ့ ညွှန်ကြားချက်တွေ၊ အကြံပြုချက်တွေ၊ လမ်းညွှန်ချက်တွေ၊ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းစဉ်တွေကို တိကျစွာ လိုက်နာနိုင်ဖို့အတွက် အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးထားပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ ဆောင်ရွက်ချက်တွေနဲ့အတူ ပူးပေါင်းပြီး ပါဝင်ကူညီဆောင်ရွက်ပေးဖို့အတွက်ကိုလည်း တစ်ပါတည်း ကျွန်တော် မေတ္တာရပ်ခံလိုပါတယ်။

ဒီနေရာမှာ အဓိက အချက်တွေကတော့ သတိနဲ့နေ၊ သတိနဲ့သွား၊ သတိနဲ့နေထိုင်ရမယ့် ကိစ္စရပ်တွေ ဖြစ်ပါတယ်။ နောက်ပြီး ကူးစက်မှု မဖြစ်အောင်၊ ပြန့်ပွားမှု မဖြစ်အောင် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အဲဒီတော့ တစ်ဖက်မှာ ကုသရေးလုပ်ငန်းတွေကို တိုးမြှင့်ပြီး ဆောင်ရွက်တယ်။ တစ်ဖက်မှာလည်း လူနာသစ်ရှာဖွေ တွေ့ရှိတဲ့အခါထားဖို့ ကွာရန်တင်းစင်တာတွေ ဆောင်ရွက်နေ တယ်။ ဒါပေမယ့် ဒါတွေတိုးလုပ်နေပေမယ့် အဲဒီနေရာတွေကို မရောက်လာရင်တော့ အကောင်းဆုံးဖြစ်ပါတယ်။

တစ်ဖက်မှာ ကာကွယ်ဆေးဆိုတာလည်း ပေါ်လာနိုင်တယ်။ ဒါပေမယ့် ဘယ်ကာကွယ်ဆေးပဲဖြစ်ဖြစ် ၁၀၀ ရာခိုင်နှုန်းအပြည့် အာမခံချက်လည်း ရှိနိုင်မှာမဟုတ်သလို အသစ်ဖြစ်တဲ့ ကာကွယ်ဆေးဖြစ်တဲ့အတွက်ကြောင့် အကျိုးအာနိသင်ကိုလည်း ကျွန်တော်တို့က စောင့်ကြည့်ရမှာလည်း ရှိပါတယ်။ အဲဒီတော့ ဒါတွေထက်စာရင် အခြေခံအချက်တွေကို ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အမြဲတမ်း ပြောနေတဲ့ တတ်နိုင်သလောက် မိမိအိမ်မှာ နေပေးကြပါ။

ကိစ္စကြီးငယ်မရှိဘဲ အပြင်ထွက်တာကို တတ်နိုင်သလောက် ရှောင်ပေးပါ။ နေမယ်ဆိုရင်လည်း ခပ်ခွာခွာနေတဲ့ကိစ္စလည်း အထူးအရေးကြီးပါတယ်။ အထူးသဖြင့်တော့ လူစုလူဝေးကို အတတ်နိုင်ဆုံး ရှောင်ရှားပေးဖို့၊ မဆောင်ရွက်ဖို့ ပိုပြီးတော့ အရေးကြီးပါတယ်။ ဒ့ါအပြင် တစ်ဦးချင်း၊ တစ်ယောက်ချင်းက ပါးစပ်နှာခေါင်းစည်းကို စနစ်တကျ တပ်ဆင်မယ်၊ အသုံးပြုမယ်၊ စနစ်တကျ စွန့်ပစ်မယ် ဒီဟာတွေကလည်း အထူးအရေးကြီးပါတယ်။

ပြီးတော့ တစ်ဦးချင်းက လက်ကို ရေနဲ့ ဆပ်ပြာ အသုံးပြုပြီး စက္ကန့် ၂၀ ကြာအောင် စနစ်တကျ မကြာခဏ ဆေးကြောပေးဖို့၊ ဒါမရနိုင်ဘူးဆိုရင်လည်း အယ်လ်ကိုဟော ၆၀ ရာခိုင်နှုန်းအထက်ပါတဲ့ လက်သန့်စင်ဆေးရည်ကိုသုံးပြီး လက်သန့်ရှင်းရေးကို ပြုလုပ်ပေးဖို့ ၊ လက်သန့်ရှင်းရေးကို မလုပ်ဘဲနဲ့ မိမိရဲ့ မျက်လုံး၊ နှာခေါင်း၊ ပါးစပ်၊ T–Zone လို့ခေါ်တဲ့ ဒီနေရာတွေကို ထိမိ၊ ကိုင်မိတာ မဖြစ်အောင် အထူးဂရုစိုက်ပါ။ ချောင်းဆိုး၊ နှာချေတယ်ဆိုရင်လည်း လမ်းညွှန်ချက်တွေကို စနစ်တကျလိုက်နာဖို့ လိုပါတယ်။

ဒါတွေဟာ အလွန်ရိုးစင်းတဲ့ အခြေခံအချက်အလက်တွေ ဖြစ်ပေမယ့် တိတိကျကျ လိုက်နာမယ်ဆိုရင်တော့ အခုဖြစ်ပွားနေတဲ့ ကိုဗစ် – ၁၉ ကူးစက်ရောဂါ ကပ်အသွင်ဖြစ်ပွားမှု၊ ကူးစက်မြန် ဖြစ်ပွားမှု၊ ဒေသတွင်းကူးစက်မှုတွေကို ကျွန်တော်တို့ထိန်းချုပ်နိုင်မယ်၊ မဖြစ်အောင်ကာကွယ်နိုင်မယ်၊ လျော့နည်းသွားအောင်လုပ်နိုင်မယ် ဆိုတာတွေကို တင်ပြချင်ပါတယ်။

နောက်တစ်ခုက ဗိုင်းရပ်စ်ရဲ့ သဘာဝအရပြောင်းလဲလာတဲ့ အခြေအနေတွေ ရှိပါတယ်။ ပြောင်းလဲလာတဲ့ အခြေအနေ၊ ဖြစ်ပေါ်နေတဲ့အခြေအနေအပေါ်မှာ မူတည်ပြီး အချိန်နှင့်တစ်ပြေးညီ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေနဲ့ လိုအပ်တဲ့ လမ်းညွှန်ချက်တွေ၊ ညွှန်ကြားချက်တွေကို ထုတ်ပြန်သွားမှာဖြစ်တဲ့အတွက် ပြည်သူလူထုအနေနဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်တဲ့ ညွှန်ကြားချက်တွေကို စနစ်တကျ ပူးပေါင်းပါဝင်လိုက်နာဆောင်ရွက်ခြင်းဖြင့် ကိုဗစ် – ၁၉

*စာမျက်နှာ ၁၉ သို့*

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၁၂-၁၁-၂၀၂၀) ရက်နေ့၊ ညနေ (၄:၀၀)နာရီ

၁။ (၁၁-၁၁-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ (၁,၂၁၂) ဦး၏ မြို့နယ်အလိုက်တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြု လူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | အင်းစိန် | ၇၇ |
| | | ကမာရွတ်* | ၇၃ |
| | | မြောက်ဥက္ကလာပ | ၇၂ |
| | | ရွှေပြည်သာ | ၆၅ |
| | | မှော်ဘီ | ၆၂ |
| | | သာကေတ | ၅၀ |
| | | မင်္ဂလာဒုံ* | ၄၉ |
| | | သဃ်န်းကျွန်း | ၄၅ |
| | | လှိုင်သာယာ | ၃၇ |
| | | တောင်ဥက္ကလာပ | ၃၅ |
| | | တာမွေ | ၃၅ |
| | | ကြည့်မြင်တိုင် | ၃၂ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၂၉ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၂၅ |
| | | လှိုင် | ၂၄ |
| | | မင်္ဂလာတောင်ညွန့် | ၂၂ |
| | | စမ်းချောင်း* | ၂၁ |
| | | လှည်းကူး | ၂၁ |
| | | ဒေါပုံ | ၂၀ |
| | | မရမ်းကုန်း | ၁၈ |
| | | သန်လျင် | ၁၅ |
| | | ရန်ကင်း | ၁၅ |
| | | ဒလ | ၁၃ |
| | | ဆိပ်ကြီးခနောင်တို | ၁၂ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၁၁ |
| | | လမ်းမတော် | ၁၁ |
| | | ဗိုလ်တထောင် | ၉ |
| | | ဗဟန်း | ၉ |
| | | ဒဂုံမြို့သစ် (ဆိပ်ကမ်း) | ၇ |
| | | အလုံ | ၆ |
| | | ဒဂုံ | ၆ |
| | | ကျောက်တန်း | ၆ |
| | | ကျောက်တံတား | ၅ |
| | | တွံတေး | ၅ |
| | | သုံးခွ | ၅ |
| | | ကွမ်းခြံကုန်း | ၅ |
| | | ကော့မှူး | ၅ |
| | | ခရမ်း | ၄ |
| | | လသာ | ၃ |
| | | ပုဇွန်တောင် | ၂ |
| | | ထန်းတပင် | ၁ |
| | | **စုစုပေါင်း** | **၉၆၇** |
| ၂။ | မန္တလေးတိုင်းဒေသကြီး | ချမ်းအေးသာစံ | ၁၃ |
| | | အမရပူရ | ၁၀ |
| | | မဟာအောင်မြေ | ၉ |
| | | ပြည်ကြီးတံခွန် | ၇ |
| | | ချမ်းမြသာစည် | ၅ |
| | | အောင်မြေသာစံ | ၂ |
| | | ကျောက်ပန်းတောင်း | ၂ |
| | | မိတ္ထီလာ | ၁ |
| | | မြင်းခြံ | ၁ |
| | | ပုသိမ်ကြီး | ၁ |
| | | စဉ့်ကိုင် | ၁ |
| | | တောင်သာ | ၁ |
| | | **စုစုပေါင်း** | **၅၃** |
| ၃။ | ဧရာဝတီတိုင်းဒေသကြီး | မြောင်းမြ | ၈ |
| | | ကျောင်းကုန်း | ၇ |
| | | ကျုံပျော် | ၇ |
| | | ဒေးဒရဲ | ၇ |
| | | ညောင်တုန်း | ၄ |
| | | ဘိုကလေး | ၃ |
| | | ကျိုက်လတ် | ၃ |
| | | မော်လမြိုင်ကျွန်း | ၂ |
| | | ပုသိမ် | ၂ |
| | | ဓနုဖြူ | ၁ |
| | | အိမ်မဲ | ၁ |
| | | လပွတ္တာ | ၁ |
| | | မအူပင် | ၁ |
| | | ဖျာပုံ | ၁ |
| | | ရေကြည် | ၁ |
| | | **စုစုပေါင်း** | **၄၉** |
| ၄။ | ပဲခူးတိုင်းဒေသကြီး | ပဲခူး | ၁၀ |
| | | အုတ်ဖို | ၈ |
| | | ကျောက်တံခါး | ၇ |
| | | မိုးညို | ၅ |
| | | ပန်းတောင်း | ၄ |
| | | ဒိုက်ဦး | ၂ |
| | | ထန်းတပင် | ၂ |
| | | ကဝ | ၂ |
| | | မင်းလှ | ၂ |
| | | ပြည် | ၁ |
| | | တောင်ငူ | ၁ |
| | | **စုစုပေါင်း** | **၄၄** |
| ၅။ | ရခိုင်ပြည်နယ် | မောင်တော | ၁၃ |
| | | ရသေ့တောင် | ၁၀ |
| | | စစ်တွေ | ၆ |
| | | သံတွဲ | ၆ |
| | | ဘူးသီးတောင် | ၄ |
| | | ကျောက်ဖြူ | ၂ |
| | | ကျောက်တော် | ၂ |
| | | ပေါက်တော | ၁ |
| | | **စုစုပေါင်း** | **၄၄** |
| ၆။ | မကွေးတိုင်းဒေသကြီး | အောင်လံ | ၆ |
| | | မကွေး | ၄ |
| | | ဂန့်ဂေါ | ၁ |
| | | မြိုင် | ၁ |
| | | နတ်မောက် | ၁ |
| | | သရက် | ၁ |
| | | **စုစုပေါင်း** | **၁၄** |
| ၇။ | စစ်ကိုင်းတိုင်းဒေသကြီး | ကလေး | ၃ |
| | | စစ်ကိုင်း | ၃ |
| | | တန့်ဆည် | ၃ |
| | | တမူး* | ၂ |
| | | ကသာ | ၁ |
| | | **စုစုပေါင်း** | **၁၂** |
| ၈။ | ရှမ်းပြည်နယ် | တောင်ကြီး | ၄ |
| | | ကလော | ၂ |
| | | ကွတ်ခိုင် | ၂ |
| | | လွိုင်လင် | ၁ |
| | | ရွာငံ | ၁ |
| | | **စုစုပေါင်း** | **၁၀** |
| ၉။ | မွန်ပြည်နယ် | ပေါင် | ၃ |
| | | ကျိုက်ထို | ၂ |
| | | သထုံ | ၁ |
| | | **စုစုပေါင်း** | **၆** |
| ၁၀။ | တနင်္သာရီတိုင်းဒေသကြီး | မြိတ် | ၂ |
| | | ပုလော | ၂ |
| | | ထားဝယ် | ၁ |
| | | ကျွန်းစု | ၁ |
| | | **စုစုပေါင်း** | **၆** |
| ၁၁။ | ကရင်ပြည်နယ် | မြဝတီ | ၂ |
| | | ဘားအံ | ၁ |
| | | ကော့ကရိတ် | ၁ |
| | | သံတောင်ကြီး | ၁ |
| | | **စုစုပေါင်း** | **၅** |
| ၁၂။ | နေပြည်တော် | ပုဗ္ဗသီရိ | ၁ |
| | | တပ်ကုန်း | ၁ |
| | | **စုစုပေါင်း** | **၂** |
| | (၁၁-၁၁-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | **(၁,၂၁၂) ဦး** |

* ပြည်ပမှ ရောက်ရှိလာသူ (၄) ဦးအား အသွားအလာကန့်သတ်ထားခြင်း ဖြစ်ပါသည်။

မှတ်ချက်။ (၁၁-၁၁-၂၀၂၀)ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၁,၂၁၂) ဦးတွင် အနံ့မရရှိသူ (၃၀၃) ဦး ပါရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# ပြည်ပနိုင်ငံများရောက် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ခဲ့

**နေပြည်တော် နိုဝင်ဘာ ၁၂**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြင်သစ်၊ စပိန်နှင့် အနီးတစ်ဝိုက်ဒေသများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာသဘော်သား ၄၃ ဦးအား မြန်မာသံရုံး၊ ပါရီမြို့မှ စီစဉ်သည့် Amelia လေကြောင်းလိုင်း ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့နံနက် ၈ နာရီခွဲတွင် လည်းကောင်း၊ ဂျပန်နိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာသဘော်သားများ အပါအဝင် မြန်မာနိုင်ငံသား ၁၅၆ ဦးအား မြန်မာသံရုံး၊ တိုကျိုမြို့မှ စီစဉ်သည့် All Nippon Airways လေကြောင်းလိုင်း (ANA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညနေ ၅ နာရီတွင် လည်းကောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။ (ယာပုံ)

ထို့ပြင် ကိုရီးယားသမ္မတနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာသဘော်သားများအား မြန်မာသံရုံး၊ ဆိုးလ်မြို့နှင့် မြန်မာနိုင်ငံပင်လယ်ကူးသဘော်သားများအဖွဲ့ချုပ်တို့မှ ပူးပေါင်းစီစဉ်သည့် မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) ကယ်ဆယ်ရေး လေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယမန်နေ့မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြပြီး အဆိုပါကယ်ဆယ်ရေးလေယာဉ်တွင် ကိုရီးယားသမ္မတနိုင်ငံမှ ၄၁ ဦး၊ ပနားမားမှ ၁၈ ဦး၊ မက္ကဆီကိုမှ ၃၆ ဦး၊ အင်ဒိုနီးရှားမှ ခြောက်ဦး၊ စင်ကာပူ မှ ၃၉ ဦး၊ တောင်အာဖရိကမှ နှစ်ဦး၊ ဗီယက်နမ်မှ တစ်ဦး၊ ဩစတြေးလျမှတစ်ဦး မြန်မာနိုင်ငံသား စုစုပေါင်း ၁၄၄ ဦး လိုက်ပါခဲ့ကြသည်။

အလားတူ အိုမန်၊ဘာရိန်း၊ အာရပ်စော်ဘွားများ ပြည်ထောင်စုတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား မြန်မာသံရုံး၊ ကိုင်ရိုမြို့မှ စီစဉ်သည့် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း(MAI) ကယ်ဆယ်ရေး လေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယမန်နေ့ည ၁၀ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြပြီး အဆိုပါကယ်ဆယ်ရေးလေယာဉ်တွင် ဆော်ဒီအာရေဗျမှ နှစ်ဦး၊ ကာတာမှ လေးဦး၊ ယူအေအီးမှ ၉၁ ဦး၊ ဘာရိန်းမှ နှစ်ဦး၊ ကူဝိတ်မှ တစ်ဦး၊ ဂျာမနီမှ တစ်ဦး၊ မော်လ်ဒိုက်မှ ခြောက်ဦး၊ ဘင်္ဂလားဒေ့ရှ်မှ တစ်ဦး၊ အိန္ဒိယမှ ခြောက်ဦး၊ တန်ဇန်နီးယားမှ နှစ်ဦး၊ ပနားမားမှ ရှစ်ဦး၊ နိုင်ဂျီးရီးယားမှ နှစ်ဦး၊ အင်္ဂလန်မှ ၁၀ ဦး၊ ရုရှားမှ တစ်ဦး၊ အီဂျစ်မှ ကိုးဦး၊ ဩစတြေးလျမှ သုံးဦး၊ မြန်မာနိုင်ငံသား စုစုပေါင်း ၁၄၉ ဦး လိုက်ပါခဲ့ကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့် နေရာ/ သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ခုနစ်ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာသဘော်သားများနှင့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိသည်။

**သတင်းစဉ်**



# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၁၁၄၅ ဦး တွေ့ရှိ

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း
## (၁၂-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁၁-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၂-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၇,၂၅၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၁,၁၄၅) ဦး တွေ့ရှိ**ရပါသည်။

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
(၁၂-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၁,၆၃၈) ခု | (၁၄၆) ဦး |
| ဆေးသုတေသနဦးစီးဌာန (DMR) | (၆၀၄) ခု | (၉၀) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) | (၃၆၅) ခု | (၁၆) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (တောင်ကြီး) | (၁၄၈) ခု | (၁) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၆၅) ခု | (၄၄) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၄၁) ခု | (၂) ဦး |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၃၀) ခု | (၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် Gene Xpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၈၅) ခု | (၂၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၀၃၇) ခု | (၃၀၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၂,၄၃၇) ခု | (၅၁၆) ဦး |
| **စုစုပေါင်း** | **(၁၇,၂၅၀) ခု** | **(၁,၁၄၅) ဦး** |

- Rapid Antigen Diagnostic Test Kit များဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီးများနှင့် မြို့နယ်များတွင် ဆက်လက်စစ်ဆေးလျက်ရှိပြီး အဆိုပါစစ်ဆေးမှုများတွင် အနံ့မရရှိသူများလည်း ပါဝင်ပါသည်။

မြန်မာနိုင်ငံတွင် COVID-19 လူနာဖြစ်ပွား၊ သေဆုံးမှုအခြေအနေ
(၁၂-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁၇,၂၅၀) ဦး | (၈၅၃,၉၄၇) ဦး |
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၁,၁၄၅) ဦး | (၆၅,၅၉၈) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၁,၀၃၁) ဦး | (၄၉,၅၆၃) ဦး |
| သေဆုံးလူနာ | (၂၈) ဦး | (၁,၅၀၈) ဦး |

- ယနေ့ **သေဆုံးသူ (၂၈) ဦး** အနက် ရောဂါအခံရှိသူ (၁၉) ဦးပါဝင်ပါသည်။
- တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID-19 ရောဂါ ကုသရေးဌာနများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၁,၀၃၁) ဦးတွင်-
  - ပြည်သူ့ဆေးရုံများ – (၃၄၀) ဦး
  - COVID-19 ရောဂါ ကုသရေးဌာနများ(ရန်ကုန်မြို့) – (၆၉၁) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း အသွားအလာကန့်သတ်ထားရှိရာ နေရာများမှ ဓာတ်ခွဲ အတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက် Negative အဖြေထွက်ရှိခဲ့ပြီး နေအိမ်များတွင် အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း (၁,၀၆၂)ဦးတွင်-
  - Hotel Quarantine – (၁၄၄) ဦး
  - Facility Quarantine – (၃၃၂) ဦး
  - Community Based Facility Quarantine – (၄၆၄) ဦး
  - Anosmia Center – (၁၂၂) ဦး

ပါဝင်ပြီး ၎င်းတို့အား နေအိမ်များတွင် အသွားအလာ ဆက်လက်ကန့်သတ်ထားရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ၁၂-၁၁-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၀၇၀၈၇၂၈ | ၆၆၄၈၇၀၅ | ၂၄၇၃၉၈ |
| ၂။ | အိန္ဒိယ | ၈၆၈၅၀၈၄ | ၈၀၆၄၆၉၈ | ၁၂၈၁၇၉ |
| ၃။ | ဘရာဇီး | ၅၇၄၉၀၀၇ | ၅၀၆၄၃၄၄ | ၁၆၃၄၀၆ |
| ၄။ | ပြင်သစ် | ၁၈၆၅၅၃၈ | ၁၃၃၆၉၆ | ၄၂၅၃၅ |
| ၅။ | ရုရှား | ၁၈၅၈၅၆၈ | ၁၃၈၈၁၆၈ | ၃၂၀၃၂ |
| ၆။ | စပိန် | ၁၄၆၃၀၉၃ | စိစစ်ဆဲ | ၄၀၁၀၅ |
| ၇။ | အာဂျင်တီးနား | ၁၂၇၃၃၅၆ | ၁၀၈၁၈၉၇ | ၃၄၅၃၁ |
| ၈။ | ဗြိတိန် | ၁၂၅၆၇၂၅ | စိစစ်ဆဲ | ၅၀၃၆၅ |
| ၉။ | ကိုလံဘီယာ | ၁၁၆၅၃၂၆ | ၁၀၇၀၄၂၃ | ၃၃၃၁၂ |
| ၁၀။ | အီတလီ | ၁၀၂၈၄၂၄ | ၃၇၂၁၁၃ | ၄၂၉၅၃ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၂- ၁၁ - ၂၀၂၀

| | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၅၂၂၉၁ | ၃၈၂၀၈၄ | ၁၄၉၃၃ |
| ဖိလစ်ပိုင် | ၄၀၂၈၂၀ | ၃၆၂၄၁၇ | ၇၇၂၀ |
| မြန်မာ | ၆၅၅၉၈ | ၄၉၅၆၃ | ၁၅၀၈ |
| စင်ကာပူ | ၅၈၁၀၂ | ၅၇၉၉၀ | ၂၈ |
| မလေးရှား | ၄၃၇၉၁ | ၃၂၀၆၉ | ၃၀၃ |
| ထိုင်း | ၃၈၅၂ | ၃၆၉၃ | ၆၀ |
| ဗီယက်နမ် | ၁၂၅၃ | ၁၀၉၃ | ၃၅ |
| ကမ္ဘောဒီးယား | ၃၀၁ | ၂၈၈ | ၀ |
| ဘရူနိုင်း | ၁၄၈ | ၁၄၅ | ၃ |
| လာအို | ၂၄ | ၂၃ | ၀ |

*စာမျက်နှာ ၁၇ မှ*

ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းကို အောင်မြင်စွာ ဆောင်ရွက်နိုင်အောင် ဝိုင်းဝန်းပြီး ဆောင်ရွက်ပေးပါလို့ ပြောကြားလိုပါတယ်။ ကျေးဇူးတင်ပါတယ်။ ဆွေးနွေးတဲ့ အချိန်လည်း ပြည့်သလောက်ရှိပါ ပြီ။ ဒါကြောင့် ပြည်သူလူထုကို သတင်းစကားလေး မှာကြားဖို့အတွက်ကို ဆရာကြီး ဦးညွန့်သိန်းကို အရင်ဖိတ်ခေါ်ပါရစေ။

**ဒေါက်တာညွန့်သိန်း**။ ။ ကျွန်တော် ခုနပြောခဲ့သလိုပါပဲ ကျွန်တော်တို့ဒုတိယအောင်ပွဲရဖို့ ပြည်သူလူထုအများကြီး လိုပါတယ်။ ပြည်သူလူထုက ဂရုစိုက်ပြီး ဒုတိယအောင်ပွဲအတွက်ကို ဝိုင်းလုပ်ပေးပါလို့ ကျွန်တော်ပြောချင်ပါတယ်။

**ဒေါက်တာထွန်းမြင့်**။ ။ ကျွန်တော်ကတော့ ပြည်သူလူထုကို မေတ္တာရပ်ခံချင်တာပါ။ အထူးသဖြင့် ရန်ကုန်တိုင်းဒေသကြီးမှာရှိတဲ့ ပြည်သူလူထု နောက်ပြီး Volunteer တွေ အားလုံး၊ လူမှုရေးအဖွဲ့တွေအားလုံး၊ ဌာနဆိုင်ရာတွေ အားလုံး ကျွန်တော်တို့တွေက ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ အရှိန်မြှင့်ဆောင်ရွက်မယ့်၊ T သုံးလုံးနဲ့ လုပ်မယ့် C သုံးလုံး Project မှာ ကျွန်တော်တို့ ကျန်းမာရေး ဝန်ထမ်းတွေနဲ့ အတူ အားလုံးတစ်သားတည်း ပူးပေါင်းဆောင်ရွက်ပေးဖို့၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ ညွှန်ကြားချက်တွေ လိုက်နာပေးဖို့၊ အဲဒါကို လိုက်နာခြင်းအားဖြင့် ကျွန်တော်တို့ကို ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးခြင်းအားဖြင့် ကိုဗစ် – ၁၉ ကို အနိုင်ယူကြပါစို့လို့ တင်ပြလိုပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျာ။

**ဒေါက်တာထွန်းတင်**။ ။ ကျွန်တော်လည်း တစ်ခုတော့ မှာချင်ပါတယ်။ အခြေခံအချက်တွေဖြစ်တဲ့ Social Distancing ၊ ပါးစပ်နှာခေါင်းစည်းတပ်တာ၊ လက်သန့်ရှင်းရေးတွေကို ကိုယ့်ရဲ့မူပိုင်အလေ့အကျင့်တွေဖြစ်အောင် ဆောင်ရွက်သွားမယ်ဆိုရင် ကိုဗစ်– ၁၉ အပါအဝင် အသက်ရှူလမ်းကြောင်းကတစ်ဆင့်ဖြစ်တဲ့ ကူးစက်ရောဂါတွေအပြင် အခြားကူးစက်ရောဂါတွေကိုလည်း မဖြစ်အောင် ကာကွယ်နိုင်မှာဖြစ်သလို ထိန်းချုပ်နိုင်မှာလည်း ဖြစ်ပါတယ်။ ပြည်သူလူထုအနေနဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနဲ့ အတူ ပူးပေါင်းဆောင်ရွက်ပေးပါလို့ မေတ္တာရပ်ခံပါတယ်။ ကျေးဇူးတင်ပါတယ်။




ရန်ကုန်တက္ကသိုလ်ဝင်းအတွင်းရှိ အင်းဝဆောင်ကို တွေ့ရစဉ်။ ဓာတ်ပုံ - တင်စိုး (မြန်မာ့အလင်း)

# အင်းဝရဲ့ လွမ်းပုံပြင်

**မောင်ရင်ဆွေ**

**မိမိမွေးဖွားရာအရပ်၊ မိမိပညာသင်ကြားရာအရပ်နှင့် မိမိကြီးပွားရာအရပ်တို့ကို မမေ့အပ်ဟု ရှေးလူကြီးများက ဆိုခဲ့ကြပါသည်။ ကျွန်တော်တို့လည်း လူအဖြစ် မွေးဖွားလာခဲ့ကြသည်။ ပညာလည်း သင်ကြားခဲ့ကြသည်။ ပညာသင်ကြားရာ လမ်းတစ်လျှောက်တွင်လည်း နားခဲ့ခိုခဲ့သည့် နေရာများစွာလည်းရှိခဲ့ပါသည်။ ထိုနေရာများထဲတွင် တွေးမိတိုင်း လွမ်းရသည့် နေရာတစ်ခုလည်း ရှိပါသည်။ ထိုနေရာမှာ အခြားမဟုတ်ပေ။ ကျွန်တော်တို့၏ သမိုင်းလှပြောင် အင်းဝဆောင်ပဲ ဖြစ်သည်။**

အင်းဝဆောင်သည် ရန်ကုန်တက္ကသိုလ်ဝင်းထဲတွင် ရှိပါသည်။ အဓိပတိပေါက်မှဝင်၍ အဓိပတိလမ်းအတိုင်း လျှောက်လာလျှင် စစ်ကိုင်းလမ်းသို့ ရောက်ပါမည်။ စစ်ကိုင်းလမ်းအတိုင်း ရှေ့နည်းနည်း လျှောက်လိုက်လျှင် သိပ္ပံကန်တင်းသို့ ရောက်ပေမည်။ ထိုသိပ္ပံကန်တင်း ရှေ့တည့်တည့်က အဆောက်အအုံသည် အင်းဝဆောင်ပဲ ဖြစ်သည်။ သိပ္ပံကန်တင်းမှကြည့်လျှင် အဆောင်မုခ်ဝတွင် အင်းဝဆောင်ဟူသော ရွှေရောင် (ယခုအဖြူရောင်) စာလုံးကို မြင်တွေ့ရ ပေလိမ့်မည်။ အင်းဝဆောင်သည် စစ်ကိုင်း၊ ပင်းယ၊ ပဲခူး၊ သထုံဆောင်တို့နှင့်အတူ ရန်ကုန်တက္ကသိုလ် ဖွင့်လှစ်အပြီး ရှစ်နှစ်အကြာ ၁၉၂၈ ခုနှစ်၌ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ အရောင်က နီကြန့်ကြန့်ဖြစ်သည်။ နီကြန့်ကြန့် အရောင်က ရဲရင့်မှုကိုဖြစ်စေသည်။ အရောင်ကသာ ရဲရင့်သည်မဟုတ်။ စွမ်းရည်ကလည်း ရဲရင့်လှသည်။ ထိုအချက်ကို ဆရာတင်ဇ (ရှမ်းပြည်)၊ ဦးအောင်သန်း (ဗိုလ်ချုပ်အောင်ဆန်း၏အစ်ကို)၊ မန်းတင်၊ တက္ကသိုလ်နေဝင်း၊ ဒေါက်တာမောင်မောင်ခ၊ ဒေါက်တာသာလှ စသည့်ပုဂ္ဂိုလ်များက ပြောပြနေပေလိမ့်မည်။

အင်းဝဆောင်ကို ဝင်လိုက်ပြီဆိုလျှင် မှိန်ပျပျ မီးရောင်က ကြိုဆိုနေပေလိမ့်မည်။ မှိန်ပျမှုသည် အခြားအရာများအတွက် ကောင်းချင်မှ ကောင်းမည်ဖြစ်သော်လည်း အင်းဝဆောင်အတွက်မူ အထူးပင်ကောင်းသည်ဟု ဆိုရပေလိမ့်မည်။ မှိန်ပျမှုက အအေးဓာတ်ကို ပို၍ဖြစ်စေသည်။ ရောက်လာသူအပေါင်းကို ထိုအအေးဓာတ်ဖြင့် ဧည့်ခံလေ့ရှိသည်။ ရောက်လာသူအပေါင်းကလည်း "ဒီနေရာလေးက အေးလိုက်တာ"ဟု ပြောကြမြဲဖြစ်သည်။ ခုံတန်းလျားချထားသောကြောင့် ဧည့်ဂေဟာကလေးတစ်ခုကဲ့သို့ ဖြစ်နေတာလည်း ပါပါလိမ့်မည်။ အဆောင်ရိပ်ကသာ အေးသည် မဟုတ်၊ အဆောင်မှူးနှင့် အဆောင်သားတို့၏ အရိပ်ကလည်းအေးကြောင်း ရောက်ဖူးသူအပေါင်း သိကြပေလိမ့်မည်။

အင်းဝဆောင်၏ ထူးခြားမှုတစ်ခုကလည်း ရှိပါသေးသည်။ ဘုရားခန်းပဲဖြစ်သည်။ ထိုဘုရားခန်းထဲတွင် မြတ်စောညီနောင်ရုပ်ပွားတော်နှစ်ဆူ ကိန်းဝပ်စံပယ်လျက်ရှိပါသည်။ ဘုရားခန်းအပြင်အဆင်နှင့် ဘုရားနှစ်ဆူမှာ အလွန်ပင် ပနံတင့်လှပါသည်။ ဘုရားခန်းထဲ ရောက်လာသူအပေါင်းကို ကိုယ်စိတ်နှစ်ဖြာ အေးချမ်းသွားစေပါသည်။ အင်းဝဆောင်ရှိ မြတ်စောညီနောင်ဘုရားကို အင်းဝဆောင်သားများသာမက ရန်ကုန်တက္ကသိုလ်ဝင်းရှိ အခြားသူများပါ လာရောက်ဖူးမြော်ကြပါသည်။ တစ်ခါတစ်ရံ ရပ်ဝေးကသူများပင် လာရောက်ဖူးမြော်ကြသည်ကိုလည်း တွေ့ရပါသည်။ ဆုတောင်းပြည့်သည်ဟုလည်း ဆိုကြပါသည်။ မြတ်စောညီနောင် ဘုရားနှစ်ဆူကလည်း အင်းဝဆောင်ကိုပို၍ ဂုဏ်တက်စေခဲ့ပါသည်။

## အင်းဝဆောင်နှင့် ကျွန်တော် ရေစက်ဆုံ

အင်းဝဆောင်မှ ဆက်သွားလျှင် စစ်ကိုင်းဆောင်၊ ပင်းယဆောင်၊ ပဲခူးဆောင်၊ သထုံဆောင်တို့သို့ ရောက်ပေမည်။ ထိုအဆောင်များသည် တစ်ဆက်တစ်စပ်တည်း ရှိနေပြီး အတူမွေးဖွားခဲ့ကြသော ညီအစ်ကိုဆောင်များဖြစ်သည်။ အဆောင်များက ညီအစ်ကိုတော်ကြသကဲ့သို့ အဆောင်နေကျောင်းသားများကလည်း ညီအစ်ကိုပမာ ရင်းနှီးခဲ့ကြပေသည်။ အင်းဝနှင့် ကျွန်တော်၊ ကျွန်တော်နှင့် အင်းဝ ရေစက်ဆုံပုံကလည်း တိုက်ရိုက်မဟုတ်ဘဲ သွယ်ဝိုက်လွန်းသည်ဟု ဆိုရပေမည်။

ကျွန်တော်သည် ပဲခူးဒီဂရီကောလိပ်က မဟာအရည်အချင်းစစ်တန်း အောင်ခဲ့ပါသည်။ ထုံးစံအရ မဟာဝိဇ္ဇာတန်းကို တောင်ငူတက္ကသိုလ် သွားတက်ရမည်ဖြစ်သည်။ တောင်ငူတက္ကသိုလ်သည် ကျွန်တော့်အတွက် သွားရေးလာရေးအဆင်မပြေလှ။ ရန်ကုန်တက္ကသိုလ် တက်ချင်ပါကလည်း ဝင်ခွင့်ဖြေရမည်။ ထိုအချိန်က ရန်ကုန်တက္ကသိုလ်သည် ဝိဇ္ဇာဘာသာတွဲတွင် ငါးယောက်သာ လက်ခံပြီး သိပ္ပံဘာသာတွဲတွင် ဆယ်ယောက်သာ လက်ခံပါသည်။ ဝင်ခွင့်ဖြေ၍ အောင်လျှင် ရန်ကုန်တက္ကသိုလ် တက်ရပေမည်။ မအောင်လျှင်ရောဆိုသော မေးခွန်းကလည်း ဝင်လာပြန်သည်။ ထိုအခါ ဘုရင့်နောင်ဖောင်ဖျက်ရတော့သည်။ သို့နှင့် ရန်ကုန်တက္ကသိုလ်ဝင်ခွင့် ဖြေခဲ့ပါသည်။ ကံကောင်းထောက်မစွာ ဝင်ခွင့်အောင်ခဲ့ပါသည်။ ဖောင်ဖျက်ရကျိုးနပ်သည်ဟု ဆိုရပေမည်။ စွဲလမ်းခဲ့ရသော ရန်ကုန်တက္ကသိုလ်တွင် ကျောင်းတက်ရပေတော့မည်။

ကျောင်းတက်ရတော့မည်ဆိုသောအခါ ဝမ်းသာဝမ်းနည်း ဒွန်တွဲခံစားရတော့သည်။ ဝမ်းသာရသည်က ရန်ကုန်တက္ကသိုလ် ခြေချခွင့်ရခြင်းဖြစ်ပြီး ဝမ်းနည်းခြင်းမှာ နေစရာ အခက်ကြုံရခြင်းဖြစ်သည်။ ရန်ကုန်မှာက ကျောချဖို့ တစ်နေရာပင် မလွယ်လှ။ ထိုအခါ ဘုန်းကြီးကျောင်းကို အားကိုးရတော့သည်။ ကျွန်တော်တို့ရွာသား ဦးတင်ငွေကြီးက သူ့ဆရာတော်ကျောင်းကို လိုက်လျှောက်ပေးပါသည်။ ကံအားလျော်စွာ ဆရာတော်က နေခွင့်ပြုပါသည်။ ကျွန်တော်နေခွင့်ရသောကျောင်းမှာ ဗဟန်းကြားတောရရှိ သုံးထပ်ကျောင်း ဖြစ်ပါသည်။ ခုတော့ ဦးတင်ငွေကြီးရော ဆရာတော်ပါ မရှိရှာတော့ပေ။ ထိုကျေးဇူးများကိုလည်း အထူးအောက်မေ့မိပါသည်။

*စာမျက်နှာ ၂၁ သို့*

> **"အင်းဝဆောင်သည် စစ်ကိုင်း၊ ပင်းယ၊ ပဲခူး၊ သထုံဆောင်တို့နှင့်အတူ ရန်ကုန်တက္ကသိုလ် ဖွင့်လှစ်အပြီး ရှစ်နှစ်အကြာ ၁၉၂၈ ခုနှစ်၌ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ အရောင်က နီကြန့်ကြန့်ဖြစ်သည်။ နီကြန့်ကြန့် အရောင်က ရဲရင့်မှုကိုဖြစ်စေသည်။ အရောင်ကသာ ရဲရင့်သည်မဟုတ်။ စွမ်းရည်ကလည်း ရဲရင့်လှသည်။ ထိုအချက်ကို ဆရာတင်ဇ (ရှမ်းပြည်)၊ ဦးအောင်သန်း (ဗိုလ်ချုပ်အောင်ဆန်း၏ အစ်ကို)၊ မန်းတင်၊ တက္ကသိုလ်နေဝင်း၊ ဒေါက်တာမောင်မောင်ခ၊ ဒေါက်တာသာလှ စသည့်ပုဂ္ဂိုလ်များက ပြောပြနေပေလိမ့်မည်"**



### ဆောင်းပါးရှင် မောင်ရင်ဆွေ၏ ကိုယ်ရေးအကျဉ်း

- အမည်ရင်းမှာ အောင်ဆန်းဖြစ်သည်။
- ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ပြွန်တန်ဆာမြို့အပိုင် ကတုတ်၊ ကြောင်လျှာဖျား၊ ကျောင်းစု ကျေးရွာတွင် အဖ ဦးမောင်ငယ်၊ အမိ ဒေါ်ပုရင်တို့က ၁၉၇၉ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက် (စနေနေ့)တွင် မွေးဖွားခဲ့သည်။
- အခြေခံပညာကို အ.မ.က ကတုတ်၊ ကြောင်လျှာဖျား၊ ကျောင်းစုကျောင်းတွင် သင်ယူခဲ့သည်။
- တက္ကသိုလ်တန်းကို အ.ထ.က ပြွန်တန်ဆာ ကျောင်းက အောင်မြင်ခဲ့သည်။
- ပဲခူးဒီဂရီကောလိပ်မှ မြန်မာစာ အဓိကဖြင့် ဝိဇ္ဇာဘွဲ့ ရရှိခဲ့သည်။
- ရန်ကုန်တက္ကသိုလ်မှ မဟာဝိဇ္ဇာဘွဲ့၊ မဟာသုတေသနဘွဲ့၊ ပါရဂူဘွဲ့များ ရရှိခဲ့သည်။
- အောင်ဆန်း၊ အောင်ဆန်း (မြန်မာစာ)၊ ချစ်ပြည့် (ပြွန်တန်ဆာ)၊ လွမ်းနောင်၊ မောင်ရင်ဆွေ ကလောင်အမည်များဖြင့် စာပေများ ရေးသားလျက်ရှိသည်။
- ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာနတွင် လက်ထောက် ကထိကအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။



ရန်ကုန်တက္ကသိုလ်ဝင်းအတွင်းရှိ မာလာဆောင်ကို တွေ့ရစဉ်။ ဓာတ်ပုံ - တင်စိုး (မြန်မာ့အလင်း)

**"ထိုအချိန်က အင်းဝဆောင်တွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည်ဖြင့် လူမျိုးစုံလှပေသည်။ ဗမာထဲတွင်လည်း အထက်ဗမာ၊ အောက်ဗမာတို့လည်း ရှိကြသေးသည်။ လူမျိုးစုံ၍ အကြောင်းလည်း စုံလှပေသည်။ နယ်ပေါင်းစုံက ဓလေ့ပေါင်းစုံ၊ စားစရာပေါင်းစုံကို ကြားရ စားရသည်မှာလည်း ပြော၍ကုန်နိုင်မည် မဟုတ်ပေ။ ပြည်ထောင်စုကြီးထဲက ပြည်ထောင်စုကလေး တက္ကသိုလ်ပင်ဖြစ်၍ နေတော့သည်"**

*စာမျက်နှာ ၂၀ မှ*

ထိုစဉ်က ကြားတောရဘုန်းကြီးကျောင်းနားရှိ လင့်ခ်လမ်း (ယခုရွှေဂုံလမ်း) လမ်းထိပ်မှ လှည်းတန်းခိုင်ရွှေဝါမှတ်တိုင်သို့ ၂၀၄ ဘတ်စ်ကားကို စီးရသည်။ ဘုန်းကြီးကျောင်းဝေယျာဝစ္စ ဝိုင်းလုပ်ပြီးမှ လာရသည်ဖြစ်ရာ ကျောင်းမီအောင် မနည်းအားထုတ်ရသည်။ ကားကလည်းရှား၊ ကြာကလည်းကြာ ရေရှည်မလွယ်လှ။ ထိုအခါ ရန်ကုန်တက္ကသိုလ်ဝင်းထဲတွင်နေရလျှင် ကောင်းမှာပဲဟု တောင့်တမိသည်။ ထိုသို့တောင့်တမိသည်မှာလည်း အကြောင်းရှိပါသည်။ အင်းဝဆောင်၌ ကျွန်တော့်ထက် ဦးစွာ ရောက်နှင့်နေသော မြန်မာစာကျောင်းသားတစ်ဦး ရှိပါသည်။ ဒုတိယနှစ် မဟာဝိဇ္ဇာကျောင်းသား ကိုကျော်စွာ (ယခု ဒေါက်တာ ကျော်စွာဝင်း၊ ကထိက၊ မြန်မာစာဌာန၊ တောင်ငူတက္ကသိုလ်) ဖြစ်သည်။ ကိုကျော်စွာဆီ လာလည်ရင်း အဆောင်မှူး ဆရာဦးမျိုးသန့် (အားလုံးအခေါ် ဆရာမျိုး)ကို တွေ့ဖူးရသည်။ ဆရာ့ကို အဆောင်နေခွင့်လေးပေးရန် ပြောချင်သော်လည်း မပြောဝံ့။ ပြောလည်း မထွက်ခဲ့ပေ။ သည်လိုနှင့် ရက်ကို လစားရတက်လည်း ပွားနေခဲ့ရသည်။

### တောင့်တမှုပြည့်ဝ အဆောင်နေခွင့်ရ

တစ်ညနေ အင်းဝဆောင် ကိုကျော်စွာအခန်းရှေ့တွင် ကျွန်တော်ရယ်၊ ကိုကျော်စွာရယ်၊ ဆရာမော် (ယခု ဒေါက်တာမင်းမော်သန့်၊ ပါမောက္ခ၊ ဌာနမှူး၊ စစ်တွေတက္ကသိုလ်) ရယ် မတ်တတ်ရပ် စကားပြောနေစဉ် ဆရာမျိုး အဆောင်ပြန်လာချိန်နှင့်ကြုံ၍ ပက်ပင်းဆုံမိကြပါသည်။ ထိုအခါ ကျွန်တော့်အခက်အခဲကို သိနေသော ဆရာမော်က အဆောင်နေခွင့်ရရန် ပြောပေးပါသည်။ ဆရာမျိုးကလည်း မဆိုင်းမတွပင် နေခွင့်ပေးခဲ့ပါသည်။ ထိုအချိန်မှစ၍ ကျွန်တော့် တောင့်တမှုလည်းပြည့်ဝ၊ တရားမဝင် အင်းဝဆောင်သားလည်း ဖြစ်ရပါတော့သည်။

တရားမဝင် အင်းဝဆောင်သားဆိုသော စကားကိုလည်း အနည်းငယ်ရှင်းပြလိုပါသေးသည်။ ထိုခေတ်လူကြီးများက ကျောင်းသားများစုရုံးနေထိုင်သည်ကို မလိုလားကြပေ။ ထို့ကြောင့် မဟာဝိဇ္ဇာကျောင်းသားမက၍ ပါရဂူကျောင်းသားပင်ဖြစ်နေပါစေ အဆောင်နေခွင့်မပြုခဲ့ပေ။ ထိုအခါ ဆရာမျိုးတို့ကဲ့သို့ မြွေမကြောက်ကင်းမကြောက် ဆရာများထံ ဘဝကို အပ်နှံရတော့သည်။ ဆရာကလည်း မကင်းရာမကင်းကြောင်းနှင့် တိုးတိုးတိတ်တိတ် လက်ခံထားသည်မှာ ဒုက္ခသည်စခန်းတမျှ ရှိလှတော့သည်။ တစ်ခါတစ်ရံ အခွင့်ထူးခံ ကိုယ်တော်များက မီးလှန့်သံပေး၍ စစ်ဆေးမည်ပြုသောအခါ မနေ့ပေါင်စတေးရှောင်ခဲ့ရသည့် အခါပေါင်းကလည်း မနည်းလှပေ။ ပြေရင်းလွမ်းသွားလောက်အောင် စောင့်ရှောက်ခဲ့ကြသည့် အခွင့်ထူးခံကိုယ်တော်ကြီးများကို ကျေးဇူးတင်ရမလိုဖြစ်နေပေသည်။ စတေးရှောင်ရင်း အပေါင်းအသင်းများပင် တိုးပွားခဲ့လေသေးသည်။ ဒါသည်ပင် ကျွန်တော်တို့ တရားမဝင် အင်းဝသားတို့၏ အရသာတစ်မျိုးဖြစ်၍ နေတော့သည်။

ထိုအချိန်က အင်းဝဆောင်တွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည်ဖြင့် လူမျိုးစုံလှပေသည်။ ဗမာထဲတွင်လည်း အထက်ဗမာ၊ အောက်ဗမာတို့လည်း ရှိကြသေးသည်။ လူမျိုးစုံ၍ အကြောင်းလည်း စုံလှပေသည်။ နယ်ပေါင်းစုံက ဓလေ့ပေါင်းစုံ၊ စားစရာပေါင်းစုံကို ကြားရ စားရသည်မှာလည်း ပြော၍ကုန်နိုင်မည် မဟုတ်ပေ။ ပြည်ထောင်စုကြီးထဲက ပြည်ထောင်စုကလေး တက္ကသိုလ်ပင်ဖြစ်၍နေတော့သည်။ ဤမျှ စုံလှသည့်အထဲ ဆရာမျိုးက မြန်မာနိုင်ငံခြေလျင်နှင့် တောင်တက်အသင်း ဥက္ကဋ္ဌဖြစ်နေသေးရာ လူများမှာ ရှိသင့်သည်ထက် ပို၍ စုံလှ စည်လှ ပျော်လှ တော့သည်။

ကျောင်းသားတစ်ယောက်ကို မှတ်မိပါသေးသည်။ ကျွန်တော်နှင့် အခန်းချင်းကပ်လျက်ဖြစ်သည်။ သူ့က နိုင်ငံခြားဘာသာတက္ကသိုလ်ကို ဂျပန်ဘာသာအထူးပြုနှင့် တက်နေသောကြောင့် ဂျပန်ကြီးဟု ခေါ်ကြသည်။ နာမည်နှင့် လိုက်အောင်ပင် လူကောင်ကြီးလှသည်။ လူကောင်ကြီးသလောက် အစားကလည်း မသေးလှပေ။ တစ်ခါ သူ့အိမ်က ပို့လိုက်သော ကြက်ကောင်လုံးကြော်ကို ထိုင်၍ စားနေသည်။ မှတ်မှတ်ရရ နှစ်တုံးလောက်သာကျန်သည် ထင်သည်။ ထိုနှစ်တုံးကို အတူနေဆရာဖို့ ချန်ထားတာဟု ဆိုလာသည်။ ထိုဆရာကို သတိရပေလို့သာ တော်သေးသည်ဟု အောက်မေ့လိုက်သည်။ ကျွန်တော့်မှာ သူ့ကို ကြည့်ရင်း မျက်လုံးများပင် ပြူးခဲ့ရသည်။ ထိုအချိန်က ကျွန်တော်တို့ ကျောင်းသားအများစုမှာ အသားဟင်းကို နမ်းပြီး စားနေရချိန်ဖြစ်ပါသည်။ ယခု အနီဂျပန်ကြီးလည်း ဘယ်ရောက် ဘာလုပ်နေသည်မသိ။ ကျွန်တော့်မှာတော့ ကြက်ကောင်လုံးကြော်မြင်တိုင်း အနီဂျပန်ကြီးကို ပြေးပြေး မြင်ယောင်နေဆဲပင်ဖြစ်သည်။

အင်းဝသားများ အစဉ်အဆက် မမေ့နိုင်သူတစ်ဦး ရှိပါသည်။ သူကား အသားဖြူဖြူ။ အရပ်က ပုပု။ လမ်းလျှောက်လျှင် သိုးသိုးသွက်သွက်။ အသံကဝဲဝဲ။ သို့သော် ကြည်တော့ကြည်၏။ လူတွေ့လျှင် ဗိုက်ကို လက်သီးနှင့် ဖွဖွထိုးကာ နှုတ်ဆက်တတ်၏။ အင်းဝသား အမည်မှန်သမျှ သူမခေါ်ဖူးသူမရှိ။ တစ်ခါတစ်ရံ သူ့ပါးစပ်အောက်က အလုပ်လုပ်ရသည်။ တစ်ခါတစ်ရံ သူ့ပါးစပ်အောက်က ကျောင်းသွားရသည်။ တစ်ခါတစ်ရံ သူ့ပါးစပ်အောက်က ချိန်းထားသူနှင့် တွေ့ရသည်။ အများစုက သူ့အသံကို မျှော်လင့်ကြသည်။ နားစွင့်ကြသည်။ သူခေါ်လျှင် ပျော်နေတတ်ကြသည်။ သူကား အခြားမဟုတ် အင်းဝဆောင်ရဲ့ အချစ်တော် "ဘပု"ပင် ဖြစ်သည်။ ယခုဘပုလည်းမရှိရှာတော့ပေ။ သို့သော် အင်းဝဆောင်ရှေ့ဖြတ်တိုင်း ဘပုပုံကိုမြင်ယောင်ဆဲ၊ ဘပုအသံကို ကြားယောင်နေဆဲ ဖြစ်ပါသည်။

### အင်းဝဆောင်ကျေးဇူးကြီးပေစွ

အင်းဝဆောင်က အင်းဝသားတွေကို လွမ်းစရာပုံပြင်တွေ တနင့်တပိုးပေးခဲ့သည်။ ပြောလို့လည်း မကုန်။ လွမ်းလို့လည်း မဆုံး။ ရနံ့ထုံလွှမ်းဆဲ။ တွေးမိတိုင်းလည်း အတိတ်က အင်းဝဆောင်သို့ ပြန်လည်ရောက်သွားမြဲဖြစ်သည်။ အင်းဝဆောင်သို့ ပြန်လည်ရောက်သွားတိုင်းလည်း ငယ်ရွယ်နုပျိုသွားမြဲဖြစ်သည်။ အင်းဝဆောင်ကျေးဇူးကား ကြီးမားပေစွ။ အင်းဝရင်ငွေ့ကို လှုံခွင့်ရအောင် ကျေးဇူးပြုခဲ့သော ဆရာမျိုး၏ ကျေးဇူးကား ပို၍ပင် ကြီးလှပေတော့သည်။ ဆရာသည် ကျွန်တော်တို့ကို ရာထူးနှင့်ရင်းပြီး ထားခဲ့ခြင်းဖြစ်သည်။ အခန့်မသင့်လျှင် အလုပ်ပင် ပြုတ်သွားနိုင်ပေသည်။ ထိုအချိန်က အလွန်ပင် အန္တရာယ် ကြီးလှသည်။ ကြောက်စရာ ကောင်းလှပေသည်။ သို့သော် ဆရာ့မေတ္တာစိတ်ကြောင့် ကြောက်စိတ်တို့ လွင့်ပျောက်ခဲ့ဟန်တူသည်။ ဆရာပင်စင်ယူသည်အထိ အစိုးရဝန်ထမ်းဘဝ မြဲခဲ့သည်ကိုတော့ ကျွန်တော်တို့ အထူးဝမ်းသာကြသည်။ အာဏာသည် မေတ္တာကို အန္တရာယ်မပြုနိုင်ကြောင်းကို ဆရာက သက်သေပြနိုင်ခဲ့ပေသည်။

ဆရာမျိုးတွင် မိန်းမမရှိဘဲလျက် သားသမီးတွေ များလှသည်။ ဆရာသည် ယနေ့တိုင်အောင်လည်း တစ်ကိုယ်တည်းလူပျိုကြီးပင်ဖြစ်သည်။ ကျွန်တော်တို့မှာ ဆရာ၏ ဝမ်းမနာသားသမီးများပဲ ဖြစ်သည်။ ဆရာက ကျွန်တော်တို့ကို မေတ္တာလက်ဖြင့် ထွေးပွေ့ခဲ့သည်။ လောဘ၊ ဒေါသနည်းအောင် လမ်းပြခဲ့သည်။ တစ်ယောက်ချမ်းသာ ကိုယ့်ဖို့ရှာသောစိတ်မျိုး မမွေးဖို့ ကျင့်ပြခဲ့သည်။ ယခုကျွန်တော်တို့အားလုံး အင်းဝဆောင်၌ မရှိကြတော့ပြီ။ သို့သော် ဆရာ့ကိုတွေ့တိုင်း အင်းဝဆောင်ကို မြင်မိသကဲ့သို့၊ အင်းဝဆောင်မြင်တိုင်းလည်း ဆရာ့ကို တွေ့မိမြဲဖြစ်သည်။ ကျွန်တော်တို့ရင်ထဲမတော့ ဆရာနှင့် အင်းဝဆောင်၊ အင်းဝဆောင်နှင့်ဆရာ ခွဲမရအောင် ရှိနေတော့သည်။ ဆရာ့ရင်ဝယ်သားကဲ့သို့ စောင့်ရှောက်ခဲ့သော သားတပည့်များသည် ယခုဆိုလျှင် နိုင်ငံတော်က ပေးအပ်သော တာဝန်များကို ရိုးသားကြိုးစားထမ်းဆောင်နေကြပေပြီ။ ထိုသို့ ထမ်းဆောင်နေကြရင်း အတိတ်အကြောင်း ပြန်တွေးမိကြလျှင် အင်းဝဆောင်အကြောင်းက ရှေ့ဆုံးက ပါလာပေလိမ့်မည်။ ကျွန်တော်လည်း အင်းဝသားမို့ အင်းဝကို လွမ်းပါသည်။ အင်းဝသားတွေ အသက်ရှင်နေသရွေ့ အင်းဝရဲ့လွမ်းပုံပြင်တွေကို ဆက်၍ ပြောနေကြပေဦးမည်။ ။





ရန်ကုန်တက္ကသိုလ်ဝင်းအတွင်းရှိ စစ်ကိုင်းဆောင်နှင့် အင်းလျားဆောင်တို့ကို တွေ့ရစဉ်။ ဓာတ်ပုံ - ထင်ပေါ်ဝင်း

၂၀၂၀ ပြည့်နှစ်အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပခဲ့ပြီးဖြစ်ရာ အဆိုပါရွေးကောက်ပွဲကြီးနှင့် ပတ်သက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကလည်း တစ်ပြည်လုံးအတိုင်းအတာနှင့် သိရှိနိုင်ရန် ကြေညာပေးလျက်ရှိသည်။ ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။

(စာတည်းအဖွဲ့)



# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ (၄၆)

# ၂၀၂၀ ရွေးကောက်ပွဲဖြင့် နိုင်ငံ့ဂုဏ်မြင့်ခဲ့ပါပြီ

မောင်စာဂ

**၂၀၂၀ ပြည့်နှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲကြီးသည်ကား နိုဝင်ဘာလ ၈ ရက်နေ့တွင် အောင်မြင်ချောမောစွာ ကျင်းပပြီးစီးခဲ့ပါပြီ။ ရွေးကောက်ပွဲတွင် မဲအများဆုံးဖြင့် ရွေးကောက်တင်မြှောက်ခံရသူများစာရင်းကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၉ အရ ထုတ်ပြန်ကြေညာနေပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကလည်း တစ်ပြည်လုံးအတိုင်းအတာနှင့် သိရှိနိုင်ရန် ကြေညာပေးလျက်ရှိသည်။ ကျင်းပပြီးစီးခဲ့သည့်ရွေးကောက်ပွဲ၏ အခြေအနေနှင့် အနှစ်ချုပ်ကို အကျဉ်းချုပ်မျှဝေပါရစေ။**

**ရွေးကောက်ပွဲကျင်းပခြင်း**

ရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် စုစုပေါင်း ၃၃၀ နေရာတွင် ၃၁၅ နေရာ၊ အမျိုးသားလွှတ်တော် မဲဆန္ဒနယ် ၁၆၈ နေရာတွင် ၁၆၁ နေရာ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် လွှတ်တော်မဲဆန္ဒနယ် ၆၄၄ နေရာတွင် ၆၁၂ နေရာနှင့် တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်နေရာများတွင် ၂၉ နေရာတို့အတွက် ကျင်းပပေးခဲ့သည်။ ရွေးကောက်ပွဲများကျင်းပသည့် မဲဆန္ဒနယ်အားလုံးတွင် ဆန္ဒမဲပေးမည့် မဲဆန္ဒရှင်စုစုပေါင်း ၃၇၂၆၈၈၇၆ ဦးရှိသည်။ မဲဆန္ဒရှင် ရာခိုင်နှုန်း၏ တော်တော်များများက လာရောက်မဲပေးခဲ့ကြသည်ကို တွေ့ရသည်။ ရာခိုင်နှုန်း မည်မျှထိ လာရောက် ဆန္ဒမဲပေးသည်ကိုမူ အားလုံးစာရင်းပေါင်းချုပ်ပြုစုပြီးပါက ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာပေးပါလိမ့်မည်။

**ဝင်ရောက်ယှဉ်ပြိုင်ခြင်း**

ရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၅၆၅ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း ၇၇၉ ဦး၊ တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ၃၁၁၂ ဦးနှင့် တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၈၃ ဦး စုစုပေါင်း ၅၆၃၉ ဦးရှိသည်။ ယင်းတို့တွင် နိုင်ငံရေးပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်း ၅၃၇၉ ဦးနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်း ၂၆၀ တို့ ပါဝင်သည်။ ဝင်ရောက်ယှဉ်ပြိုင်ကြသည့် နိုင်ငံရေးပါတီ စုစုပေါင်းမှာ ၈၇ ပါတီဖြစ်သည်။

**မဲရုံများထားရှိခြင်း**

လွှတ်တော်မဲဆန္ဒနယ်အသီးသီးအတွက် မဲရုံစုစုပေါင်းမှာ ၃၉၉၆၂ ရုံ ဖြစ်သည်။ ကိုဗစ်-၁၉ ကူးစက်ရောဂါ ကျရောက်နေသော ကာလဖြစ်သောကြောင့် မဲရုံများကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကျန်းမာရေးစံလုပ်ငန်း အပိုင်း (၂) တွင် သတ်မှတ်ထားချက်များနှင့်အညီ မဲရုံများကို ပြင်ဆင်ဖွဲ့စည်းထားသည်။ ယာယီတည်ဆောက်ထားသည့် မဲရုံများကိုလည်း အတော်များများတွေ့ရှိသည်။

မဲရုံများအားလုံးနီးပါး ကျယ်ကျယ်ဝန်းဝန်းရှိသည်။ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံ အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲရုံကိုယ်စားလှယ်များအတွက် နေရာချစီမံထားရှိမှု စနစ်တကျရှိသည်ကို တွေ့ရသည်။ မဲရုံဝန်ထမ်းများအားလုံး ကျန်းမာရေး စံလုပ်ငန်း လမ်းညွှန်နှင့်အညီ ကျန်မာရေးဆိုင်ရာ အသုံးအဆောင်ပစ္စည်းများ စနစ်တကျထားရှိခြင်း၊ တပ်ဆင်ခြင်း၊ ဝတ်စားဆင်ယင်ခြင်းများ စီမံထားရှိသည်။ မဲရုံများ၏ ပြင်ဆင်ဖွဲ့စည်းထားရှိမှုသည် ယခင်က ကျင်းပပြုလုပ်ခဲ့သည့် အထွေထွေရွေးကောက်ပွဲများ၊ ကြားဖြတ်ရွေးကောက်ပွဲများထက် ယခုကျင်းပသည့် အထွေထွေရွေးကောက်ပွဲတွင်မူ ထူးဆန်းစွာဖြင့်တွေ့မြင်ရသည်။ ပိုမို၍ စနစ်ကျသည်။ မဲဆန္ဒရှင်များအတွက် ပိုမို၍ စိတ်ချမ်းမြေ့စွာ ဆန္ဒမဲပေးနိုင်ကြသည်ဟု ခံစားမိသည်။

**မဲဆန္ဒရှင်များ**

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားချိန်ကာလ မဲရုံသို့ လာရောက်ဆန္ဒမဲပေးသူ နည်းပါးနေလိမ့်မည် ဟု ခန့်မှန်းပြောဆိုသံများဖြစ်ပေါ်ခဲ့သည်။ သို့သော်လည်း ယင်းသို့ မဟုတ်ပါ။ နံနက် ၄ နာရီကတည်းက မဲရုံသို့ သွားရောက်တန်းစီနေရာယူခဲ့ကြသည့် မဲဆန္ဒရှင်များကို တွေ့ရသည်။ မဲမပေးလိုက်ရမည်ကိုစိုးရိမ်၍ လာရောက်ကြသည်ဟုဆိုသည်။

မဲရုံဖွင့်ချိန် ၆ နာရီတွင် တန်းစီထားသည့် မဲဆန္ဒရှင်တွေ တစ်မျှော်တစ်ခေါ် မြင်တွေ့ခဲ့ရသည်။ အချို့မဲရုံများတွင် မဲဆန္ဒရှင်များ အဆိုင်းနှစ်ဆိုင်းခွဲ၍ တန်းစီနေရာ ယူထားကြသည်။ တစ်နေရာနှင့်တစ်နေရာ ခြောက်ပေခန့်အကွာ အဆိုင်းနေရာသတ်မှတ်ထားသည်။ သတ်မှတ်ထားသည့် နေရာများတွင် မဲဆန္ဒရှင်များ စနစ်တကျနေရာ ယူထားကြသည်။ ပါးစပ်၊ နှာခေါင်းစည်းနှင့် မျက်နှာဖုံးကာဗာများ တပ်ဆင်ထားကြသည်။ ယခင့်ယခင် ရွေးကောက်ပွဲများတုန်းက မဲဆန္ဒရှင်များ အတိုးအကြိတ်ပြုလုပ်၍ မဲရုံထဲဝင်ရောက်ကြသည်။ ယခုအခါမူ စနစ်တကျ သတ်မှတ်ထားသည့်အတိုင်း စည်းကမ်းရှိစွာ ဝင်ရောက်ကြသည်။

မဲရုံဖွဲ့စည်းပုံများနှင့် မဲဆန္ဒရှင်များ စနစ်တကျ ဝင်ရောက်၍ ဆန္ဒမဲများပေးခဲ့ကြခြင်းမြင်ကွင်းကို ကျေနပ်အားရကြသည်။ ကိုဗစ်-၁၉ က ပေးသော သင်ခန်းစာတစ်ခုဟု အချို့သော မဲဆန္ဒရှင်များက ဆိုကြသည်။ အချို့က နောင်ရွေးကောက်ပွဲများတွင် မဲရုံဖွဲ့စည်းမှုနှင့် မဲဆန္ဒရှင်များ ဆန္ဒမဲပေးမှု ယခုကဲ့သို့ စနစ်တကျထိန်းသိမ်းဆောင်ရွက်စီမံလျှင် ဘယ်လောက်များကောင်းမလဲဟု ပြောကြသည်။

**မဲရလဒ်အခြေအနေ**

ဆန္ဒမဲပေးခြင်းက ပွင့်လင်းမြင်သာပါသည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲရုံကိုယ်စားလှယ်အားလုံး၏ရှေ့တွင် မဲဆန္ဒရှင်များက မဲလက်မှတ်များအပေါ်ဆန္ဒပြု၍ ဆန္ဒမဲပုံးထဲသို့ထည့်သည်။ မဲဆန္ဒရှင်အားလုံး ဆန္ဒမဲပေးခြင်းပြီးမြောက်၍ မဲရုံပိတ်သည့်အခါ ၎င်းတို့၏ ရှေ့မှောက်၌ပင် ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိသည့် ဆန္ဒမဲများကို ရေတွက်သည်။ မဲဆန္ဒရှင်အသိသက်သေများလည်း ရှိသည်။ မှတ်တမ်းထားသည်။ ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိသည့် ဆန္ဒမဲအရေအတွက်ကို သတ်မှတ်ထားသည့် ပုံစံ ၁၆ တွင် ရေးသွင်းသည်။

ပုံစံ ၁၆ ရေးသွင်းပြီးသည့်အခါ တာဝန်ရှိ မဲရုံမှူးနှင့် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲရုံကိုယ်စားလှယ်များက လက်မှတ်ရေးထိုးကြသည်။ မဲရုံတိုင်း မဲရုံတိုင်းတွင် ဆန္ဒမဲရေတွက်ပြီးသည်နှင့် မည်သည့်လွှတ်တော်ကိုယ်စားလှယ်၊ မည်သည့်ပါတီက အနိုင်ရရှိသည်ကိုသိရသည်။ မဲရုံအသီးသီး၏ရလဒ်များကို စုပေါင်းကာ မည်သည့်လွှတ်တော်ကိုယ်စားလှယ်လောင်း ရွေးကောက်တင်မြှောက်ခံရကြောင်း ထင်ထင်ရှားရှား ပေါ်ထွက်လာသည်။

ထိုကဲ့သို့ပင် မဲရုံပိတ်ချိန် ညနေ ၄ နာရီထိုးသည်နှင့် သက်ဆိုင်ရာ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအသီးသီးက ယင်းတို့ထံသို့ ညနေ ၄ နာရီ မထိုးမီ ရောက်ရှိလာသော ကြိုတင်ဆန္ဒမဲလက်မှတ်များကို ရေတွက်သည်။ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များ သို့မဟုတ် ယင်းတို့က ကိုယ်စားလှယ်လွှဲအပ်ထားသူများ ရှေ့မှောက်တွင် ရေတွက်သည်။ ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိသည့် ကြိုတင်ဆန္ဒမဲအရေအတွက်ကို ပုံစံ (၁၈) တွင် စာရင်းဖြည့်သွင်းသည်။ ယင်းကိုကြည့်ခြင်းအားဖြင့် ကြိုတင်ဆန္ဒမဲအများဆုံးရရှိသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းကို သိရှိရသည်။

သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် မဲရုံအသီးသီးမှရရှိလာသော ပုံစံ (၁၆) များနှင့် ၎င်းတို့ကပြုစုထားသော ပုံစံ (၁၈) ပါ ဆန္ဒမဲအရေအတွက်ကို စုပေါင်းကာ ပုံစံ (၁၉ ) ဖြင့်ရေးသွင်းပြုစုသည်။ ယင်းသို့ ပြုစုပြီးသည်နှင့် ရွေးကောက်ပွဲတွင် အနိုင်ရရှိသော လွှတ်တော်ကိုယ်စားလှယ်၊ အနိုင်ရရှိသော ပါတီကို ကောင်းစွာသိရှိကြရသည်။ ဤသို့ဖြင့် ရွေးကောက်ပွဲရလဒ်သည် ပွင့်လင်းမြင်သာသည်။ အချိန်ကာလအနည်းငယ်အတွင်းမှာပင် ကောင်းစွာသိရှိနိုင်ကြသည်။

**ဒီမိုကရေစီကျင့်စဉ်၊ ဒီမိုကရေစီစိတ်ထား**

ရွေးကောက်ပွဲကြီးမှထွက်ပေါ်လာသော ရွေးကောက်ပွဲရလဒ်ကို ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြသော နိုင်ငံရေးပါတီအချို့က အသိအမှတ်ပြုလက်ခံသည်။ နိုင်ငံရေးပါတီကြီးတစ်ခုက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ အနိုင်ရရှိခြင်းကို ဂုဏ်ယူဝမ်းမြောက်ကြောင်း နှုတ်ခွန်းဆက်စကားပါးခဲ့သည်။ နိုင်ငံရေးပါတီကြီးတစ်ခုက ရွေးကောက်ပွဲတွင် အဆင်မပြေမှုဖြစ်စဉ်များ ကြုံတွေ့ခဲ့ရသော်လည်း မဲဆန္ဒရှင်များ၏ဆန္ဒကို အသိအမှတ်ပြုလက်ခံကြောင်း ပြောကြားခဲ့သည်။ နိုင်ငံရေးပါတီကြီးတစ်ခုက ၎င်းတို့၏သက်တမ်း နုနယ်သေးသော်လည်း မဲဆန္ဒရှင်များက ၎င်းတို့ပါတီအပေါ် အလေးထားမဲပေးခဲ့သည်ကို ကြိုဆိုကြောင်း ပြောကြားသည်။ အခြားသောပါတီတချို့နှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများကလည်း မဲဆန္ဒရှင်ပြည်သူများ၏ဆန္ဒဖြင့် ပေါ်ထွက်လာသောရလဒ်ကို အသိအမှတ်ပြုလက်ခံကြသည်။ ဤသည်မှာ ဒီမိုကရေစီစိတ်ထား၊ ဒီမိုကရေစီကျင့်စဉ်များဖြစ်သည်။ ဤသို့သောပါတီများပေါ်ထွက်လာခြင်းသည် နိုင်ငံ၏ ဒီမိုကရေစီရှေ့ခရီးအတွက် အားတက်စရာပင်ဖြစ်သည်။

> ❖ **ဆန္ဒမဲပေးခြင်းက ပွင့်လင်းမြင်သာပါသည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲရုံကိုယ်စားလှယ်အားလုံး၏ရှေ့တွင် မဲဆန္ဒရှင်များက မဲလက်မှတ်များအပေါ်ဆန္ဒပြု၍ ဆန္ဒမဲပုံးထဲသို့ထည့်သည်။ မဲဆန္ဒရှင်အားလုံး ဆန္ဒမဲပေးခြင်းပြီးမြောက်၍ မဲရုံပိတ်သည့်အခါ ၎င်းတို့၏ ရှေ့မှောက်၌ပင် ကိုယ်စားလှယ်လောင်း တစ်ဦးချင်းရရှိသည့် ဆန္ဒမဲများကို ရေတွက်သည်။ မဲဆန္ဒရှင်အသိသက်သေများလည်း ရှိသည်။ မှတ်တမ်းထားသည်။ ကိုယ်စားလှယ်လောင်းတစ်ဦးချင်းရရှိသည့် ဆန္ဒမဲအရေအတွက်ကို သတ်မှတ်ထားသည့် ပုံစံ ၁၆ တွင် ရေးသွင်း**
>
> ❖ **ပုံစံ ၁၆ ရေးသွင်းပြီးသည့်အခါ တာဝန်ရှိ မဲရုံမှူးနှင့် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲရုံကိုယ်စားလှယ်များက လက်မှတ်ရေးထိုးကြသည်။ မဲရုံတိုင်း မဲရုံတိုင်းတွင် ဆန္ဒမဲရေတွက်ပြီးသည်နှင့် မည်သည့်လွှတ်တော်ကိုယ်စားလှယ်၊ မည်သည့်ပါတီက အနိုင်ရရှိသည်ကိုသိရသည်။ မဲရုံအသီးသီး၏ရလဒ်များကို စုပေါင်းကာ မည်သည့်လွှတ်တော် ကိုယ်စားလှယ်လောင်း ရွေးကောက်တင်မြှောက်ခံရကြောင်း ထင်ထင်ရှားရှား ပေါ်ထွက်လာ**

**ရွေးကောက်ပွဲရလဒ်များ ကြေညာနေပါပြီ**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲရလဒ်ကို ကြေညာနေပါသည်။ ဤသို့ ကြေညာပေးနေခြင်းသည် နိုင်ငံတစ်ဝန်းလုံးသိရှိစေရန်ဖြစ်သည်။ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းကို ထုတ်ပြန်ကြေညာခြင်းသည် လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄၉ အရ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက ထုတ်ပြန်ကြေညာကြပါသည်။

ထို့သို့ ကြေညာချက်ထုတ်ပြန်ရာတွင် ရွေးကောက်တင်မြှောက်ခံလွှတ်တော်ကိုယ်စားလှယ်ကိုသာမက ကျန်လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ရရှိသော ဆန္ဒမဲလက်မှတ်အခြေအနေများကိုပါ တွက်ချက်ကြေညာရသည်။ ၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင် ၁၂ ရက်ကြာ ထုတ်ပြန်ကြေညာပေးခဲ့သည်။ ယခု ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် တစ်ပတ်အတွင်း ပြီးစီးအောင် ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နေရာဒေသအချို့တွင် ရွေးကောက်ပွဲအငြင်းပွားဖွယ်များနှင့် ရာဇဝတ်မှုအချို့ ဖြစ်သွားသည်ကို တွေ့ရပါသည်။ ထို့အပြင် ရွေးကောက်ပွဲတိုင်းတွင်ကြုံတွေ့ရတတ်သည့် မဲရလဒ်အပေါ် ကန့်ကွက်လွှာတင်သွင်းခြင်း၊ ရွေးကောက်ခံကိုယ်စားလှယ်အပေါ် ကန့်ကွက်တိုင်ကြားခြင်းများလည်း ပေါ်ပေါက်လာနိုင်ပါသည်။ ရွေးကောက်ပွဲကော်မရှင်နှင့် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်တို့က ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ဖြေရှင်းဆုံးဖြတ်ပေးရန်ရှိပါမည်။ ရွေးကောက်ပွဲ ကျင်းပပြီးခဲ့၍ မဲရလဒ်များကြေညာပြီးနောက်တွင်လည်း ရွေးကောက်ပွဲအလွန် လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရပါဦးမည်။

**၂၀၂၀ ရွေးကောက်ပွဲဖြင့် နိုင်ငံ့ဂုဏ်မြင့်ခဲ့ပါပြီ**

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကျရောက်နေသည့်ကာလအတွင်း အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ခြင်းအတွက် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင် တာဝန်ယူဆောင်ရွက်မှုကို မှတ်တမ်းတင်ဂုဏ်ပြုရပါမည်။ စုပေါင်းအင်းအား၏ သာဓကဖြစ်သည်။ အဓိကမှာ မဲဆန္ဒရှင်ပြည်သူများက သတ်မှတ်ချက်များနှင့်အညီ အားတက်သရော ဆန္ဒမဲပေးကြသည်ကို အထူးကျေးဇူးတင်ရပါမည်။ ပြည်သူတို့ တာဝန်ကျေခဲ့ကြပါပြီ။ ယခု ၂၀၂၀ ရွေးကောက်ပွဲသည် နိုင်ငံ၏ဂုဏ်သိက္ခာမြင့်တက်စေသည့် ပြည်သူတို့၏ အောင်ပွဲဟု မှတ်တမ်းတင်ရမည် ဖြစ်ကြောင်းပါဗျာ။

- ❒ **အများဆန္ဒကို အနည်းစုက လေးစားပြီး အနည်းစုဆန္ဒကို အများကအလေးထားနိုင်ကြပါစေ၊**
- ❒ **ဒီမိုကရေစီကျင့်စဉ်၊ ဒီမိုကရေစီစိတ်ထား ပိုမိုရှင်သန်အားကောင်းလာနိုင်ပါစေ၊**
- ❒ **ပြည်သူများ၏ စုပေါင်းအားဖြင့် နိုင်ငံ့ဂုဏ်သိက္ခာ ပိုမိုမြင့်မားလာနိုင်ပါစေ။**

# ဂုဏ်ယူနွဲ့ပျော် ရန်ကုန်တက္ကသိုလ် ရာပြည့်ပွဲတော်

**တွေ့ဆုံမေးမြန်း- မွန်းဦးနဒီ**

ရန်ကုန်တက္ကသိုလ် ရာပြည့်ပွဲတော်ကြီး ကျင်းပရန်အတွက် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပြီး ရာပြည့်ပွဲတော်အတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ၊ ဆပ်ကော်မတီအလိုက် ကျင်းပသွားမည့် အခမ်းအနားများနှင့် ပညာရေးကဏ္ဍ ပြန်လည်မြင့်မားစေရန် နိုင်ငံတကာနှင့် ပူးပေါင်းချိတ်ဆက် ဆောင်ရွက်မှုအခြေအနေများကို သိရှိနိုင်ရန် ရန်ကုန်တက္ကသိုလ်၏ ၁၆ ဦးမြောက် ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်းအား မြန်မာ့သတင်းစဉ်မှ ဆက်သွယ်မေးမြန်းထားသည်များကို ဖော်ပြလိုက်ပါသည်။

**မေး။ ။ မကြာမီကျရောက်တော့မယ့် ရန်ကုန်တက္ကသိုလ်ရဲ့ ရာပြည့်အခမ်းအနားအတွက် စီစဉ် ဆောင်ရွက်ထားမှုများကို သိပါရစေ။**

ဖြေ။ ။ ရန်ကုန်တက္ကသိုလ် ရာပြည့်သဘင်ဂုဏ်ပြုအခမ်းအနားကို ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီရဲ့ လမ်းညွှန်ချက်အရ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနက သတ်မှတ်ပေးထားတဲ့ စည်းကမ်းချက်တွေနဲ့အညီ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV) က ကြိုတင်ရိုက်ကူးထားတာတွေကို ထုတ်လွှင့်ခြင်း၊ ဒစ်ဂျစ်တယ်နည်းပညာနဲ့ ပေါင်းစပ်ထုတ်လုပ်ခြင်း စသည်ဖြင့် Virtual စနစ်နဲ့ ကျင်းပမှာ ဖြစ်ပါတယ်။ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁ရက် မှာ Virtual အခမ်းအနားကျင်းပပြုလုပ်သွားဖို့ လျာထားလျက်ရှိပြီး မြန်မာ့ရုပ်မြင်သံကြားကနေ ထုတ်လွှင့်သွားမှာ ဖြစ်ပါတယ်။

**မေး။ ။ ရာပြည့်အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီအသီးသီးက ဆောင်ရွက်ထားတဲ့ အစီအစဉ်များကိုလည်း ပြောပြပေးပါဦး ဆရာကြီးရှင့်။**

ဖြေ။ ။ ရာပြည့်လုပ်ငန်းကော်မတီ ၁၇ ရပ်ထဲမှ ယခုလက်ရှိအခြေအနေအရ အကောင်အထည်ဖော်နိုင်တဲ့ လုပ်ငန်းကော်မတီများရဲ့ လုပ်ဆောင်ချက်တွေကို MRTV အကူအညီနဲ့ ရိုက်ကူးတင်ဆက်သွားမှာ ဖြစ်ပါတယ်။

ပထမဆုံးလုပ်ငန်းကော်မတီကတော့ သမိုင်းနှင့် အထိမ်းအမှတ်စာစောင်များပြုစု ထုတ်ဝေရေးလုပ်ငန်းကော်မတီ ဖြစ်ပါတယ်။ အဲဒီကော်မတီက ရာပြည့် Logo ပြိုင်ပွဲ ကျင်းပပြီး ရွေးချယ်ဆောင်ရွက်ခဲ့ပါတယ်။ လက်ရှိ အသုံးပြုနေပြီဖြစ်ပါတယ်။ ရန်ကုန်တက္ကသိုလ် ရာပြည့် အထိမ်းအမှတ် အထူးစာစောင် (၄) တွဲမှာ အတွဲအမှတ် (၁) နဲ့ (၂) က စာမူတွေ အဆင်သင့်ဖြစ်ပြီမို့ ပုံနှိပ်ထုတ်ဝေဖို့ တင်ဒါခေါ်ယူအပ်နှံပြီးဖြစ်ပါတယ်။ ရာပြည့်သမိုင်း၊ ရာပြည့်ရက်စဉ် သမိုင်းစာအုပ်တွေကိုလည်း ထုတ်ဝေဖို့ ဆောင်ရွက်နေပြီး ဘာသာရပ်ဌာနများ တိုးတက်မှုမှတ်တမ်းစာအုပ်ကိုလည်း ထုတ်ဝေဖို့ စီစဉ်ဆောင်ရွက်နေဆဲ ဖြစ်ပါတယ်။

နောက်လုပ်ငန်းကော်မတီက သုတေသန စာတမ်းဖတ်ပွဲနှင့် ဟောပြောပွဲ ကျင်းပရေးလုပ်ငန်းကော်မတီပါတယ်။ ရန်ကုန်တက္ကသိုလ် ရာပြည့်အထိမ်းအမှတ်အဖြစ် ၁၉-၁၁-၂၀၂၀ ရက်နေ့နဲ့ ၂၀-၁၁-၂၀၂၀ ရက်နေ့မှာ Research Conference for the Centenary of the University of Yangon (RCCUY2020)၊ ၄-၁၂-၂၀၂၀ ရက်နေ့နဲ့ ၅-၁၂-၂၀၂၀ ရက်နေ့ မှာ ရန်ကုန်တက္ကသိုလ်နဲ့ University of Cologne တို့ ပူးပေါင်းကျင်းပမယ့် "International Conference: Transformation Processes in Myanmar V" တို့ကို အသီးသီး ကျင်းပပြုလုပ်သွားမှာဖြစ်ပါတယ်။ ဘာသာရပ်နယ်ပယ်ပေါင်းစုံမှ သုတေသနစာတမ်းများကို ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။ ကိုဗစ်-၁၉ အခြေအနေအရ စာတမ်းဖတ်ပွဲကို Zoom Application သုံးစွဲပြီး Virtual Conference အနေနဲ့ ဖတ်ကြားသွားမှာ ဖြစ်ပါတယ်။

နောက်တစ်ခုက IT နည်းပညာဆိုင်ရာ လုပ်ငန်းကော်မတီ ဖြစ်ပါတယ်။ ရန်ကုန် ကွန်ပျူတာတက္ကသိုလ်က ဦးစီးပြီး "Education 4.0 toward Industry 4.0" Theme နဲ့ IT နည်းပညာဆိုင်ရာစကားဝိုင်းဆွေးနွေးပွဲကို Panelist လေးဦးနဲ့ ဆွေးနွေးဖို့ စီစဉ်ထားပါတယ်။ ဒုတိယတစ်ခုအနေနဲ့ “World Robotic Challenge အတွေ့အကြုံဆွေးနွေးပွဲ” ဖြစ်ပြီး နှစ်ခုလုံးကို နိုဝင်ဘာလ နောက်ဆုံးအပတ်မှာ MRTV Studio မှာ ရိုက်ကူးပြီး Virtual စနစ်နဲ့ ထုတ်လွှင့်သွားမှာ ဖြစ်ပါတယ်။



သက်ကြီးပူဇော်ပွဲလုပ်ငန်း ကော်မတီအနေနဲ့ ရန်ကုန်တက္ကသိုလ် ရာပြည့်အထိမ်းအမှတ်အဖြစ် ရန်ကုန်တက္ကသိုလ်မှာ တာဝန်ထမ်းဆောင်ခဲ့တဲ့ အသက် ၈၂ နှစ်အထက် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီး ၁၅၀ ကျော်ကို သက်ကြီးပူဇော်ပွဲအဖြစ် ကိုဗစ် – ၁၉ အခြေအနေအပေါ်မူတည်ပြီး Face to Face (သို့မဟုတ်) Virtual နဲ့ ကန်တော့ဖို့ စီစဉ်နေပါတယ်။ ခန့်မှန်းကာလအနေဖြင့် နိုဝင်ဘာလလယ်ခန့်မှာ ကန်တော့ပစ္စည်းနဲ့ ငွေသားပေးပို့ဖို့ ရည်ရွယ်ထားပါတယ်။ သွားရောက်ကန်တော့ရာမှာ ဓာတ်ပုံ၊ ဗီဒီယိုမှတ်တမ်းများ ရိုက်ကူးသွားမှာဖြစ်ပြီး MRTV နဲ့ ချိတ်ဆက်ထုတ်လွှင့်သွားမှာဖြစ်ပါတယ်။ Zoom နဲ့ ဆောင်ရွက်ဖို့အကူအညီရရှိနိုင်တဲ့ ဆရာကြီး ဆရာမကြီးများကို ဗီဒီယိုကွန်ဖရင့်စနစ်နဲ့ ကန်တော့သွားဖို့လည်း စီစဉ်ထားပါတယ်။ သွားရောက်ကန်တော့ဖို့ အခက်အခဲရှိတဲ့ ဆရာကြီး ဆရာမကြီးများကိုယ်စား ဓာတ်ပုံများနဲ့ ကန်တော့နိုင်ဖို့လည်း ညှိနှိုင်းထားပါတယ်။ သက်ကြီးစကားသက်ငယ်ကြား စကားဝိုင်းကိုလည်း MRTV နဲ့ ရိုက်ကူးတင်ဆက်ဖို့ စီစဉ်ထားပါတယ်။

နောက်ကော်မတီတစ်ခုဖြစ်တဲ့ ပြပွဲပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီအနေနဲ့ စာစီစာကုံးပြိုင်ပွဲအတွက် အထက်မြန်မာပြည်မှ ကျောင်းသား ကျောင်းသူ ၁၆ ဦး၊ အောက်မြန်မာပြည်မှ ကျောင်းသား ကျောင်းသူ ၁၆ ဦး ရွေးချယ်ထားပြီးဖြစ်ပါတယ်။ နောက်ဆုံးအဆင့်ပြိုင်ပွဲကို ကိုဗစ်-၁၉ အခြေအနေအရ နီးစပ်ရာတက္ကသိုလ်များမှာ ကျင်းပဖို့ စီစဉ်ဆောင်ရွက်ထားပါတယ်။ ရသစာတမ်းနဲ့ ကဗျာပြိုင်ပွဲကိုလည်း ပြုလုပ်သွားဖို့ အစီအစဉ်ရှိပြီး ခေါင်းစဉ်ကို သက်ဆိုင်ရာတက္ကသိုလ်များကို ပေးပို့ပြီး ပြိုင်ပွဲကျင်းပသွားမှာဖြစ်ပါတယ်။ ရသစာတမ်း (ဘွဲ့ကြို)၊ ရသစာတမ်း (ဘွဲ့လွန်)၊ ကဗျာပြိုင်ပွဲ (ဘွဲ့ကြို)နဲ့ ကဗျာပြိုင်ပွဲ (ဘွဲ့လွန်)အဖြစ် ပြိုင်ပွဲစုစုပေါင်း လေးမျိုး ကျင်းပသွားမှာ ဖြစ်ပါတယ်။

ခေတ်အလိုက်၊ ဝတ်စားဆင်ယင်မှုပြပွဲကို ရန်ကုန်တက္ကသိုလ် ငွေရတု၊ ရွှေရတု၊ စိန်ရတုနဲ့ ရာပြည့်ခေတ် လေးခေတ်တို့မှာ ဝတ်ဆင်ခဲ့တဲ့ ဝတ်စားဆင်ယင်မှု ပုံစံမျိုးစုံကို ကျောင်းသား ကျောင်းသူ ၂၄ ဦးက ဝတ်ဆင်ပြီး ရိုက်ကူးပြသမှာ ဖြစ်ပါတယ်။ ရန်ကုန်တက္ကသိုလ်မှ အစဉ်အဆက် ချီးမြှင့်အပ်နှင်းတဲ့ ဘွဲ့ဝတ်စုံအမျိုးမျိုးကိုလည်း ဝတ်ဆင်ပြသပြီး MRTV ကနေ ရိုက်ကူးထုတ်လွှင့်မှာ ဖြစ်ပါတယ်။ ပြပွဲတွေကို မြန်မာ့ရုပ်မြင်သံကြားနဲ့ ပူးပေါင်းပြီး Virtual စနစ်နဲ့ ဆောင်ရွက်နိုင်ဖို့ ညှိနှိုင်းထားပါတယ်။

ပျော်ပွဲ၊ ရွှင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီကတော့ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)က ဦးစီးပြီး ဥဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။ ဥဏ်စမ်းပဟေဠိပြိုင်ပွဲကို အဖွဲ့တစ်ဖွဲ့လျှင် သုံးဦးနဲ့ မည်သူမဆိုယှဉ်ပြိုင်နိုင်ပြီး ရွေးချယ်ခံရတဲ့ ပြိုင်ပွဲဝင်များရဲ့ အဆင့်အလိုက် ပြိုင်ပွဲများကို MRTV ကနေ ရိုက်ကူးထုတ်လွှင့်ပြသသွားမှာ ဖြစ်ပါတယ်။

နောက်တစ်ခုက ပြန်ကြားရေးနှင့်သတင်းထုတ်ပြန်ရေးလုပ်ငန်းကော်မတီ ဖြစ်ပါတယ်။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကနေ ဆောင်းပါး၊ ကဗျာ၊ ဝတ္ထုတို ပြိုင်ပွဲများ၊ ကာတွန်းပြိုင်ပွဲ၊ ဓာတ်ပုံ၊ ပန်းချီ ပြိုင်ပွဲကျင်းပဖို့ ဖိတ်ခေါ်ဆောင်ရွက်ထားပါတယ်။ မြန်မာ့ရုပ်မြင်သံကြားကနေလည်း လက်ရှိမှာ ရန်ကုန်တက္ကသိုလ်ဆိုင်ရာ မြန်မာရုပ်ရှင်ဇာတ်ကားများနဲ့ ဂုဏ်ပြုအစီ အစဉ်၊ ရန်ကုန်တက္ကသိုလ်ဆိုင်ရာ တေးသီချင်း ၁၀၀ တင်ဆက်မှုအစီအစဉ်တွေကို တင်ဆက်ပြသနေတာ ကြည့်ရှုသူတွေ အားရကျေနပ်လျက်ရှိကြောင်း သိရှိရပါတယ်။

နောက်ကော်မတီတစ်ခုဖြစ်တဲ့ တက္ကသိုလ်များ ဓမ္မာရုံပြုပြင်ရေးလုပ်ငန်းကော်မတီက တက္ကသိုလ်များ ဓမ္မာရုံမှတ်တမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနနဲ့ ညှိနှိုင်းပြီး MRTV ကနေ ရိုက်ကူးတင်ဆက် ပြသသွားမှာ ဖြစ်ပါတယ်။

*စာမျက်နှာ ၂၄ သို့*




ရန်ကုန်တက္ကသိုလ် ပြတိုက်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

## ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်း၏ ကိုယ်ရေးအချက်အလက်

- ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်အဖြစ် ၂၀၁၅ ခုနှစ် မှ ယနေ့အထိ တာဝန်ထမ်းဆောင်လျက်ရှိပြီး ရန်ကုန်တက္ကသိုလ်၏ ၁၆ ဦးမြောက် ပါမောက္ခချုပ် ဖြစ်သည်။
- ၂၀၀၉ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ရန်ကုန်တက္ကသိုလ်မှာပင် ဒုတိယ ပါမောက္ခချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။
- ရူပဗေဒ ပါမောက္ခတစ်ဦးအဖြစ် ၂၀၀၇ ခုနှစ်တွင် ရာထူးတိုးခဲ့ပြီးနောက် ရန်ကုန်တက္ကသိုလ်၊ တက္ကသိုလ်များသိပ္ပံသုတေသနဌာနတွင် ဌာနမှူးအဖြစ် သိပ္ပံဘာသာရပ်နယ်ပယ်အစုံမှ သုတေသီများကို ဦးဆောင်၍ တက္ကသိုလ်များသုတေသနဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားလုပ်ငန်းအဖွဲ့အစည်းများ၏ လိုအပ်သော သုတေသနတိုင်းတာမှုများကို ဆောင်ရွက်ခဲ့သည်။
- ယင်းမတိုင်မီ ရန်ကုန်တက္ကသိုလ် ရူပဗေဒဌာနတွင် ၂၃ နှစ်တိုင်တိုင် သင်ကြားရေးနှင့် သုတေသနကို ပူးတွဲ၍ စွမ်းစွမ်းတမံ ဘာသာရပ်ဖွံ့ဖြိုးတိုးတက်ရေး၊ ဌာနဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။
- ၁၉၇၇ ခုနှစ်တွင် အခြေခံပညာအထက်တန်းကို အထက(၁) လမ်းမတော် ရန်ကုန်မြို့မှ အောင်မြင်ခဲ့ပြီး သိပ္ပံဂုဏ်ထူးဘွဲ့(ရူပဗေဒ)ကို ၁၉၈၂ ခုနှစ်တွင် လည်းကောင်း၊ မဟာသိပ္ပံဘွဲ့(ရူပဗေဒ)ကို ၁၉၈၆ ခုနှစ်တွင်လည်းကောင်း ရန်ကုန်တက္ကသိုလ်မှ ရရှိခဲ့သည်။
- ပါရဂူဘွဲ့(ရူပဗေဒ) ကို ဂျပန်နိုင်ငံ ဟော့ကိုင်းဒိုးတက္ကသိုလ်မှ ၁၉၉၅ ခုနှစ်တွင် ရရှိခဲ့သည်။
- ကွန်ပျူတာသိပ္ပံ၊ ဓာတုဗေဒနှင့် ရူပဗေဒ ဘာသာရပ် အထူးပြု ပါရဂူဘွဲ့၊ မဟာသုတေသနဘွဲ့၊ မဟာဘွဲ့ ကျမ်းပေါင်း ၂၀၀ ကျော်ကို ကြီးကြပ်ခဲ့သည်။ ပြည်တွင်း၊ ပြည်ပ သုတေသနဂျာနယ်များတွင် သုတေသနစာတမ်းပေါင်း ၅၀ ကျော် ထုတ်ဝေခဲ့သည်။
- ၂၀၀၉ ခုနှစ်တွင် အာဆီယံတက္ကသိုလ်များကွန်ရက် (မလေးရှား၊ ဂျပန်၊ မြန်မာ) ပူးတွဲသုတေသနဖြင့် မလေးရှားနိုင်ငံ Malaysian Invention and Design Society မှ ချီးမြှင့်သော ရွှေတံဆိပ်ဆု (ITEX GOLD MEDAL 2019) ကို ရရှိခဲ့သည်။
- ၂၀၁၄ ခုနှစ် ဇူလိုင်လတွင် မြန်မာနိုင်ငံပညာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ဗြိတိသျှကောင်စီ ကမ္ဘာ့ပညာရေးအပြန်အလှန် ဆွေးနွေးခြင်းကဏ္ဍတွင် “မြန်မာ့သုတေသန မဟာဗျူဟာ” အကြောင်း ပါဝင်ဟောပြောခဲ့သည်။
- ၂၀၁၅ ခုနှစ်တွင် အမေရိကန်နိုင်ငံ Midwest University မှ ဂုဏ်ထူးဆောင် ပါရဂူဘွဲ့ ကိုလည်း ချီးမြှင့်ခြင်းခံခဲ့ရသည်။ ၂၀၀၀ ပြည့်နှစ်မှ စတင်၍ အင်္ဂလန် နိုင်ငံ Institute of Physics ၏ အဖွဲ့ဝင်လည်း ဖြစ်ခဲ့ပြီး ရူပဗေဒဘာသာရပ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိသည်။

*စာမျက်နှာ ၂၃ မှ*

သီးခြားလှုပ်ရှားမှုများအနေနဲ့ ရန်ကုန်တက္ကသိုလ် သမိုင်းဌာနက ဦးစီးကျင်းပခဲ့တဲ့ အမှတ်သညာပွဲတော် (ဒုတိယပိုင်း) အဖြစ် ကျင်းပမယ့် “ရာပြည့်ဓာတ်ပုံပြပွဲ”ကို ရန်ကုန်တက္ကသိုလ် သစ်ပုပ်ပင်ရှေ့မှာခင်းကျင်းပြီး MRTV ကနေ ရိုက်ကူးတင်ဆက်ဖို့ စီစဉ်နေပါတယ်။ တက္ကသိုလ် အနုပညာအသင်းတွေရဲ့ သီဆိုဖျော်ဖြေပွဲကိုလည်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှာ ရိုက်ကူးထုတ်လွှင့်ဖို့ စီစဉ်ထားပါတယ်။ ရန်ကုန်တက္ကသိုလ် ပြတိုက်ဖြစ်မြောက်ရေး အတွက် ပြတိုက်နေရာအဖြစ် အိမ်အမှတ်(၃၃)၊ အဓိပတိလမ်း၊ ရန်ကုန်တက္ကသိုလ်ကို ရွေးချယ်သတ်မှတ်ထားရှိတယ်။ ရန်ကုန်တက္ကသိုလ်ဖြစ်တည်လာခြင်း ကာလ (၁၈၇၈ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှ ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၃၁ ရက်)၊ ရန်ကုန်တက္ကသိုလ် ငွေရတုကာလ (၁၉၂၀ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်မှ ၁၉၄၅ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်)၊ ရန်ကုန်တက္ကသိုလ် ရွှေရတုကာလ (၁၉၄၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှ ၁၉၇၀ ပြည့်နှစ် ဒီဇင်ဘာလ ၃၁ ရက်)၊ ရန်ကုန်တက္ကသိုလ် စိန်ရတုကာလ (၁၉၇၁ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှ ၁၉၉၅ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်)၊ ရန်ကုန်တက္ကသိုလ် - ရာပြည့်သဘင်ကာလ (၁၉၉၆ ခုနှစ် ဇန်နဝါရီလ ၁ ရက် မှ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၃၁ ရက်) စုစုပေါင်းပြခန်း ငါးခန်းရှိပါတယ်။

အဲဒီအတိုင်း Physical Museum ရှိတဲ့အပြင် Virtual Museum အဖြစ်လည်း ဆောင်ရွက်ထားရှိပါတယ်။ ရန်ကုန်တက္ကသိုလ်ဘာသာရပ်အသီးသီးရှိ ပြတိုက်များ၊ ဓာတ်ခွဲခန်းများ၊ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်၊ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်၊ ဘွဲ့နှင်းသဘင် စတဲ့ အထင်ကရ အဆောက်အအုံများ၊ နေရာများကို Digital နည်းပညာနဲ့ 3D Virtual Reality များအဖြစ် ဖန်တီးပြီး Virtual Museum Network တစ်ခုအဖြစ် တည်ဆောက်မှာ ဖြစ်ပါတယ်။ Virtual Tour အနေနဲ့ ကြည့်ရှုခံစားနိုင်အောင် ဖန်တီးဆောင်ရွက်မှာ ဖြစ်ပါတယ်။

**မေး။ ရန်ကုန်တက္ကသိုလ်ကြီးရဲ့ ဥပမိရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး စီမံဆောင်ရွက်ချက်များ အကြောင်းလည်း သိချင်ပါတယ် ဆရာကြီးရှင့်။**

ဖြေ။ ။ ရန်ကုန်တက္ကသိုလ်ဟာ မိမိတို့တက္ကသိုလ် ပရဝဏ် ကောင်းမွန်လှပစေဖို့နဲ့ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားမှု အဆင်ပြေစေဖို့အတွက် စာသင်ဆောင် တည်ဆောက်ခြင်းလုပ်ငန်းများ၊ ကျောင်းသား ကျောင်းသူ အိပ်ဆောင်များ တည်ဆောက်ခြင်းလုပ်ငန်းများ၊ ဝန်ထမ်းအိမ်ရာ တည်ဆောက်ခြင်း လုပ်ငန်းများနဲ့ နှစ်စဉ် ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်း များကို နှစ်စဉ်ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေရရှိမှုအလိုက် ဆောင်ရွက်ခဲ့ပါတယ်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှ စတင်ပြီး ရန်ကုန်တက္ကသိုလ် ရာပြည့်ပွဲတော် ကျင်းပနိုင်ဖို့အတွက် ရန်ကုန်တက္ကသိုလ် ကမာရွတ်နယ်မြေမှာ ဥပမိရုပ်ကောင်းမွန်စေဖို့ အဆောက်အအုံပိုင်းဆိုင်ရာလုပ်ငန်းတွေကို ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလုပ်ငန်းတွေကတော့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ရာမညာ၊ အမရ၊ မန္တလေး၊ ဝေဿလီ၊ တောင်ငူဆောင် ငါးဆောင် အကြီးစားပြုပြင်ခြင်း၊ ဒဂုံ၊ အင်းဝ၊ ပဲခူး၊ စစ်ကိုင်း၊ သီရိ၊ အင်းယား၊ ရွှေဘို၊ ရတနာ၊ ပင်းယ၊ သထုံအိပ်ဆောင်များ ၁၀ ဆောင် အကြီးစားပြုပြင်ခြင်း၊ ရန်ကုန်တက္ကသိုလ်ဝင်းအတွင်းရှိ ဒဂုံလမ်း၊ ဂျပ်ဆင်လမ်း၊ ဘွဲ့နှင်းလမ်းနဲ့ ULB လမ်းများ အဆင့်မြှင့် ပြင်ဆင်ခြင်း၊ စစ်ကိုင်းလမ်း B Point မီးစက်ရုံအနီးမှာ သိပ္ပံဆောင်များ အသုံးပြုနိုင်ဖို့ ( 500 KVA, 11-6.6/0.4KV Transformer)နဲ့ ဆက်စပ်ပစ္စည်းများ တပ်ဆင်ခြင်း ၊ ULB အဆောက်အအုံအနီးမှာ ULB နဲ့ ဝန်ထမ်းအိမ်ရာများအသုံးပြုနိုင်ဖို့ (500 KVA,11-6.6/0.4KV Transformer) နှင့် ဆက်စပ်ပစ္စည်းများ တပ်ဆင်ခြင်း၊ ဝေဿလီဆောင်အနီးမှာ ဝေဿလီ၊ ရာမညာ၊ အမရ၊ မန္တလေး၊ တောင်ငူဆောင်များ အသုံးပြုနိုင်ဖို့ (500 KVA, 11-6.6/0.4KV Transformer) နှင့် ဆက်စပ်ပစ္စည်းများ တပ်ဆင်ခြင်း၊ ရန်ကုန်တက္ကသိုလ် ရေစင်များပြုပြင်ခြင်း လုပ်ငန်းများ ဖြစ်ပါတယ်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ သိပ္ပံဆောင်အများသုံးသန့်စင်ခန်း (ပထမထပ်) အဆင့်မြှင့် ပြင်ဆင်ခြင်း၊ တက္ကသိုလ်များဓမ္မာရုံ ပြုပြင်ခြင်းလုပ်ငန်း၊ ရန်ကုန်တက္ကသိုလ် အပန်းဖြေရိပ်သာ သန့်စင်ခန်းများ အဆင့်မြှင့် ပြင်ဆင်ခြင်း၊ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားရာမှာ အဆင်ပြေလွယ်ကူစေဖို့အတွက် IT Infrastructure နှင့် ပတ်သက်တဲ့လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါတယ်။ ရန်ကုန်တက္ကသိုလ်ဌာန ၂၃ ခု ရှိ Ph.D ခန်း ၂၃ ခန်းမှာ Projector နဲ့ Screen တပ်ဆင်ခြင်း၊ စိန်ရတုခန်းမမှာ Projector တပ်ဆင်ခြင်းတွေကို ဆောင်ရွက်ခဲ့ပါတယ်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာတော့ သိပ္ပံဆောင်အများသုံး သန့်စင်ခန်း မြေညီထပ် အဆင့်မြှင့်ပြင်ဆင်ခြင်း၊ ရန်ကုန်တက္ကသိုလ် ICT Infrastructure နှင့် ဆက်စပ်လုပ်ငန်းများ၊ ရန်ကုန်တက္ကသိုလ် ရူပဗေဒဌာန လက်တွေ့ခန်းများ အဆင့်မြှင့်ပြင်ဆင်ခြင်း၊ ရန်ကုန်တက္ကသိုလ် ဓာတုဗေဒဌာန လက်တွေ့ခန်းလေးခန်း အဆင့်မြှင့် ပြင်ဆင်ခြင်း၊ ရန်ကုန်တက္ကသိုလ် သတ္တဗေဒဌာန လက်တွေ့ခန်းနှစ်ခန်းအဆင့်မြှင့် ပြင်ဆင်ခြင်း၊ ရန်ကုန်တက္ကသိုလ် URC ဌာန လက်တွေ့ခန်းနှစ်ခန်း အဆင့်မြှင့်ပြင်ဆင်ခြင်းတွေကို ဆောင်ရွက်ဖို့ တင်ဒါခေါ်ယူထားပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*




## အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot - line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၂ - ၁၁ - ၂၀၂၀

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၀၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၂၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၀၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၂၉၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၀၀/၅၄၅ ကျပ် | ၅၄၀/၅၅၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၁၀/၅၆၀ ကျပ် | ၅၅၅/၅၇၀ ကျပ် |
| အောက်တိန်း ၉၂ | ၄၇၅/၅၀၅ ကျပ် | ၅၃၅/၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၀၅/၆၂၀ ကျပ် | ၆၆၀/၆၈၀ ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၂၉၇ . ၁ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၂၉ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၆၁ . ၁၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၁၀ . ၂ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၃၁ . ၀ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၄၂ . ၀၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၅ . ၇၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၇ . ၃၆၆ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၆ . ၃၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၁၃ . ၆၅ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၂ . ၈၀၉ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၀၀၀ | ၁၀၀၀၀ | ၂၀၃၄ | ၂၀၂၈၀၀၀၀ |
| MTSH | ၃၇၀၀ | ၃၇၀၀ | ၁၅၉၂ | ၅၈၇၂၃၀၀ |
| MCB | ၈၅၀၀ | ၈၂၀၀ | ၁၃၁ | ၁၁၀၄၂၀၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၉၀၇ | ၂၄၄၉၀၀၀ |
| EFR | ၄၂၀၀ | ၄၂၀၀ | ၅၂ | ၂၁၈၄၀၀ |

ခင်ရတနာ - စုစည်းသည်

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်းသတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး၊ မီမီဖြိုး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မြို့နယ်၊ မြို့မ အထက သတ္တမတန်း (B) စနစ်ဟောင်းမှ ဈေး(၂)ရပ်ကွက် ပုတီးကုန်းလမ်းနေ မောင်လင်းရောင်ခြည်၏ ဖခင်အမည်မှန်မှာ ဦးကျော်မင်းအေး ၇/ပတတ (နိုင်) ၀၉၄၄၇၃ ဖြစ်ပါကြောင်း။ **ဦးကျော်မင်းအေး**

## ပျောက်ဆုံးကြောင်း

ကျွန်တော်များ Asdet(Myanmar) Garment Co.,Ltd သည် MIC Permit အတည်ပြုအမိန့် ၀၂၉/၂၀၁၇မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉- ၄၂၀၂၇၅၂၀၉၊
၀၉- ၉၇၆၆၃၇၇၇၃

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ ပုဗ္ဗသီရိမြောက်ရပ်၊ သုခဒီပ ရပ်ကွက်မှ မြေကွက်အမှတ် (ပ-၃၃၁၃၄)၏ မြေချပါမစ်(စလစ်)မူရင်း ပျောက်ဆုံးသွားပါသဖြင့် မြေကွက်အမည်ပေါက် ဒေါ်ပြည့်ဖြိုးထက် ၁၂/သကတ(နိုင်)၁၄၈၁၉၃ (ဘ)ဦးအုန်းရွှေမှ မြေချပါမစ်(စလစ်)မိတ္တူမှန်ထုတ်ပေးပါရန် မြေချပါမစ်(စလစ်)မူရင်း ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ ကိုယ်တိုင်ဝန်ခံကတိပြုချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေချပါမစ်(စလစ်)မိတ္တူမှန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

လယ်ဝေးမြို့၊ အမှတ် (၃)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၆/မြို့မရပ်)၊ ဦးပိုင်အမှတ် (၂၁)၊ မြေဧရိယာ ၀.၁၁၃မ၀၆၄ဧကရှိ ဦးဘိုးထွန်း၊ ဒေါ်ဖွားရင်အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဦးညဏ်လင်း ၉/ရမသ(နိုင်) ၁၃၂၀၀၇ နှင့် ဒေါ်ဆုဝေလွင် ၉/လဝန(နိုင်) ၁၈၂၄၃၉မှ အရောင်းအဝယ်ကတိစာချုပ်၊ တရားရုံးကျမ်းကျိန်လွှာမူရင်းများတင်ပြ၍ အဆောက်အအုံ ဆောက်လုပ်ခွင့်ပြုမိန့်တင်ရန် မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာ ပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**

## ရန်ကုန်တက္ကသိုလ် ရူပဗေဒကျောင်းသားကျောင်းသူများ (ပညာသင်နှစ်အားလုံး)၏ ဒသမအကြိမ်အာစရိယပူဇော်ပွဲ

ရန်ကုန်တက္ကသိုလ် ရူပဗေဒဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသော အသက် (၆၅) နှစ်နှင့်အထက် ဆရာကြီး၊ ဆရာမကြီးများကို စာသင်နှစ်အားလုံး ကျောင်းသားကျောင်းသူဟောင်းများ (အဝေးသင်ကျောင်းသား ကျောင်းသူဟောင်းများအပါအဝင်)မှ ဒသမအကြိမ် ဆရာကန်တော့ပွဲကို လက်ရှိဖြစ်ပေါ်နေသော COVID-19 ရောဂါအခြေအနေကြောင့် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁ ရက်တွင် Online မှတစ်ဆင့် ပူဇော်ကန်တော့မည်ဖြစ်ပါသဖြင့် အားလုံးပါဝင်နိုင်ကြရန် နှိုးဆော်အပ်ပါသည်။

Online မှ ပူဇော်ကန်တော့ရမည်ဖြစ်သောကြောင့် ၃၀-၁၂-၂၀၂၀ရက်တွင် အသက် (၆၅)နှစ် ပြည့်ပြီးသော ဆရာကြီး၊ ဆရာမကြီးများသည် လိုအပ်သောအချက်အလက်များကို ဖြည့်ပြီး မှတ်ပုံတင်(ရှေ့+နောက်)ကိုဓာတ်ပုံရိုက်၍ ဒေါက်တာ ဇော်လင်းသူ ဖုန်း-၀၉-၅၀၀၆၀၂၄၊ ဒေါက်တာ ဇော်ဇော်အောင် ဖုန်း-၀၉-၉၇၂၀၆၆၉၉၆တို့ထံ Viber မှတစ်ဆင့် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၂၀ ရက် နောက်ဆုံးထား၍ အမြန်ဆုံးစာရင်းပို့ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

အာစရိယပူဇော်ပွဲသို့ လှူဒါန်းထည့်ဝင်လိုသော ကျောင်းသား ကျောင်းသူများသည် KBZ Bank ငွေစာရင်းအမှတ်-1603020070152940 1-သို့ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၂၀ ရက် နောက်ဆုံးထားပေးပို့နိုင်ပါသည်။ ဆရာကြီး ဆရာမကြီးများ၏ ကျန်းမာရေးစောင့်ရှောက်မှုရန်ပုံငွေသို့လည်း ထည့်ဝင်လှူဒါန်းနိုင်ပါသည်။

## ရန်ကုန်တက္ကသိုလ်ပြတိုက်အတွက် ပစ္စည်းစုဆောင်းခြင်း

ရန်ကုန်တက္ကသိုလ်ပြတိုက်ဖြစ်မြောက်ရေးကော်မတီသည် ရာပြည့်သဘင်ပွဲတော်အမီ စတင်ဖွင့်လှစ်နိုင်ရေးအတွက်လိုအပ်သော သမိုင်းဝင်အထောက်အထားများဖြစ်သည့် ပစ္စည်းများ-

- # စာရွက်စာတမ်းများ
- # ကျောင်းသားမှတ်ပုံတင်ကတ်ပြားများ
- # စာစောင်၊ စာအုပ်၊ မဂ္ဂဇင်းများ
- # ဓာတ်ပုံများ၊ ပန်းချီကားများ၊ ရုပ်ရှင်များ
- # သီချင်းများ၊ ကဗျာများ
- # ဒီဗွီဒီ၊ ဗွီစီဒီဓာတ်ပြားများ
- # ရှေးဟောင်းဓာတ်ပြားများ
- # ဘွဲ့လက်မှတ်များ၊ ဘွဲ့ဝတ်စုံများ
- # ဆုတံဆိပ်များ(ပညာရည်ချွန်/အားကစား)

စသည့် မှတ်တမ်းတင်ထိုက်သည့် အရာအားလုံးတို့ကို ရှာဖွေစုဆောင်းလျက်ရှိပါသည်။ အဆိုပါ သမိုင်းဝင်အထောက်အထားပစ္စည်းများကို ခေတ္တငှားရမ်းခြင်းဖြင့်သော်လည်းကောင်း၊ အပြီးအပိုင်လှူဒါန်းခြင်းဖြင့်သော်လည်းကောင်း ဝိုင်းဝန်းကူညီပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

၁) ဒေါ်ဆွေဆွေအောင်
ဌာနမှူး(စီမံ/ဘဏ္ဍာဌာန၊ ရန်ကုန်တက္ကသိုလ်)
ဖုန်း-၀၁-၇၅၀၅၆၁၂၊ ၀၉-၇၇၇၃၇၀၄၅၂

၂) ဒေါက်တာ လှိုင်လှိုင်ကြီး
ဌာနမှူး(စာကြည့်တိုက်)
တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်
ဖုန်း-၀၉-၅၀၇၄၁၃၁
email:drhlaing2014@gmail.com

တို့ထံသို့ စုံစမ်းမေးမြန်းဆက်သွယ်နိုင်ကြပါသည်။

**ရန်ကုန်တက္ကသိုလ်ပြတိုက်ဖြစ်မြောက်ရေးကော်မတီ**

## သတ်မှတ်ရက်အား ပြင်ဆင်ဖတ်ရှုပါရန်

၁၅-၁၀-၂၀၂၀ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါများ လျှောက်လွှာခေါ်ယူခြင်းတွင် **(င)တင်ဒါလျှောက်လွှာတင်သွင်းရမည့်(ရက်၊ အချိန်၊ နာရီ) ၁၉-၁၁-၂၀၂၀ နံနက် ၉:၃၀မှ ၁၆:၃၀အထိ** အစား **၂၃-၁၁-၂၀၂၀ရက် နံနက် ၉:၃၀ မှ ၁၆:၃၀ အထိ စစ်ကိုင်းတိုင်းဒေသကြီး၊ အစိုးရအဖွဲ့ရုံး ဘက်စုံသုံးခန်းမသို့လည်းကောင်း၊ (စ)တင်ဒါဖွင့်မည့်(ရက်၊ အချိန်၊ နာရီ) ၂၃-၁၁-၂၀၂၀ရက် နံနက် ၉:၃၀နာရီ**အစား **၂၄-၁၁-၂၀၂၀ရက် ၉:၃၀နာရီ** ဟုလည်းကောင်း ပြင်ဆင်ဖတ်ရှုပေးပါရန်။

**အထူးဈေးနှုန်းဖြင့် မြေကွက်ကျယ်အမြန်ရောင်းမည်**
**(ကိုဗစ်အလွန် အိမ်တော်လှလှဆောက်ကြပါစို့)**

၁။ တာမွေ၊ မေတ္တာညွန့်၊ စက်မှု၂လမ်း၊ (၅၀' x ၁၀၀')ပေ(ဂရံ)ယခင်ဈေး သိန်း(၅၈၀၀)၊ ယခုဈေး သိန်း(၄၁၀၀)
၂။ လှိုင်သာယာ၊ ဒဂုံရောကားဝင်း၊ ဒဂုံရောပွဲရုံ၊ (၄၀' x၆၀')ပေ(ဂရံ) ယခင်ဈေးသိန်း (၂၀၀၀)၊ ယခုဈေး သိန်း(၁၆၀၀)
၃။ တာမွေ၊ သမိန်ပရမ်းလမ်း၊ အမှတ် ၂၆၊ မြေညီ၊ (၁၅' x ၆၀')ထပ်ခိုးပါ ၄၄ဝပါဝါမီတာပါ ယခင် (၂၄၀၀)သိန်း၊ ယခုဈေး (၁၉၅၀)သိန်း
**စိတ်ဝင်စားသူများ အမြန်ဆက်သွယ်ပါ။ဦးရာလူရမည်။ စုံစမ်းရန်- ၀၉၅၀၀၀၆၇၃၊ ၀၉၅၁၅၁၅၇၆၊ ၀၉၅၀၁၅၆၄၇**

## ဆံတော်ရှင်ကျိုက်သလွံစေတီတော်မြတ်ကြီး တင်ဒါခေါ်ယူရေးကော်မတီ (ဈေးပြိုင်)လေလံစနစ်ဖြင့် ခေါ်ယူခြင်း

မော်လမြိုင်မြို့၊ ဆံတော်ရှင်ကျိုက်သလွံစေတီတော်မြတ်ကြီးတွင် လုံးတော်ပြည့် ရွှေသင်္ကန်းတော်ကပ်လှူပူဇော်မည်ဖြစ်ပါ၍ **စေတီတော်မြတ်ကြီးနှင့် အရန်စေတီ(၃၄)ဆူတို့ကို ရွှေချမိုက်များ မိုက်ထုတ်ခြင်းလုပ်ငန်းကို** စိတ်ပါဝင်စားသူထံမှ (ဈေးပြိုင်) လေလံစနစ်ဖြင့် ခေါ်ယူမည်ဖြစ်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်ကို သိရှိလိုပါက မွန်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တင်ဒါကော်မတီအတွင်းရေးမှူး မော်လမြိုင်မြို့သို့ ရုံးချိန်အတွင်း ဖုန်းဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

(က) လေလံလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက် - ၁၆-၁၁-၂၀၂၀ရက်
(ခ) လေလံလျှောက်လွှာပိတ်မည့်ရက် - ၁-၁၂-၂၀၂၀ရက်
(ဂ) လေလံလျှောက်လွှာ ပိတ်မည့်အချိန် - ၁၆:၀၀နာရီ
(ဃ) လေလံရောင်းချမည့်နေရာ - မွန်ပြည်နယ် အစိုးရအဖွဲ့ရုံး
(င) ဆက်သွယ်ရမည့်ဖုန်းနံပါတ် - ၀၉- ၅၃၁၂၅၈၉၊ ၀၅၇-၂၄၇၃၀

**တင်ဒါကော်မတီ**
**ကျိုက်သလွံစေတီတော်မြတ်ကြီး**
**မွန်ပြည်နယ်၊ မော်လမြိုင်မြို့**

## ဆံတော်ရှင်ကျိုက်သလွံစေတီတော်မြတ်ကြီး တင်ဒါခေါ်ယူရေးကော်မတီ (ဈေးပြိုင်)လေလံစနစ်ဖြင့် ခေါ်ယူခြင်း

မော်လမြိုင်မြို့၊ ဆံတော်ရှင်ကျိုက်သလွံစေတီတော်မြတ်ကြီးတွင် လုံးတော်ပြည့် ရွှေသင်္ကန်းတော်ကပ်လှူပူဇော်မည်ဖြစ်ပါ၍ စေတီတော်မြတ်ကြီးနှင့် အရန်စေတီ(၃၄)ဆူတို့ကို ရွှေဆိုင်းချမည်ဖြစ်ပါ၍ လိုအပ်သည့် ရွှေဆိုင်း (၂"x၂")ပတ်လည် အချပ်ရေ(၉၀၀၀)ချပ်ကို ဝယ်ယူမည်ဖြစ်သည့်အတွက် ရွှေဆိုင်းလုပ်ငန်းကို စိတ်ဝင်စားသူများထံမှ(ဈေးပြိုင်)လေလံစနစ်ဖြင့် ခေါ်ယူမည်ဖြစ်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်ကို သိရှိလိုပါက မွန်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တင်ဒါကော်မတီအတွင်းရေးမှူး မော်လမြိုင်မြို့သို့ ရုံးချိန်အတွင်း ဖုန်းဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

(က) လေလံလျှောက်လွှာ ပုံစံ စတင်ရောင်းချမည့်ရက် - ၁၆-၁၁-၂၀၂၀ရက်
(ခ) လေလံလျှောက်လွှာပိတ်မည့်ရက် - ၁-၁၂-၂၀၂၀ရက်
(ဂ) လေလံလျှောက်လွှာ ပိတ်မည့်အချိန် - ၁၆:၀၀နာရီ
(ဃ) လေလံရောင်းချမည့်နေရာ - မွန်ပြည်နယ် အစိုးရအဖွဲ့ရုံး
(င) ဆက်သွယ်ရမည့်ဖုန်းနံပါတ် - ၀၉- ၅၃၁၂၅၈၉ ၀၅၇-၂၄၇၃၀

**တင်ဒါကော်မတီ**
**ကျိုက်သလွံစေတီတော်မြတ်ကြီး**
**မွန်ပြည်နယ်၊ မော်လမြိုင်မြို့**

## ဧရာဝတီတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘဏ္ဍာငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြစိုက်သိပ္ပံတွင် (၁၇၃'x၃၂'x၂၁.၅') အရွယ်အစား RC (၂)ထပ် ကျောင်းသူကျောင်းသား အိပ်ဆောင်တစ်လုံးတည်ဆောက်လိုပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များသည် တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ၁၆-၁၁-၂၀၂၀ရက်မှ ၁၅-၁၂-၂၀၂၀ ရက်အထိ ရုံးချိန်အတွင်း Online စနစ်ဖြင့် ဝယ်ယူနိုင်ပြီး ၁၅-၁၂-၂၀၂၀ရက် ညနေ ၄နာရီ နောက်ဆုံးထားတင်သွင်းရန် အိတ်ဖွင့်တင်ဒါ ဖိတ်ခေါ်အပ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဧရာဝတီတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာနရုံး၊ ဖုန်း-၀၄၂-၂၄၁၁၄နှင့် ၀၄၂-၂၄၅၁၈ တို့ကို ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (ဆည်မြောင်း) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း ကြော်ငြာ

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန(ဆည်မြောင်း)၊ အုပ်ချုပ်မှုအောက်ရှိ နေပြည်တော်၊ မြို့ပတ်လမ်းဘေးရှိ မြေ(၂၅)ကေဝင်းအတွင်း(၆)ခန်းတွဲ(၄)ထပ် ဝန်ထမ်းအိမ်ရာ တည်ဆောက်ခြင်းလုပ်ငန်းကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) အိတ်ဖွင့်တင်ဒါပုံစံ ရောင်းချမည့်ရက် - ၁၈-၁၁-၂၀၂၀ရက်မှ ၁၅-၁၂-၂၀၂၀ရက်(ရုံးချိန်အတွင်း)
(ခ) အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် ရက်/အချိန် - ၁၅-၁၂-၂၀၂၀ရက် ညနေ ၁၆:၀၀နာရီ
(ဂ) အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်/အချိန် - ၁၆-၁၂-၂၀၂၀ရက် မွန်းလွဲ ၁၃:၀၀နာရီ
(ဃ) အိတ်ဖွင့်တင်ဒါပုံစံဝယ်ယူ/တင်သွင်း ရမည့်နေရာ - ရုံးအမှတ်(၄၃)၊ ဖြည့်တင်းရေးဌာနခွဲ(၁)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန(ရုံးချုပ်)၊နေပြည်တော်

၂။ သတ်မှတ်ရက်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၃။ အသေးစိတ်သိရှိလိုပါက ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန(ရုံးချုပ်)၊ ဖြည့်တင်းရေးဌာနခွဲ(၁)၊ ဖုန်း- ၀၆၇-၄၁၀၃၁၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နိုင်ငံတော် သမ္မတရုံးတွင် လိုအပ်သော Refrigerator 2 Door, Smart TV, ဘယ်ဂျီယံကော်ဇော၊ လျှောက်လမ်းကော်ဇောနှင့် UV လိုက်ကာ တပ်ဆင်ခြင်းများအတွက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူဆောင်ရွက်မည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။။
၂။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် သတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-
(က) တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် - ၁၃-၁၁-၂၀၂၀ရက် (သောကြာနေ့)
(ခ) တင်ဒါလျှောက်လွှာ အရောင်းပိတ်မည့်ရက် - ၃၀-၁၁-၂၀၂၀ရက်(တနင်္လာနေ့)
(ဂ) တင်ဒါတင်သွင်းရမည့်နေရာ - ရုံးအမှတ် (၁၈)၊ နေပြည်တော်
(ဃ) တင်ဒါဖွင့်ဖောက်မည့်ရက်နှင့် အချိန် - ၁၄-၁၂-၂၀၂၀ရက်(တနင်္လာနေ့) မွန်းလွဲ ၁၃: ၀၀နာရီ
၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း- ၀၆၇- ၃၄၀၉၁၁၆ နှင့် ၀၆၇-၃၄၀၉၅၉၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**နိုင်ငံတော်သမ္မတရုံး**
**ရုံးအမှတ်(၁၈)၊ နေပြည်တော်**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ အမှတ်(၄) ဓာတ်မြေဩဇာစက်ရုံ (မြောင်းတကာ)မှ ယူရီးယားဓာတ်မြေဩဇာများကို တင်ဒါခေါ်ယူရောင်းချမည်ဖြစ်၍ မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ် ၄၄၊ နေပြည်တော်တွင် အဆိုပြုလွှာ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စက်ရုံ | ပမာဏ (တန်) | တင်ဒါပိတ်ချိန် | | တင်ဒါဖွင့်ချိန် | |
|---|---|---|---|---|---|
| | | နေ့ရက် | နာရီ | နေ့ရက် | နာရီ |
| အမှတ်(၄)ဓာတ် | ၃၀၀၀ | ၁၅-၁၂-၂၀၂၀ | ၁၂:၀၀ | ၁၅-၁၂-၂၀၂၀ | ၁၄:၀၀ |
| မြေဩဇာစက်ရုံ | ၃၀၀၀ | ၂၂-၁၂-၂၀၂၀ | ၁၂:၀၀ | ၂၂-၁၂-၂၀၂၀ | ၁၄:၀၀ |
| (မြောင်းတကာ) | ၃၀၀၀ | ၂၉-၁၂-၂၀၂၀၂ | ၁၂:၀၀ | ၂၉-၁၂-၂၀၂၀ | ၁၄:၀၀ |

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များအား (၁)လကြိုတင်၍ ဤလုပ်ငန်းရုံးချုပ် (ဘဏ္ဍာရေးဌာန)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါ သည်။
၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း- ၀၆၇-၃၄၁၁၀၈၂၊ ၀၆၇-၃၄၁၁၀၉၄ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကချင်ပြည်နယ်၊ စိုက်ပျိုးရေးဦးစီးဌာန (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် (ပြည်ထောင်စုရန်ပုံငွေ) ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် အောက်ပါလုပ်ငန်းများကို အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်-

(၁) (၆၀'x၄၀'x၂၀') RC (၂)ခန်းတွဲ (၂)ထပ် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်း (ရေချိုးခန်း၊ အိမ်သာ၊ ရေမီး၊ အဝီစိတွင်းတူးခြင်း၊ Ground Tank အပါအဝင်) — ကချင်ပြည်နယ် မိုးညှင်းမြို့နယ်

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းရက် - ၁၁-၁၁-၂၀၂၀ရက်မှ၁၁-၁၂-၂၀၂၀ရက်အထိ (ရုံးချိန်အတွင်း)
၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ - ပြည်နယ်ဦးစီးမှူးရုံး၊ စိုက်ပျိုးရေးဦးစီးဌာန၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ မြန်မာ့စီးပွားရေးဘဏ်ရှေ့
၄။ သတ်မှတ်ရက်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ ၁၁-၁၂-၂၀၂၀ရက်၊ ၁၆:၃၀နာရီအထိ
၅။ အသေးစိတ်သိရှိလိုပါက ကချင်ပြည်နယ်၊ စိုက်ပျိုးရေးဦးစီးဌာန၊ ပြည်နယ်ဦးစီးရုံး ဖုန်း-၀၇၄-၂၅၂၂၃၁၂၊ ၀၇၄-၂၅၂၂၈၅၁ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ရှင်စောပုရပ်ကွက်၊ သုခမိန်လမ်း၊ တိုက်အမှတ်(၂၁)၊ (၃-ဘီ)၊ ဒုတိယထပ်၊(ခြေရင်းခန်း)၊ (၂၅ x ၅၀) ပေအကျယ်ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်ကို အရောင်းအဝယ်ပြုလုပ်ခြင်းအပေါ် ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ပိုင်ဆိုင်ကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိ ပြုသူ ဒေါ်သန္တာနှင်း ၁၂/ရကန(နိုင်)၀၀၃၄၅၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်နှင်းဆီ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၄၁)**
**အမှတ် ၁၈၆/၂လွှာ၊ဗဟိုလမ်း၊ ကျွန်း/လယ်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊**
**ဖုန်း- ၀၉- ၇၉၄၄၆၇၁၆၅**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်းမကြီး၊ အမှတ် (၁၁၃)၊ (၆)ထပ်တိုက်၏ တတိယထပ်၊ (၄)လွှာ (ခြေရင်းခြမ်း)၊ (၁၅ပေ x ၅၂ပေ) အကျယ်ရှိ တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရောင်းချပိုင်ခွင့်ရှိသော ပိုင်ရှင် ဒေါ်ဆွေဆွေသန်း ၁၂/ကမရ(နိုင်)၀၀၄၂၁၁ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်မာသောစာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံလူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးပြတ်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်နှင်းဝေပိုင်**
**(LL.B, D.B.L, D.I.P.L)**
**အထက်တန်းရှေ့နေ (စဉ်-၅၁၇၃၂)**
**စိန်နဂါးအိမ်ရာ၊ (၉)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၅၄၀၇၁၇၈၊ ၀၉-၉၆၅၄၀၇၁၇၈**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးမျိုးလွင်အောင် ၁၂/ကတန(နိုင်)၁၇၆၅၇၈ ကိုင်ဆောင်ပြီး ခေတ္တ မလေးရှားနေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေး ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဦးမျိုးလွင်အောင်နှင့် ဒေါ်မေသူသူထွန်းတို့သည် ၂၀၀၆ ခုနှစ်မှစ၍ တရားဝင်လက်ထပ်ထိမ်းမြားခဲ့ရာ သားသမီးနှစ်ဦးထွန်းကားခဲ့ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ဦးမျိုးလွင်အောင်နှင့် ဒေါ်မေသူသူထွန်းတို့ ပေါင်းသင်းနေစဉ်ကာလတစ်လျှောက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ၁၆/၄ ရပ်ကွက်၊ သုမန ၂လမ်း၊ အမှတ် ၉၀၀၊ အလျား ၁၅x အနံ ၅၅ပေရှိ နေအိမ်တိုက်ခန်းတစ်ခန်းနှင့် ယာဉ်အမှတ် 1K /3363 TOYOTA WISH တို့ကို လက်ထပ်ပွား ပစ္စည်းအဖြစ်ပိုင်ဆိုင်ခဲ့ကြပါသည်။ ၇-၁၁-၂၀၂၀ရက်တွင် ဒေါ်မေသူသူထွန်းမှ ဦးမျိုးလွင်အောင်အား အကြောင်းကြားအသိပေးခြင်းမရှိဘဲ ၎င်း၏သဘောဆန္ဒအလျောက် သားမောင်ကျော်ကိုကိုဇင်(၁၂)နှစ်အရွယ်အား အမွေပြတ်စွန့်လွှတ်ကြောင်း မြန်မာ့အလင်းသတင်းစာတွင် ထည့်သွင်းပါရှိခဲ့ကြောင်း ကျွန်ုပ်၏မိတ်ဆွေပြောပြချက်များအရ သိရှိရပါသည်။ ထိုအကြောင်းအရာနှင့် ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေများ စိတ်သောကများစွာ ခံစားခဲ့ရပါသည်။ ကျွန်ုပ်၏မိတ်ဆွေနှင့် ဒေါ်မေသူသူထွန်းတို့သည် တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းလျက်ရှိပါသောကြောင့် ဒေါ်မေသူသူထွန်းမှ နောက်နောင်တွင် ကျွန်ုပ်မိတ်ဆွေ၏ သဘောတူခွင့်ပြုချက် တစ်စုံတစ်ရာမပါရှိဘဲ အရွယ်မရောက်သေးသည့် သားသမီးများအား စိတ်ထိခိုက်စေသော အပြုအမူမျိုးမပြုလုပ်ရန်နှင့် မည်သည့်လက်ထပ်ပွား ပစ္စည်းများကိုမျှရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ငှားရမ်းခြင်း၊ လှူဒါန်းခြင်း၊ အာမခံအဖြစ် တင်သွင်းထားခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းအပါအဝင် မပြုလုပ်ကြပါရန် အသိပေး အကြောင်းကြား အပ်ပါသည်။

အထက်ပါ တားမြစ်ချက်များအား လိုက်နာခြင်းမရှိပါက ဥပဒေနှင့် အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သန္တာဝင်း(LL.B,D.B.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၀၅၁)**
**ဖုန်း-၀၉- ၄၃၁၁၆၁၁၂**

**ဒေါ်ဝါဝါခိုင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၀၈၀၀)**
**ဖုန်း- ၀၉- ၆၉၂၂၅၄၈၄၀**

## ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပမည့် (၁၀၃)ကြိမ်မြောက် စေတိယင်္ဂဏပရိယတ္တိဓမ္မာနုဂ္ဂဟစာလျှောက်မေးပွဲ ကျင်းပပြုလုပ်မည့်ရက် ကြေညာခြင်း

၁။ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပမည့် (၁၀၃)ကြိမ်မြောက် စေတိယင်္ဂဏပရိယတ္တိဓမ္မာနုဂ္ဂဟစာလျှောက်မေးပွဲကို ၁၃၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက်(၁၂-၁၂-၂၀၂၀)ရက် စနေနေ့မှ နတ်တော်လဆန်း ၄ ရက်(၁၈-၁၂-၂၀၂၀)ရက် သောကြာနေ့အထိ ကျင်းပရန် စီစဉ်ဆောင်ရွက်ထားရှိပါသည်။ သို့ရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ သတ်မှတ်ရက်တွင် မကျင်းပနိုင်ပါက သင့်လျော်သည့်ရက်ကို ထပ်မံကြေညာကျင်းပသွားမည်ဖြစ်ပါသည်။

၂။ စာလျှောက်မေးပွဲ ဝင်ခွင့်ပုံစံများကို ယခင်နှစ်ပုံစံဟောင်းကိုမိတ္တူကူး၍ဖြစ်စေ၊ Board of Trustee of Shwedagon Pagoda ဖေ့(စ်)ဘုတ်စာမျက်နှာမှဖြစ်စေ ကူးယူဖြည့်သွင်းကာ ဂေါပကအဖွဲ့ရုံးသို့ တန်ဆောင်မုန်းလပြည့်နေ့(၂၉-၁၁-၂၀၂၀ ရက်)တနင်္ဂနွေနေ့တွင် နောက်ဆုံးထား၍ ပေးပို့တော်မူကြပါရန် လျှောက်ထားအပ်ပါသည်ဘုရား။

**ဆက်သွယ်ရန်ဖုန်း-၀၁-၃၇၁၀၈၉ ၊၀၁-၃၇၅၇၆၇**

**ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
### လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
### လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
### လျှောက်လွှာခေါ်ယူခြင်း
### ကြော်ငြာစာအမှတ် (၁/၂၀၂၀)
### ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ (၁၃) ရက်

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း လက်အောက်တွင် လစ်လပ်လျက်ရှိသော လစာနှုန်းကျပ် (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) တန်း၊ အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ)/ (စက်မှု)/ (လျှပ်စစ်) (၈၇) နေရာတို့အတွက် အောက်ဖော်ပြပါသတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ခန့်ထားမည့်ရာထူး | အနိမ့်ဆုံးရှိရမည့် ပညာအရည်အချင်း | ခန့်ထားမည့်ဦးရေ |
|---|---|---|---|
| (က) | အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ) | A.G.T.I(Civil) | အမျိုးသား(၃)ဦးနှင့် အမျိုးသမီး (၂)ဦး |
| ( ခ) | အငယ်တန်းအင်ဂျင်နီယာ-၂ (စက်မှု) | A.G.T.I(MP/MC/MT) | အမျိုးသား(၂၅)ဦးနှင့် အမျိုးသမီး (၁၄)ဦး |
| ( ဂ) | အငယ်တန်းအင်ဂျင်နီယာ-၂ (လျှပ်စစ်) | A.G.T.I(EP/EC) | အမျိုးသား(၂၈)ဦးနှင့် အမျိုးသမီး (၁၅)ဦး |

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
( ခ) (၃၁.၁၀.၂၀၂၀) ရက်နေ့တွင် အသက် (၃၀)နှစ်(ဝန်ထမ်းဖြစ်ပါက (၃၅)နှစ်) ထက် မကျော်လွန်သူဖြစ်ရမည်။
( ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
(ဃ) နေရာဒေသမရွေးသွားရောက် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ စာမေးပွဲဝင်ကြေးငွေကျပ် (၃၀၀၀/-) (ကျပ် သုံးထောင်တိတိ)ကို နီးစပ်ရာ မြန်မာ့စီးပွားရေးဘဏ်မှတစ်ဆင့် နေပြည်တော်၊ မြန်မာ့စီးပွားရေးဘဏ်ရှိ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ငွေစာရင်းအမှတ် (SEE-11405) နှင့် ရန်ကုန်မြို့ မြန်မာ့စီးပွားရေးဘဏ်ရှိ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ငွေစာရင်းအမှတ် (SEE-11457)တို့သို့ ပေးသွင်းရမည်ဖြစ်ပါသည်။

၄။ လျှောက်လွှာကို (၁၀-၁၂-၂၀၂၀) ရက်နေ့ နောက်ဆုံးထား၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ Website www.moee.gov.mm တွင် ရယူပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်သို့စာတိုက်မှ အမြန်ချောပို့ဖြင့် ပေးပို့လျှောက်ထားရမည်။ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည် မဟုတ်ပါ။

၅။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များကို ပူးတွဲပေးပို့ရမည် ဖြစ်ပါသည် -
(က) ဝင်ကြေးငွေပေးသွင်းသည့် ချလန်မူရင်း
( ခ) ဘွဲ့လက်မှတ်/ ဒီပလိုမာအောင်လက်မှတ်(မိတ္တူ) (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)
( ဂ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် (သို့မဟုတ်) အခြေခံပညာအထက်တန်းအောင်လက်မှတ်(မိတ္တူ) (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)
(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)
( င) လွန်ခဲ့သော (၁)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံအပို (၂)ပုံ
( စ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြား (မိတ္တူ)နှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းထောက်ခံချက်
(ဆ) လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး လုပ်ငန်းတွင် ခန့်ထားခြင်းခံရပါက ဒေသမရွေးသွားရောက် တာဝန်ထမ်းဆောင်ပါမည်ဟု ကတိဝန်ခံချက်

၆။ နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် လျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့်ဌာန၊ ထောက်ခံချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် ခွင့်ပြုချက်ရယူပြီး လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ ပေးပို့ရမည်ဖြစ်ပြီး ကြိုတင်မိတ္တူ(၁)စောင်ကို (၁၀-၁၂-၂၀၂၀) ရက်နေ့ နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်ပါသည်။

၇။ ရေးဖြေစာမေးပွဲကို နေပြည်တော်၌ ကျင်းပပြုလုပ်မည်ဖြစ်ပြီး အင်္ဂလိပ်စာ ဘာသာရပ်နှင့် အင်ဂျင်နီယာဘာသာရပ်တို့ကို ဖြေဆိုရမည်။

၈။ ဖြေဆိုခွင့်ရရှိသူ စာရင်းနှင့်ရေးဖြေစာမေးပွဲကျင်းပပြုလုပ်မည့် ရက်၊ အချိန်၊ နေရာများကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန Website www.moee.gov.mm တွင် ကြေညာပါမည်။

၉။ ရွေးချယ်ခြင်းခံရပါက လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းတွင် အနည်းဆုံး (၅)နှစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိပြု ချုပ်ဆိုရမည်ဖြစ်သည်။ စာချုပ်စည်းကမ်းဖောက်ဖျက်ပါက ငွေကျပ် (၁,၀၀၀,၀၀၀/-) (ကျပ်တစ်ဆယ်သိန်းတိတိ)ကို ပေးလျော်ရမည်ဖြစ်ပါသည်။

၁၀။ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းအချက်အလက် မပြည့်စုံသူများနှင့် သတ်မှတ်ရက်ထက်နောက်ကျသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၁။ အသေးစိတ်သိရှိလိုပါက လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်ရှိ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ စီမံခန့်ခွဲရေးဌာနသို့ တယ်လီဖုန်းအမှတ် (၀၆၇ - ၈၁၀၄၂၆၇၊ ၀၆၇-၈၁၀၄၃၂၇) သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

## အရှင်ဘဒ္ဒန္တဉာဏစက္က၏ ဗိမာန်တော်ပုံ



ကျေးဇူးတော်ရှင် အရှင်ဘဒ္ဒန္တဉာဏစက္က၏ ရုပ်ကလာပ်တော်စံပျော်မည့် ဗိမာန်တော်ကြီးအား တည်ဆောက်ရန်အတွက် ကျောင်းတိုက်ပေါင်းစုံ ဗုဒ္ဓသာသနာ့ချီးမြှောက်ပူဇော်ရေးအဖွဲ့၏ တာဝန်လွှဲအပ်ချက်အရ စေတနာရှင် ဦးအောင်သာဇံ-ဒေါ်မအုံးမြင့်(ရန်ကုန်)မိသားစု၏ ဦးဆောင်မှုဖြင့် မဟာရုံစခန်းတွင် အချိန်ပြည့်နေထိုင်လျက် ကြီးမားခိုင်ခံ့သော ဗိမာန်တော်ကြီးအား တည်ဆောက်နေပြီး ပုံတော်ပါအတိုင်း (၃၅ %) ခန့် ပြီးစီးနေပြီဖြစ်ပါသည်။ ကျေးဇူးတော်ရှင် အရှင်ဘဒ္ဒန္တဉာဏစက္က၏ ရုပ်ကလာပ်တော်မှာ (၃)နှစ် နီးပါးခန့်ကြာသည့်တိုင်အောင် မူလပကတိအတိုင်း အသားအရေ ဝင်းဝါစိုပြည်လျက် အိပ်စက်နားနေသည့် အသွင်သဏ္ဌာန်ရှိနေပါသည်။

ဗိမာန်တော်ကြီးအတွက် နယ်ပေါင်းစုံမှ ဒါယကာ၊ ဒါယိကာမများ၏ အလှူငွေများကို စစ်တွေမြို့ရှိ မြန်မာ့ရှေ့ဆောင်ဘဏ် ငွေစုစာအုပ်အမှတ်-0360132036004296023 သို့ တိုက်ရိုက် လှူဒါန်းခြင်းဖြင့်ဖြစ်စေ၊ သက်ဆိုင်ရာကျောင်းတိုက်တာဝန်ခံများမှ တစ်ဆင့်ဖြစ်စေ ဦးအောင်သာဇံ ဖုန်း-၀၉-၅၁၁၅၃၁၂ နှင့် ၀၉-၇၉၉၅၇၇၂၈၈ သို့ တိုက်ရိုက်ဆက်သွယ်၍ဖြစ်စေ လှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

အလှူရှင်စာရင်းများအား မကြာမီသတင်းစာများမှ ကြေညာပေးပါမည်။ အလှူရှင်အသစ်များအတွက် ဖြတ်ပိုင်းနှင့်ဂုဏ်ပြုလွှာများပေးပို့ပါမည်။

**ကျောင်းတိုက်ပေါင်းစုံအဖွဲ့**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
### နေပြည်တော်စည်ပင်သာယာရေးကော်မတီ
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ငွေလုံးငွေရင်းအသုံးစရိတ်နှင့် နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေတို့ဖြင့် ဆောင်ရွက်မည့် လမ်း၊ တံတား၊ ရေမြောင်းလုပ်ငန်းများနှင့် Drainage System ရေးဆွဲခြင်းလုပ်ငန်းများ လုပ်ငန်း(၁၂)ခုနှင့်ပတ်သက်၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် မြန်မာနိုင်ငံသားတိုင်းရင်းသား လုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** | - | ၁၂-၁၁-၂၀၂၀ ရက် |
| **တင်ဒါပုံစံပိတ်မည့်ရက်** | - | ၁၁-၁၂-၂၀၂၀ ရက် ၁၆:၀၀ နာရီ |
| **တင်ဒါပေးသွင်းရမည့်နေရာ** | - | အင်ဂျင်နီယာဌာန(လမ်း/တံတား) နေပြည်တော်စည်ပင်သာယာရေး ကော်မတီ |

၂။ တင်ဒါပုံစံနှင့်အသေးစိတ်သိရှိလိုသည့် အချက်အလက်များအား ရုံးချိန်အတွင်း အောက်ဖော်ပါပြလိပ်စာတွင် မေးမြန်းစုံစမ်းဝယ်ယူနိုင်ပါသည်-

အင်ဂျင်နီယာဌာန(လမ်း/တံတား)၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ
ဖုန်း-၀၆၇-၄၃၂၀၃၇၊ ၀၉-၆၉၅၀၁၆၀၄၁

တင်ဒါကော်မတီ
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

### ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
### တောင်ကြီးမြို့နယ်တရားရုံးတော်၌
### ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် -၈၂

| | | |
|---|---|---|
| ဒေါ်ညို (၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဦးအောင်ကော်) | နှင့် | ၁။ ဦးကျော်စိန် |
| | | ၂။ ဒေါ်ခင်နွယ်ဝင်း |
| | | ၃။ ဒေါ်ယုယုနိုင် |
| | | ၄။ ဦးစိုင်းဇော်လတ် |
| | | ၅။ ဒေါ်မွန်ဇာဝင်း |
| (တရားလို) | | (တရားပြိုင်များ) |

တောင်ကြီးမြို့၊ ဟော်ကုန်းရပ်၊ စံပယ်ဖြူလမ်း၊ အမှတ် (၉၆)တွင် ယခင်နေထိုင်ခဲ့ကြသော (၂) တရားပြိုင် ဒေါ်ခင်နွယ်ဝင်း၊ (၃) တရားပြိုင် ဒေါ်ယုယုနိုင်၊ (၄)တရားပြိုင် ဦးစိုင်းဇော်လတ် (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဒေါ်ညို (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးအောင်ကော်)က ပဋိညာဉ်ပါစည်းကမ်းချက်များအတိုင်း လိုက်နာပေးစေလိုမှုလျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ်၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ကိုယ်စားလှယ်ရုံးအခွင့်ရရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၀ပြည့်နှစ် ဒီဇင်ဘာ ၂ ရက် (၁၃၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်အမှုနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၀ပြည့်နှစ် နိုဝင်ဘာ ၁၁ရက် တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခိုင်ခိုင်မိုး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**တောင်ကြီးမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ် လေးစုရပ်ကွက်၊ ရေတွင်းညီနောင်ရပ်နေ ကျွန်တော်ဦးစည်သူကျော်သည် NEW DAY အမည်တံဆိပ်ဖြင့် သောက်ရေသန့် ထုတ်လုပ်ရောင်းချမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတစ်ဝန်းတွင်ရှိသော သောက်ရေသန့်စက်ရုံများမှ အမည်တူရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက အသုံးပြုလိုသော အမှတ်တံဆိပ်အမည်ဖြင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ အမည်ထောက်ခံချက် ဆက်လက် လျှောက်ထားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးစည်သူကျော်**
**ဖုန်း-၀၉-၇၉၇၁၃၃၀၁၄**

### မွေးစာရင်း
### အမှန်ဖြစ်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ တံတားမြို့(ခွဲ)၊ပုတ္တလုတ်ကျေးရွာနေ ဦးသန်းဆွေ ၁၂/ကတန(နိုင်)၀၂၆၀၂၉ ၏သမီး ဒေါ်ဖြိုးမြင့်သူ ၁၂/သလန(နိုင်)၁၂၆၈၆၁ ၏မွေးသက္ကရာဇ်မှာ ၄-၄-၁၉၉၁ ဖြစ်ပါကြောင်း။

ဒေါ်ဖြိုးမြင့်သူ

### သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ကျောင်းတက်လမ်းရပ်ကွက်၊ ကုန်သည်လမ်း၊ (ကသ-၂၆၅)နေ (ဦးစိန်မောင်)၊ဒေါ်စန်းစန်းဝင်း(၁၁/စတန(နိုင်)၀၄၁၃၁၀)၏သား ဦးမင်းမင်းနိုင်သည် မိခင်၏ဆိုဆုံးမမှုကို မနာခံသည့်အပြင်၊ မိခင်နှင့်ညီအစ်ကိုမောင်နှမများအား ဂုဏ်သိက္ခာကျဆင်းအောင်ပြုလုပ်ခြင်း၊ မိခင်အပေါ်ကိုယ်ထိလက်ရောက်ကျူးလွန်သည်အထိ သည်းခံခွင့်မလွှတ်နိုင်သောကိစ္စရပ်များ အကြိမ်ကြိမ်ကျူးလွန်ခြင်း၊ ဆောင်ရွက်နေပါသဖြင့် အမွေစားအမွေခံ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော ကိစ္စအရပ်ရပ်ကို ယနေ့မှစ၍ လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စန်းစန်းဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမောင်ကျော့(L.LB)၊ တရားလွှတ်တော်ရှေ့နေ၊ ၇၃၂၈ (၈-၂-၂၀၁၅)**
**အမှတ် (၁၅)၊ မြတ်လေးလမ်း၊ အမှုထမ်းရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း - ၀၉ ၄၂၀၂၃၈၄၇၉၊ ၀၉ ၇၆၄၈၈၃၃၁၀**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

## အထူးကျေးဇူးတင်ရှိခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးအုန်းကြိုင် (ဟံသာဝတီ ဦးအုန်းကြိုင်)

**အသက် (၉၃) နှစ်**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ၆/၉ ရပ်ကွက်၊ ပင်းယပန်းခြံ၊ ပင်းယလမ်း၊ အမှတ် (၂၃၄-က) နေ (ဒေါ်မြတုတ်)၏ ချစ်လှစွာသောခင်ပွန်း၊ မိသားစု၏ အနန္တဂုဏ်အင်ကျေးဇူးရှင်ဖခင်ကြီး၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ၊ အာဆီယံသတင်းမီဒီယာကောင်စီကွန်ရက် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်းနှင့် မြန်မာနိုင်ငံစာရေးဆရာအသင်းတို့၏ ကန်တော့ခံသက်ကြီးပညာရှင်၊ ဝါရင့်သတင်းစာဆရာကြီး၊ သတင်းထူးချွန်ရွှေကလောင်ဆု (၁၉၅၄၊ ၁၉၆၀) အမျိုးသားသတင်းဆု (သတင်းသူရဲကောင်းဆု) (၂၀၁၇) ရ ဦးအုန်းကြိုင် (ဟံသာဝတီ ဦးအုန်းကြိုင်) သည် ၂၃.၁၀.၂၀၂၀ ရက် (သောကြာနေ့) ညနေ (၃:၂၅) နာရီတွင်၊ ရန်ကုန်မြို့တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀)၌ အူမကြီး ပေါက်ခြင်း (ခွဲစိတ်ပြီး) နှင့် ၎င်းကြောင့်သွေးဆိပ်ပျံ့နှံ့ပြီး ကိုယ်တွင်းအင်္ဂါများပျက်စီးခြင်း (Colonic Perforation (opted) with Septicemia and multi-organ dysfunction) ရောဂါဖြင့် သူမြတ်နိုးသောသတင်းစာဆရာဘဝနှင့် သတင်းမီဒီယာလောကကို စွန့်ခွာ၍ ကောင်းရာသုဂတိမြင့်မြတ်သောဘုံဘဝသို့ ကူးပြောင်းသွားခဲ့ပြီဖြစ်ပါသည်။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ကွယ်လွန်သူ ဟံသာဝတီ ဦးအုန်းကြိုင်အား ရည်စူး၍ ပင့်သံဃာတော် အရှင်သူမြတ်တို့အား လှူဒါန်းရန် သင်္ကန်းပရိက္ခရာစုံ၊ ခြင်းများပေးပို့ခဲ့ပါသော နိုင်ငံတော်သမ္မတကြီး ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုအားလည်းကောင်း၊ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြောင်းသဝဏ်လွှာနှင့်အတူ သင်္ကန်းများပေးပို့ခဲ့ပါသော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် အမေဒေါ်အောင်ဆန်းစုကြည်အားလည်းကောင်း၊ ဖခင်ကြီးဆေးရုံစတက်သည်မှ ကွယ်လွန်သည်အထိတာဝန်ယူညွှန်ကြားကုသပေးမှုနှင့်အတူ သတင်းစာတွင် မိသားစုနှင့်ထပ်တူထပ်မျှ ကြေကွဲကြောင်း ကြော်ငြာထည့်ပေးကာ စာနာနှစ်သိမ့်မှုပေးခဲ့ပါသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တို့အားလည်းကောင်း၊ ဆေးရုံအဆင့်ဆင့်ပြောင်းကာ ဆေးကုသမှုခံယူရာတွင် အခက်အခဲမရှိစေရန် လိုအပ်သမျှ ကူညီပေးခဲ့ပါသော ဗိုလ်မှူးချုပ်ဇော်မင်းထွန်း အားလည်းကောင်း၊ မိဘရင်းသဖွယ် အထူးဂရုစိုက်ကြိုးစားကုသ ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ကြပါသော တပ်မတော်အသည်းဆေးရုံကြီးနှင့် တပ်မတော် ခုတင် (၁၀၀၀) ဆေးရုံကြီးတို့မှ တပ်မှူးများ၊ သမားတော်ကြီးများ၊ အရာရှိအရာခံ စစ်သည်ဆရာဝန်များ၊ သူနာပြုများနှင့် ဆေးဝန်ထမ်းများအားလည်းကောင်း၊ ဆေးရုံပေါ်တွင်သာမက အိမ်တိုင်ရာရောက် ကိုယ်တိုင်လာရောက်၍ အားပေးစကားပြောကြားကာ သင်္ကန်းများနှင့် နာရေးကူငွေပေးပါသော ရန်ကုန်တိုင်း တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေအားလည်းကောင်း၊ မကွယ်လွန်မီ တယ်လီဖုန်းဖြင့် အားပေးစကားပြောကြားပေးပါသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့်အဖွဲ့အားလည်းကောင်း၊ လွမ်းသူ့ပန်းခွေနှင့် ပန်းခြင်းများပေးပို့ရုံမက သတင်းစာတွင် ဝမ်းနည်းကြေကွဲကြောင်း ကြော်ငြာထည့်ပေးခဲ့ပါသော ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ဝန်ထမ်းမိသားစုများနှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှဒုတိယဥက္ကဋ္ဌများ၊အတွင်းရေးမှူးအဖွဲ့၊ ကောင်စီဝင်များနှင့်ရုံးအဖွဲ့တို့အားလည်းကောင်း၊ ဆေးရုံပေါ်တွင် သက်ရှိထင်ရှားရှိစဉ် ဖုန်းဆက်၍ အားပေးစကားပြောပေးရုံမျှမက ကွယ်လွန်ချိန်တွင် ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့ပါသော ဗြိတိန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စွာမင်းအားလည်းကောင်း၊ လွမ်းသူ့ပန်းခွေနှင့် ပန်းခြင်းများပေးပို့ကြပါသော UNESCO, DW Akademie, IMS၊ ဆကရ (၁/၁၀၀၀) တပ်မှူးနှင့် အရာရှိ အရာခံစစ်သည်များ၊ တပ်မတော် အသည်းဆေးရုံကြီးတပ်မှူးနှင့် အရာရှိ အရာခံစစ်သည်များ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မြို့နယ်အလုပ် အမှုဆောင်အဖွဲ့၊ ရွှေပြည်သာမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရန်အောင်မင်း၊ ရွှေပြည်သာမြို့နယ် စာရေးဆရာအသင်း၊ UMA အသင်းနာယကများ၊ ကရင်ပြည်နယ် MJA ဥက္ကဋ္ဌ ဦးထွန်းထွန်းဦး၊ မြဝတီမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌနှင့် အသင်းသားများအားလည်းကောင်း၊ ဓမ္မဝီရဂျာနယ်တိုက်ပိုင်ရှင် ဗိုလ်မှူးကြီး တင်စိုးနှင့် ဦးကိုကိုကြီး (တောင်ကြီး) တို့အားလည်းကောင်း၊ ဂူသွင်းရန် မြေနေရာကူညီမှုပေးခဲ့ပါသော ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် ဦးကျော်စိုးမိုးတို့အားလည်းကောင်း၊ မေတ္တာဖြင့် မှတ်တမ်းဗီဒီယိုရိုက်ကူးပေးပါသော မြဝတီရုပ်မြင်သံကြားအားလည်းကောင်း၊ ကွယ်လွန်သူ ဟံသာဝတီ ဦးအုန်းကြိုင်၏ သတင်းမီဒီယာဆိုင်ရာ ဆောင်ရွက်ခဲ့မှု မှတ်တမ်းများနှင့် Profile တို့ကို အမှတ်တရ ဂုဏ်ပြုမှတ်တမ်းတင် ထုတ်လွှင့်ပေးခဲ့ကြပါသော MRTV၊ မြဝတီရုပ်သံ၊ Skynet ၊ BBC၊ VOA အသံလွှင့်ဌာန အသီးသီးတို့အားလည်းကောင်း၊ ဝါရင့်သတင်းစာဆရာကြီး ဟံသာဝတီဦးအုန်းကြိုင် သူမြတ်နိုးသော သတင်းမီဒီယာလောကကို အပြီးတိုင်နှုတ်ဆက်ကျောခိုင်း ထွက်ခွာသွားပြီဖြစ်ကြောင်း ရေးသားဖော်ပြခဲ့သော ကြေးမုံသတင်းစာ၊ မြန်မာ့အလင်း၊ မြဝတီ၊ Daily Eleven ၊ 7 Day News အစရှိသည့် နေ့စဉ်ထုတ် သတင်းစာများအားလည်းကောင်း။

ထပ်တူဝမ်းနည်းပူဆွေးကြောင်းစာများ (Letter of Condolence) ပေးပို့ကြပါသော
Ms. Min Jeong Kim (Head Office, UNESCO Myanmar)၊ David Lian (DW Akademie Myanmar)၊
Mr. Kishor Shrestha (Chairman of Press Council Nepal) ၊
Mr. Mohammad Nuh (Chair Person of Southeast Asian Press Councils-Net) & (Chair Person of Indonesian Press Council)၊
Mr. Chavarong Limpattamapanee (Chairman of National Press Council of Thailand) နှင့် နိုင်ငံခြားအဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များအားလည်းကောင်း၊

လူကိုယ်တိုင် မလာရောက်နိုင်ကြသော်လည်း တယ်လီဖုန်း၊ Facebook, E-mail, Messenger, Viber စသည့် Social Media များမှတစ်ဆင့် ဝမ်းနည်းကြောင်းနှင့် အားပေးနှစ်သိမ့်မှုပေးခဲ့ကြပါသော ပြည်တွင်းပြည်ပနှင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားလုံးတို့အား အထူးကျေးဇူးတင်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးကျော်ဇောဝေ

## အသက် (၉၃) နှစ်

Your Excellency Service Co.,Ltd. မှ Director ဦးဝင်းထွန်း - Documentation Manager ဒေါ်နှင်းဝေလွင် တို့၏ ကျေးဇူးရှင်ဖခင်ကြီးသည်(၁၁-၁၁-၂၀၂၀) (ဗုဒ္ဓဟူးနေ့) တွင် ကွယ်လွန် သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်း ကြေကွဲရပါသည်။

ဒါရိုက်တာများ နှင့် Y.E.S ဝန်ထမ်းမိသားစုဝင်များ

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ခင်ခင်ပြုံး

**အသက် (၆၉)နှစ်**

မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးသိန်းထွန်း(ခ)ဦးထွန်းထွန်း(မင်္ဂလာသန်းဆီစက်)၏ ချစ်လှစွာသောဇနီး ဒေါ်ခင်ခင် ပြုံး(သူနာပြုအုပ်-ငြိမ်း၊ မင်္ဂလာသန်းဆီစက်) အသက် (၆၉)နှစ်သည် ၁၁-၁၁-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း**

---

## သင့်သွေးဖြင့် အသက်ကယ်ပါ

---

## ဒေါ်ညိုညို

**ညွှန်ကြားရေးမှူး(ငြိမ်း)စာရင်းစစ်ချုပ်ရုံး**

**အသက် (၈၀)**

ပုဂံညောင်ဦးမြို့နေ နယ်ပိုင်ဝန်ထောက်(ဦးဆင့်-ဒေါ်နုနု)တို့၏ သတ္တမသမီး၊ (ဦးလှသွင်)-ဒေါ်ကြည်ကြည်စိန်၊ (ဦးအေးလွင်)-ဒေါ်သိန်းနု၊ (ဦးခင်မောင်အောင်)-ဒေါ်မြင့်မြင့်၊ (ဦးတင်စိန်-ဒေါ်ရီရီဆွေ)၊ (ဦးတင်ထွေး)-ဒေါ်သန်းနု၊ ဦးအေးကို-ဒေါ်ကြူကြူတို့၏ ညီမ၊ (ဦးတင်မောင်ဝင်း-ဒေါ်မြမြဝင်း)၊ (ဦးတင့်ဆွေ)တို့၏အစ်မ၊ တူ၊ တူမ ၂၅ ယောက်တို့၏အဒေါ်သည် ၁၁-၁၁-၂၀၂၀ရက် ညနေ ၆:၃၀နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ရှစ်မိုင်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၁၁-၂၀၂၀ရက် နံနက် ၉:၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးစိုးနောင်

**စာတည်းမှူးချုပ်(ငြိမ်း) The New Light of Myanmar**

**အသက်(၈၁)နှစ်**

ဒေါက်တာ အောင်နိုင်စိုး(တာဝန်ခံ ပါမောက္ခချုပ်၊ မန္တလေးအဝေးသင်တက္ကသိုလ်)-ဒေါက်တာ မြတ်သူဇာစိုး (ညွှန်/မှူး၊ ဘွဲ့လွန်အသုံးချဘူမိဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)တို့၏ဖခင် ဦးစိုးနောင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ရက္ခဗေဒဌာန၊ မန္တလေး အဝေးသင်တက္ကသိုလ်**

---

## ဦးစောထွန်း

**စက်ရုံခွဲမှူး(ငြိမ်း)၊ ရော်ဘာပစ္စည်းစက်ရုံ(သဃ်န်းကျွန်းမြို့နယ်)**

**စက်မှုဝန်ကြီးဌာန**

**အသက်(၇၃)နှစ်**

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ မုရစ်ကလေးကျေးရွာနေ (ဦးခွေး-ဒေါ်လှကျင်)တို့၏သား၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်နေ(ဦးပန်းညွန့်-ဒေါ်ရင်ငွေ)တို့၏ သားသမက်၊ ဒေါ်စောနွဲ့-ဦးဝင်းယု၊ ဒေါ်စောသန်း-ဦးရွှေအေး၊ ဦးစောတင့်-ဒေါ်ဇင်မာဦး တို့၏အစ်ကိုကြီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဗိုလ်ဗထူးလမ်းနေ ဒေါ်သန်းအေး၏ချစ်လှစွာသောခင်ပွန်း၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်နေ ဒေါ်စောမျိုးမျိုးဦး-ဒေါက်တာ အောင်ကျော်သူ(ညွှန်ကြားရေးမှူး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)တို့၏ဖခင်၊ မောင်သွင်ထူး ကျော်၊ မောင်အေးကျော်သူတို့၏အဘိုးသည် ၁၁-၁၁-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၆:၃၅နာရီတွင် မြောက်ဥက္ကလာပမြို့နယ်၊ ချမ်းမြေ့အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၁၁-၂၀၂၀ ရက် (သောကြာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးစောထွန်း

**စက်ရုံခွဲမှူး(ငြိမ်း)၊ ရော်ဘာပစ္စည်းစက်ရုံ(သဃ်န်းကျွန်းမြို့နယ်)၊**

**စက်မှုဝန်ကြီးဌာန**

**အသက် (၇၃)နှစ်**

နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာဦးစီးဌာန၊ တောင်နှင့်အနောက်အာရှဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာ အောင်ကျော်သူ-ဒေါ်စောမျိုးမျိုးဦး၏ချစ်လှစွာသောဖခင်၊ မောင်သွင်ထူးကျော်နှင့် မောင်အေးကျော်သူတို့၏ ချစ်လှစွာသောအဘိုး ဦးစောထွန်း သည် ၁၁-၁၁-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တောင်နှင့် အနောက်အာရှဌာန ဝန်ထမ်းများ**
**နိုင်ငံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာ ဥမ္မာမိုးမြင့်

**အသက် (၆၃)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်း၊ အမှတ် (၈၂)နေ ဦးမိုးမြင့် (MPRL E & P Group of Companies)၏ ချစ်လှစွာသောဇနီး၊ ဦးစည်သူမိုးမြင့်၊ ဦးဖုန်းကျော်မိုးမြင့်တို့၏မိခင် ဒေါက်တာ ဥမ္မာမိုးမြင့်သည် ၉-၁၁-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာမြင့်ထွေး-ဇနီး ဒေါက်တာ နန်းခမ်းမိုင်**

---

## ရဟန်း၊ ကျောင်း ဒါယိကာမကြီး ဒေါ်လေးခင်ခင်

**အသက် (၆၃)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗိုလ်လရောင်လမ်း၊ အမှတ် (၂၅) နေ ဦးမောင်မောင်ခ၏ဇနီး၊ ဦးရန်ရှင်းမောင်မောင် (Project Engineer, Dawn Construction LTD) - ဒေါ်ရွှေဇင်ထွန်း (ကထိက၊ သန်လျင်နည်းပညာတက္ကသိုလ်)၊ ဒေါက်တာ ကျော်ဇောလင်း(လက်ထောက်ဆရာဝန်၊ အရိုး၊ ဘားအံပြည်သူ့ဆေးရုံကြီး - ဒေါက်တာစန္ဒာဝင်း(တတိယနှစ်၊ ဘွဲ့လွန်ကျောင်းသူအရေပြားရောဂါပညာဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)တို့၏မိခင်၊ မောင်မိုးမြင့်ထက်၊ မရှင်းအိမ့်သက်နှင်း၊ မောင်ခန့်မင်းကျော်တို့၏အဘွားသည် ၁၁-၁၁-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရားကျောင်း ဒါယိကာမကြီး**

## ဒေါ်အေးကြိုင် (မအူပင်)

**အသက်(၉၂)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ ဆင်ရေကန်လမ်း၊ အမှတ် ၄၅နေ (ဦးလှခိုင်-ဒေါ်ရွှေခြုံ)တို့၏သမီး၊ (ဦးကျော်အေး-ဒေါ်အေးမြိုင်)တို့၏သမီးချွေးမ၊ (ဦးအုန်းမောင်)၏ဇနီး၊ (ဦးရွှေလေး-ဒေါ်သန်း)၊ ဗိုလ်ကြီးမြညွှန့်(ငြိမ်း)-ဒေါ်ခင်ဖြူ(ဦးကျော်ရွှေ)-ဒေါ်ကြည်၊ (ဦးကျော်စိန်)-ဒေါ်အေးခိုင်၊(ဦးအေးကျော်)-ဒေါ်လှချစ်တို့၏အစ်မကြီး၊ ဦးသစ်လွင် -ဒေါ်ခင်စိုး၊ဦးထိန်ဝင်း-ဒေါ်လှငွေး၊ ဗိုလ်ကြီး နိုင်ဦး(ငြိမ်း)-ဒေါ်ဂင်အေး၊(ဦးဇော်ဦး)-ဒေါ်ကြူကြူ (ဦးစောကပေါ်စေး)-ဒေါ်ခင်ချိုချို (ဗိုလ်နိုင်မင်းဦး)၊ဦးမျိုးမြင့်-ဒေါ်စိုးစိုးမင်း (ခေတ္တ- စင်ကာပူ)တို့၏ မိခင်၊မြေး ၁၁ယောက်၊ မြစ်လေးယောက်တို့၏ဘွားဘွားကြီးသည် ၁၁-၁၁-၂၀၂၀ရက် ည ၁၁:၂၀နာရီတွင် နေအိမ်၌ ၉၆ ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၁-၂၀၂၀ရက်တွင် ထိန်ပင်သုသာန်၌မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးစိုးနောင်(ခ)စာရေးဆရာစိုးသီဟနောင်**

**စာတည်းမှူးချုပ်(အငြိမ်းစား)**

**The New Light Of Myanmar**

**မြန်မာ့သတင်းစဉ်(နိုင်ငံခြား)**

**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အင်းလျားလမ်း၊ ခြံအမှတ်(၈၁)နေ ဒေါက်တာ အောင်နိုင်စိုး (တာဝန်ခံပါမောက္ခချုပ်၊ မန္တလေးအဝေးသင်တက္ကသိုလ်)-ဒေါက်တာ မြတ်သူဇာစိုး (ညွှန်ကြားရေးမှူး၊ဘွဲ့လွန်အသုံးချဘူမိဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)၏ ချစ်လှစွာသောဖခင်သည် (၁၀-၁၁-၂၀၂၀)ရက်၊ အင်္ဂါနေ့ ည(၈:၃၀)နာရီတွင် ခုတင် (၅၀၀) အထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မန္တလေးအဝေးသင်တက္ကသိုလ်**
**မိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်အေးအေး အသက်(၇၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ဝန်ထမ်းကြီးရပ်ကွက်၊ အမှတ် (၃၀/၇၃)နေ ဦးမောင်ကို (အထွေထွေ မန်နေဂျာ-ငြိမ်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း)၏ ချစ်လှစွာသောဇနီး၊ဦးကျော်ဟိန်း-ဒေါ်တင်မာထွန်း၊ဦးတင်ထွဋ်ဦး (ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)-ဒေါ်ဥမ္မာဟိန်း၊ ဦးမျိုးဟိန်း-ဒေါ်အေးမြတ်နန္ဒာ၊ ဦးကျော်မင်းညို-ဒေါ်နီလာဟိန်းတို့၏မိခင် ဒေါ်အေးအေးသည် ၁၁-၁၁-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမျိုးတင့်ထွန်း(ဒုတိယ အမြဲတမ်းအတွင်းဝန်)-ဒေါ်နိုင်နိုင်လင်း**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးစောထွန်း

**စက်ရုံခွဲမှူး(ငြိမ်း)၊ ရော်ဘာပစ္စည်းစက်ရုံ(သဃ်န်းကျွန်းမြို့နယ်)**

**စက်မှုဝန်ကြီးဌာန**

**အသက်(၇၃)နှစ်**

နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာ အောင်ကျော်သူ-ဒေါ်စောမျိုးမျိုးဦး တို့၏ဖခင် ဦးစောထွန်းသည် ၁၁-၁၁-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) ညပိုင်းတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်**
**ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ထမ်းများ**
**နိုင်ငံရေးရာဦးစီးဌာန**
**နိုင်ငံခြားရေးဝန်ကြီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ဘတ်သာအန်ထော်နီ

**အသက် (၇၇)နှစ်**

(ဦးအန်ထော်နီ)၏ဇနီး၊ ဦးမောင်မောင်၊ ဒေါ်မာလာ၊ ဦးစိန်ထွန်း (General Manager Shwe Ayer Nadi Ltd.)၊ ဒေါ်ဘေဘီတို့၏မိခင် ဒေါ်ဘတ်သာအန်ထော်နီသည် ၁၁-၁၁-၂၀၂၀ရက် ည ၁၁:၄၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးရဲလင်း(ဒါရိုက်တာ)နှင့် ဝန်ထမ်းမိသားစု**
**Diesel King Co.,Ltd.**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးဝေါတာကြည်(ခ)ဦးမြတ်စိုး

**အသက်(၇၁)နှစ်**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ ၁၉လမ်း(အပေါ်ဘလောက်)၊ အမှတ် ၉၉၊ ပထပ်နေ (ဦးဝမ်းကြည်-ဒေါ်ခင်အုန်းကြည်)တို့၏သား၊ (ဦးရောင်ဝါ)-ဒေါ်ရှုလွမ်တို့၏သားသမက်၊ ဒေါ်ဖြူဖြူဝင်း(ခ)မဖြူ၏ချစ်လှစွာသောခင်ပွန်း၊ သုဓမ္မမဏိဇောတရေ ဦးကိုကိုဇော်(ခ)ဦးဇွဲရန် နိုင်-ဒေါ်သူဇာနွယ်၊ ဦးဟိန်းလင်းဇော်-ဒေါ်စန်းဆွေဇင်နိုင်၊ မောင်အာကာဟိန်းမြတ်တို့၏ဖခင်၊ မခြူးထက်စံ(ခ)အိန်းအိန်းတို့၏အဘိုးသည် ၁၂-၁၁-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၆:၁၅နာရီတွင် ကွယ်လွန်သွားပါ ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲခြင်း**

**ဦးရှိန်မြင့်**

**ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)MRCS**

**ဂုဏ်ထူးဆောင်ဦးစီးမှူး(ပထမတန်း)ရန်ကုန်တိုင်း**

**ဥက္ကဋ္ဌ၊ လူမှုကရုဏာအဖွဲ့(အင်းစိန်မြို့နယ်)**

**အသက်(၆၈)နှစ်**

မြန်မာနိုင်ငံကြက်ခြေနီအသင်း ရာသက်ပန်အသင်းဝင်သည် (၁၁-၁၁-၂၀၂၀) ရက် ဗုဒ္ဓဟူးနေ့ နံနက်(၆:၃၀)နာရီတွင်ကွယ်လွန်သွားကြောင်း ကြားသိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တိုင်းဒေသကြီးကြက်ခြေနီကြီးကြပ်မှုကော်မတီ**
**ရန်ကုန်တိုင်းဒေသကြီးကြက်ခြေနီသူနာပြုတပ်ဖွဲ့**
**ရန်ကုန်တိုင်းဒေသကြီးခရိုင်နှင့်**
**မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ**

# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် ( ၂၃၅ / ၂၀၂၀ )

၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်

(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၂ ရက်)

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄၉ (ခ)နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များ၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ ဖြစ်ကြောင်း ကြေညာလိုက်သည်-

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ |
|---|---|---|---|---|
| **ကချင်ပြည်နယ်** | | | | |
| (၁) | ဦးဝင်းနိုင် | ၁/မကတ(နိုင်)၀၀၄၈၀၉ | မိုးကောင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ကယားပြည်နယ်** | | | | |
| (၂) | ဒေါ်ခင်စန်းဝင်း(ခ) ဒေါ်စန်းစန်းမြင့် | ၂/လကန(နိုင်)၀၂၁၄၆၆ | လွိုင်ကော် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **စစ်ကိုင်းတိုင်းဒေသကြီး** | | | | |
| (၃) | ဦးဇော်အောင် | ၁၄/ဘကလ(နိုင်)၂၀၇၅၁၇ | ကောလင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄) | ဦးနေစိုးအောင် | ၅/အတန(နိုင်)၀၅၆၄၄၉ | ဝန်းသို | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **တနင်္သာရီတိုင်းဒေသကြီး** | | | | |
| (၅) | ဒေါ်တင်တင်ရီ | ၆/မအရ(နိုင်)၀၇၉၅၂၃ | ကျွန်းစု | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၆) | ဦးအောင်စိုးသူ | ၆/ရဖန(နိုင်)၀၅၈၇၈၃ | ရေဖြူ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၇) | ဦးအုန်းခင် | ၆/ပလန(နိုင်)၀၀၂၀၂၀ | ပုလော | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၈) | ဦးဥက္ကာမင်း | ၆/မမန(နိုင်)၁၁၄၉၄၂ | မြိတ် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ပဲခူးတိုင်းဒေသကြီး** | | | | |
| (၉) | ဒေါက်တာခင်စိုးစိုးကြည် | ၁၄/မမန(နိုင်)၀၀၈၂၃၂ | ပြည် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၀) | ဦးခင်အေး | ၇/နတလ(နိုင်)၀၀၆၆၀၁ | နတ်တလင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ရန်ကုန်တိုင်းဒေသကြီး** | | | | |
| (၁၁) | ဒေါ်ဖြူဖြူသင်း | ၁၂/ဥကတ(နိုင်)၁၀၈၈၅၀ | မင်္ဂလာတောင်ညွန့် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ဧရာဝတီတိုင်းဒေသကြီး** | | | | |
| (၁၂) | ဦးဝေလင်းအောင် | ၁၄/မမန(နိုင်)၂၆၆၃၁၇ | မြောင်းမြ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၃) | ဒေါ်သန္တာ | ၁၂/အစန(နိုင်)၁၅၇၀၈၂ | အိမ်မဲ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |

(ပုံ) လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စုများအား မိုင်းပန်မြို့၌ စတုတ္ထအကြိမ် ထောက်ပံ့ငွေများပေးအပ်

**မိုင်းပန် နိုဝင်ဘာ ၁၂**

ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင် မိုင်းပန်မြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးကာလအတွင်း ပုံမှန်ဝင်ငွေမရှိသည့် အိမ်ထောင်စုများအတွက် စတုတ္ထအကြိမ် ထောက်ပံ့ငွေပေးအပ်ခြင်းကို ယနေ့နံနက် ၇ နာရီမှ စတင်၍ တာဝန်ရှိသူများက ရပ်ကွက်နှင့် ကျေးရွာအုပ်စုများသို့ ကွင်းဆင်းထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလအတွင်း ပုံမှန်ဝင်ငွေမရှိသည့် အခြေခံလူတန်းစား

*စာမျက်နှာ ၄ ကော်လံ ၁* ◆




## ကိုဗစ် - ၁၉ အကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်

စာမျက်နှာ - ၁၆၊ ၁၇

## အင်းဝရဲ့ လွမ်းပုံပြင်

ရန်ကုန်တက္ကသိုလ်နှစ်တစ်ရာပြည့် အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး

စာမျက်နှာ - ၂၀




